# ဗုဒ္ဓဂုဏအလင်းပြ

ဝေဠုဝန်ဆရာတော်

မင်းလှမြို့ ဝေဠုဝန် ဆရာတော်၏

# ဝေ ဠု ဝ န

ထမင်းဈေး - ရန်ကုန်။

# ဗုဒ္ဓဂုဏ အလင်းပြ



* မဟာ ဗောဓိပင်နှင့် ဘုရားရှင်၏ ခွယ်တော် သမိုင်း။
* ဘုရားပေါင်းစုံ ဓါတ်ပေါင်းစုံနှင့် ဘုရားရှိခိုး ဂါထာများ။
* မင်းလှမြို့ ဝေဠုဝန် ဆရာတော်၏ထေရုပ္ပတ္တိ။

ဝေဠုဝန ဗုဒ္ဓဂုဏ အလင်းပြစာတမ်း ဓမ္မဒါန

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်(၈၂၈၁)

ပထမအကြိမ်။ ။ရိုက်နှိပ်ခြင်း

စာအုပ်ရေ။ ။၂၀၀၀ ခမ္မဒါန။

၁၃၃၇ ခု။ တဆောင်မုန်းလ။

၁၉၇၅ ခု။ နိုဝင်ဘာလ

ထုတ်ဝေသူ။ ။ဝေဠုဝန်ဆရာတော် ဦးပဏ္ဍိတ။
ကင်းလွတ်ခွင့်အမှတ် [၀၃၀၃၈] ဝေဠုဝန်
ကျောင်းတိုက်၊ မင်းလှမြို့၊ ပဲခူးတိုင်း။

ပုံနှိပ်သူ ။ ။ဒေါ်တီ [၀၁၂၆၁]မြဲ မျိုးညွန့် ပုံနှိပ်တိုက်
အမှတ် ၃၈၊ ၈၇-လမ်း ကန်တော်ကလေး၊
ရန်ကုန်မြို့။



ဗုဒ္ဓ သခင် ဘုရားရှင်၏ မြတ်စွယ်တော်ပုံ။



မင်းလှမြို့၊ အောင်စကြာ စေတီ (ခေါ်)
ဗွယ်တော်တိုက် (အတွင်းပုံ)

# အမှာ နိဒါန်း

၁၃၃၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ ညနေ ၆-နာရီကျော် အချိန် မင်းလှမြို့၊ ဝေဠုဝန်ကျောင်းတိုက်၊ ဝေဠုဝန်ဆရာတော် ၏ရှေ့မှောက်တွင် ရန်ကုန်မြို့မှ သခင်ဗဟန်၊ မင်းလှမြို့တွင်းမှ ဦးဘိုးချစ်နှင့် တကာရင်းအချို့ ရောက်ရှိနေကြသည်။

သခင်ဗဟန်မှာ ဆရာတော်၏ ညီအငယ်ဆုံးဖြစ်၍၊ နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း၊ ရန်ကုန်မှ လာရောက်ကာ ဆရာ တော်ကြီးအား ကန်တော့ဝတ်ပြုနေကြ ဥပုသ်စောင့်နေကြဖြစ် သည့်အတိုင်း ယခုနှစ်တွင်လည်း ရောက်ရှိနေခြင်းဖြစ်သည်။

ဦးဘိုးချစ်မှာ မင်းလှမြို့ စိန်ပုရွာ ကွယ်လွန်သူ ကျောင်းတကာ ကြီး၊ ဦးထွန်းပေါ် ဒေါ်ငွေဥတို့၏သားဖြစ်သည်၊ ကျောင်း တကာကြီး ဦးထွန်းပေါ် မိသားစုသည်၊ မင်းလှမြို့ စိန်ပုရွာ စိန်ပုတောရကျောင်းတွင် ဆရာတော် ဝါဆိုခဲ့စဉ်ကစ၍၊ ဆရာ ရင်း တကာရင်းများ ဖြစ်လာကြယုံမျှမက၊ ဦးဘိုးချစ်၊ ဦးအုန်း လွင်စသော သားသမီးများသည်လည်း တပည့်ရင်း၊ တကာရင်း များဖြစ်လာကြသည်။

# အမှာ နိဒါန်း

ဆရာတော်၏ ရွှေ့မှောက်သို့ အထက်ပါတကာအချို့ရောက် ရှိနေကြခြင်းမှာ ကျောင်းတွင် တနေ့လုံး ဥပုသ်သီတင်းစောင့် ထိန်းပြီးကြ၍ နေမဝင်မီ၊ ပြန်ကြရန် ကန်တော့ဝတ်ပြု ရောက်ရှိ ကြခြင်းဖြစ်သည်၊ ဆရာတော်အား ရှိခိုးကန်တော့ကြပြီးနောက် ဆရာတော်၏ ကျန်းမာရေးကို ခေတ္တမျှ မေးမြန်းလျှောက်ထား နေကြစဉ်၊ သခင်ဗဟန်က "ဆရာတော်မှာ သီလဂုဏ် သမာဓိ ဂုဏ်၊ ဘာဝနာဂုဏ်တို့ကြောင့် ယခုအခါ ကျန်းမာလျက်ရှိပါ သည်၊ သို့ရာတွင် ဆရာတော်၏သက်တော်မှာ ၇၀၊ ကျော်လာပြီ ဖြစ်၍၊ ဇယာဒုဗ္ဗလအရွယ်သို့ ရောက်ပြီဖြစ်ရာ နေ့ညမရွေး ခန္ဓာ နာမ်ရုပ်ကိုစွန့်ရတော့မည်ဖြစ်ပါသည်၊ဆရာတော်သည် ငယ်စဉ်က စ၍ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ရာ၊ ဝင်ရောက်ခဲ့သည့် အချိန်မှစ၍ တနေ့မပြတ် သာသနာ့လုပ်ငန်းများကို ဆောင်ရွက် ခဲ့ရာ၊ ယနေ့တိုင် ဖြစ်ပါသည်၊ ဆရာတော် ပြန်လွန်တော်မူက၊ ဆရာတော် ဆောင်ရွက်ခဲ့သောသာ သနာ့လုပ်ငန်းများနှင့် ဆရာ တော်၏သာသနာ့ထေရုပ္ပတ္တိကိုကျန်ရစ်သူတကာတကာမများသဒ္ဒါ ကြည်ညို ဖြစ်ကြရန်နှင့်လိုက်နာဆောင်ရွက်သင့်သည်တို့ကိုလိုက်နာ ဆောင်ရွက်ကြရန် လိုပါသည်။ သို့ အတွက် ဆရာတော်၏ ဆောင်ရွက်ခဲ့ချက်များနှင့် ထေရုပ္ပတ္တိကို ရေးသား မှတ်တမ်းတင် ထားရန် လိုမည် ထင်ပါကြောင်း၊ လျှောက် ထား လေသည်။ တကာ ဦးဘိုးချစ်နှင့် ကျန်တကာများကလည်း အဆိုပါလျှောက် ထားချက်ကို ထောက်ခံ လျှောက်ထားကြပြန်သည်။

# အမှာ နိဒါန်း

ထိုအခါ ဆရာတော်က "မင်းတို့ လိုအပ်သည်ထင်လျှင် ရေးသား မှတ်တမ်းတင်ကြ၊ ပုံနှိပ်လိုက ငါရေးသားပြုစုထားသည့် စွယ်တော် သမိုင်းပါတွဲ၍ ပုံနှိပ်နိုင်သည်၊ အကူအညီ လိုလျှင် ရန်ကုန်မှာ မင်းတို့ညီ မောင်အုန်းလွင် အရှိသားဘဲ" ဟု အမိန့်ရှိလေသည်။

ဆရာတော်၏ မိန့်မှာချက်ကို ခံယူ၍(၁)ဆရာတော်ရေးသားထားသော သီဟိုဠ်မြတ်စွယ်တော် သမိုင်း အကျဉ်း၊ မင်းလှမြို့ မြတ်စွယ်တော်သမိုင်းနှင့် (၂) ဝေဠုဝန်ဆရာတော်၏ ထေရုပ္ပတ္တိတို့ကို ဦးဘိုးချစ်၊ ဦးအုန်းလွင်တို့နှင့် တိုင်ပင်ညှိနှိုင်း၍ မှတ်တမ်းတင် ပုံနှိပ်အပ်ပါကြောင်း။

ဤသို့မှတ်တမ်းတင် ပုံနှိပ် ထုတ်ဝေခြင်းဖြင့် ဖတ်ရှုကြားနာရသူ တကာ တကာမအများတို့သည်၊ ဆရာတော်ကြီး၏ ထားရှိရင်း စေတနာ၊ မေတ္တာ၊ ဂရုဏာ၊ ဂုဏ်တော် ခြင်းရာများကို၊ လေးစားကြည်ညိုရင်း၊ ဘုရားသခင်နှင့် ဝေဠုဝန်အရှင် ဆရာတော်ဘုရားကြီးတို့၏ သဘောတော်ကြ ဆိုဆုံးမချက်များနှင့် ညီညွတ်ရအောင် ကြံဆောင်အားထုတ် ကြိုးကုတ်နိုင်ကြ ပါစေသတည်း။



ဝေဠုဝန်ဆရာတော် ဦးပဏ္ဍိတ၊
ဝေဠုဝန်နိကာယ၊ မဟာနာယက၊
သရက်၊ ပြည်၊ သာယာဝတီ၊ သုံးခရိုင်၊ ရွှေကျင်
နိကာယ စာပြန်ပွဲ ဥက္ကဋ္ဌ၊

မင်းလှ၊ အိုးသည်ကုန်း၊ စစ်ကွင်း၊ သုံးမြို့နယ်
ရွှေကျင်နိကာယ ဥက္ကဋ္ဌ၊
[၁၉၇၅ ခု၊ မေလ ၁ ရက်၊ သက်တော် ၇၃ နှစ်]

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်စာ |
|---|---|---|
| ၁။ | အာသီသနိဒါန်း | ၁ |
| ၂။ | ပဏာမ | ၄ |
| ၃။ | အောက်လက်ဝဲဓါတ် စွယ်တော်မြတ်သမိုင်း | ၅ |
| ၄။ | ပရိနိဗ္ဗာန်စံရာ၊ ကုသိနာရုံမှသီဟိုဠ်သို့ ရောက်ရှိခြင်း | ၈ |
| ၅။ | မင်းလှမြို့မြတ်စွယ်တော်သမိုင်း | ၁၆ |
| ၆။ | စွယ်တော်တိုက်တည်ဆောက်ခြင်း | ၂၂ |
| ၇။ | ရှပ်ပွားတော်များနှင့်ဓါတ်တော်များ | ၂၇ |
| ၈။ | မဟာဗောဓိ၊ အင်ကြင်း၊ လင်းလွန်း စသောရတနာမြတ်များ | ၃၅ |
| ၉။ | ဘုရားရှိခိုး ဂါထာများ | ၃၆ |
| ၁၀။ | ဒက္ခိဏာသာခါ၊ မဟာဗောဓိပင်သမိုင်း | ၆၁ |
| ၁၁။ | ဝေဠုဝန်ဆရာတော်၏ထေရုပ္ပတ္တိ | ၆၅ |

## မာတိကာ


| | | |
|---|---|---|
| ၁၂။ | ကျောင်းသား ဘဝ၊ ရှင်သာမဏေဘဝ၊ ရဟန်းတော်ဘဝ | ၆၇ |
| ၁၃။ | သီဟိုဠ်ကျွန်းတွင်ဝါဆိုခြင်း | ၆၉ |
| ၁၄။ | ဝေဠုဝန်စာသင်တိုက်တည်ထောင်ခြင်း | ၇၄ |
| ၁၅။ | စစ်ကြီးအပြီးနှင့်ဆရာတော် | ၈၃ |
| ၁၆။ | ဝေဠုဝန်ကျောင်းတိုက်အား လှူအပ်တော်မူခြင်း | ၉၀ |
| ၁၇။ | ဝေဠုဝန်စာသင်တိုက်ဖွင့်လှစ်ခြင်း | ၉၆ |
| ၁၈။ | ဆရာတော်ကြီး၏ ကျေးဇူးဂုဏ် အရပ်ရပ်နှင့်ဆရာတော်ကြီး၏ဆန္ဒ၊ | |
| ၁၉။ | နိဂုံးဆုတောင်း | |

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁ | ၉ | နှစ်ဖြာအမျိုးပွားတိုး | နှစ်ဖြာအကျိုးပွားတိုး |
| | ၁၃ | တိဘက်၊ ဗမာပြည် တကာ၊ | တိဘက်၊ဗမာ၊ ပြည်တကာ |
| ၄ | ၁၃ | ဥတ္တမ မုတ္တမာစ | ဥတ္တ မုတ္တမာစ |
| | ၁၄ | ကေသံကာကိ | တေသံကာနိ |
| | ၁၅ | မောယံပါယ်စွန့်အပ် | ဟောယံ ပယ်စွန့်အပ် |
| | ၁၇ | ဟိတာပယ်စွန့်တော် | ဟိတွာ ပယ်စွန့်တော် |
| | ၁၈ | ပင္ဂိဘာသာ | ပင္ဂိဘာဏ |
| | ၁၉ | ကြောင်းကျိုးချမ်းသာ | ကောင်းကျိုးချမ်းသာ |
| | ၂၁ | နိစ္စ ကယ် မကြည့်ရှု | နိစ္စ ကယ်မကြည့်ရှု |
| ၆ | ၁၄ | သိဠ် စေတီပုံ | သီဟိုဠ်စေတီပုံ |
| ၇ | ၁ | ပတ္တမြားကြုတ် တို သတ္တမမြောက် | ပတ္တမြားကြုတ်၊ ထိုသတ္တမမြောက် |
| ၉ | ၉ | ဖူးမြှောက် | ဖူးမျှော် |
| ၁၁ | ၁၁-၁၄ | သုတလုလင် | သုဘလုလင် |
| ၁၂ | ၁၉ | ကုသမက် | တူသမက် |
| | ၂၂ | မအောင်သိသေါ | မအောင်ဘိုသော် |
| ၁၄ | ၉ | ဆီးကပ်ဝတ်လျှို | ဆီးကပ်ဝတ်လျှိုး |
| ၁၄ | ၁၀ | မြင်လိုက်ကြွားဖြင့် | မြင်လိုက်ကြွသဖြင့် |
| ၁၅ | ၁၀ | ဂ-ရက်သုံးသုံး | ဂရက်သုံးသုံး |

# အမှား ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၅ | ၂၁ | သံရိမေဃမင်း | သီရိမေဃမင်း |
| ၂၁ | ၄ | ဂဏာမိပတိ | ဂဏာဓိပတိ |
| ၃၅ | ၁၈ | ကြီးထွးလျက် | ကြီးထွားလျက် |
| ၄၈ | ၄ | သတ္တာသုသတ္တာဟ | သတ္တာ သတ္တာဟ |
| ၄၉ | ၃ | ခြောက်ခြည် | ခြောက်ပြည် |
| | | ကောင်ရပ် | တောင်ရပ် |
| ၅၁ | ၆ | သဲဂုမက၊ | သဲစုမက။ |
| ၅၄ | ၄ | ဂုဏ်တော်နှင့် | ဂုဏ်တော်နှစ်နှင့် |
| | ၅ | ဝန္ဒာဓိ | ဝန္ဒာမိ |
| ၅၆ | ၁၃ | အာရုံပြု၍ | အာရုံပြု၍ သောဘဂဝါ |
| | | ဝိဇ္ဇာစရဏ | ဣတိပိ ဝိဇ္ဇာစရဏ |
| ၅၈ | ၈ | စေတီအိမ် | စေတီအိမ်ကဲ့သို့ |
| ၅၉ | | စာကြောင်းရေ | ဗြဟ္မာစိုရ်ကဗျာ |
| | | ၃-နှင့် ၄-ကြားတွင် | ရွတ်စရာ ဟူ၍ ထည့်ပါ |
| ၆၆ | ၄ | ယာဂူ | ယာဂု |
| ၇၂ | ၈ | ဆရာတောင်နှင့် | ဆရာတော်နှင့် |
| | ၁၈ | ရေကြောယာ | ရေကြော |
| | | အဏ္ဏဝါ | အဏ္ဏဝါ |
| ၇၅ | ၁၁ | လူ့ဆွေ၏ | သုံးလူ့ဆွေ၏ |
| ၉၄ | ၁၁ | ဦးဣန္ဒာဝက္က | ဦးဣန္ဒာစက္က |

# အာသိယ နိဒါန်း

"ဗုဒ္ဓ၊ မေတ္တာ အသုဘာ၊ တဖြာမရဏ" ကဗျာအရ၊ စတုရာရက္ခတရားလေးပါးတို့၊ အမြဲအစဉ် ဆင်ခြင်စဉ်းစား ပွားများလေ့ရှိသော၊ မင်းလှမြို့ ဝေဠုဝန် ဆရာတော်ဘုရားသည်၊ တိုင်းသားပြည်သူ၊ ရှင်လူအများတို့အား သနားဂရုဏာ မေတ္တာ ဗြဟ္မဝိုရ် မြင့်မိုရ်တမျှ ကြီးမားလှသောကြောင့်၊အသက်ရှည်ကြာ ချမ်းသာပွားကြောင်း၊ မကောင်းဥပါဒ်၊ အရပ်ရပ်တို့မှ ကင်းလွတ်ကြ၍၊ အစဉ်ထာဝရ၊ ကုသိုလ်ရကြလျက် (သဗ္ဗ သုခ) နိဗ္ဗာန ဓါတ်နန်းသို့ စံမြန်းကြသည့် တိုင်အောင် လောကသံသရာ နှစ်ဖြာအမျိုးပွား တိုးကြစေခြင်းငှာ၊ ဆရာတော်၏ ဘာဝနာအထုံ၊ ဘာဂဝ ဂိုဏ်နှင့်၊ မေတ္တာအဟုံကြောင့်၊ ငယ်စဉ်ကပင် ဘုရားရှင်တို့ ပွင့်ရာဌာန မဇ္ဈိမဒေသ၊ အိန္ဒိယ၊ နီပေါ၊ သီဟိုဠ်၊ တရုပ်၊ တိဘက်၊ ဗမာပြည်၊ တကာတို့မှ ရှာဖွေစုဆောင်း ရရှိထားသော (ရာဇဝင်လာ) ခြောက်ပြည်ထောင် ရှေးဟောင်း ဘုရားပေါင်းများစွာနှင့် (ကပ်ကျော်) မြတ်စွယ်တော် ငါးပြည်ထောင် ဓါတ်တော် သံတော်၊ ဘုရားခြင်းမတူ၊ တမူကွဲပြား၊ ခြားနားဆန်းကြယ်၊ လွန်တင့်တယ်၍ ကြည်ညိုဘွယ်ရာ ရွှေငွေ ရတနာတို့ဖြင့်၊ စီမံပြုလုပ်ထားသော၊ ရုပ်ပွားစေတီ၊ အလီလီတို့

# အာသိသ နိဒါန်း

ကို၊ (ဗုဒ္ဓပသန္နာနဝိပါကော ဟောတိအစိန္တိယော) ဟူသော ဒေသနာအရ၊ ဗုဒ္ဓမြတ်စွာ စိန္တေယျာ၏ ဂုဏ်တော်များကို သဒ္ဒါကြည်ညို၊ ထိုပုဂ္ဂိုလ်အား၊ များပြားဆန်းကြယ်၊ ကောင်းကျိုးကြွယ်ရန်၊ စိတ်ရည်သန်ကာ ရှစ်မျက်နှာအောင်စကြာစေတီတော်စွယ်တော်တိုက်ကို၊ တည်ဆောက်ခဲ့ရာ၊ ပြီးမြောက်ခြင်းသို့ ရောက်ပါပြီ၊ ထို့ကြောင့် ဝေဠုဝန်စာသင်တိုက်အတွင်း၌ သီတင်းသုံးစပ္ပါယ်တော်မူကြကုန်သော၊ သုံးလူ့ ထွဋ်တင်၊ ဘုရားရှင်တို့၏ ကိုယ်စားထားတော်မူခဲ့သော ဓါတု ဓမ္မဥဒ္ဒိဿ၊ပရိဘောဂစေတီလေးပါးနှင့်တကွ မြတ်စွယ်တော် ဗောဓိပင်နှင့် ဝေဠုဝန်ဆရာတော်၏ သမိုင်းဝင်ဖြစ်စဉ်များကို ဘတ်ရှုဆင်ခြင် တွေ့မြင်ရပါလျှင်၊ လှူပြီးလှူဆဲ၊ လှူလတံ့ဖြစ်သော ပါရမီရှင်အပေါင်းတို့မှာ ကောင်းမှန်လှစွာ၊ ဝမ်းသာကြည်နူး၊ သဒ္ဒါအထူးစေတနာမြူးလျက်၊ ထက်မျက်စူးရှသော အကျိုးထူးတရား၊ တိုးပွားကြစေရန်၊ ရည်သန်၍ မင်းလှမြို့ ဝေဠုဝန်ဆရာတော်၏ ဤဝေဠုဝန်ဗုဒ္ဓဂုဏ်အလင်းပြ စာတမ်းကို ထုတ်ဝေခြင်းဖြစ်လေသည်။

ဆရာတော်ဦးနာရဒ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ကျောင်းထိုင်ဆရာတော်များ ဗဟို အဖွဲ့ချုပ်ကြီး၏

ဒုတိယဥက္ကဌ

## အာသီသ နိဒါန်း

ရွှေတိဂုံ အနောက်မုခ် ဗုဒ္ဓဇယန္တိဓမ္မာရုံကြီး၌ ကျင်းပသော ပိဋကသုံးပုံ၊ နိကာယ်ငါးရပ်၊ ပိဋကစာပြန်ပွဲကြီး၏ 'မဟာနာယက'

ရန်ကုန်မြို့၊ ဘောင် ဒရီလမ်း၊ အလယ် တောရကျောင်းတိုက် 'နာယကဆရာတော်'

.... ● ....

# ပဏာမ

နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာ သမ္ဗုဒ္ဓဿ။
နမောရနတ္တယဿ၊ နမောအာစရိယဿ။
အသင်္ချေယျာအပ္ပမေယျာ၊ အစ္ဆေရာစအစိန္တိယာ။
ယေသံတုလရတနာနံ၊ ဂုဏာနံဥတ္တမုတ္တမာ။
ဟိတွာဒတွာဟောယံဒေယံပါလေန္တု၊ မံသဒါ။

လော့ကေ၊ လောကဥ္စ အတုလရတနာနံ အတုမရှိ အလွန်မြတ်တော်မူကြကုန်သော၊ ယေသံအကြင် ဘုရားရတနာ တရားရတနာ သံဃာရတနာမြတ်တို့၏ ဂုဏာ ဂုဏ်တော် ကျေးဇူးတော်တို့သည် ဝေ စင်စစ်အားဖြင့် အသင်္ချေယျာစ မရေတွက်နိုင်ကုန်သည်ရှင်း၊ အပ္ပမေယျာစ မနှိုင်းယှဉ်အပ်ကုန်သည်ရှင်း၊ အစ္ဆေရာစ အံ့ဘွယ်ရှိကုန်သည်ရှင်း၊ အစိန္တိယာစမကြံစည်နိုင်အပ်ကုန်သည်ရှင်း၊ဥတ္တမမုတ္တမာစ အတိုင်းထက်အလွန်မြတ်ကုန်သည်ရှင်း၊ ဟောန္တိဖြစ်ကုန်၏။ တေသံတာဓိ ထိုရတနာမြတ်သုံးပါး နတ်တို့သည် မံအကျွန်ုပ်ကို သဒ္ဒါအခါခါပ်သိမ်း ဓမောယံပ ါယ်စုန်အပ်သော ဘေးဒါဏ်ရန်စွယ် အန္တရာယ်အပေါင်း မကောင်းအနိဋ္ဌဟူသမျှတို့ကို ဟိတွာပယ်စွန့်တော်မူကြကုန်လျက် ဒေယံပေးအပ်သော အာယုဝဏ္ဏ၊ သုခဗလ၊ ပဋိဘာန္တဿ စသည်အပေါင်း ကြွောင်းကျိုးချမ်းသာ မင်္ဂလာဣဋ္ဌ ဟူသမျှတို့ကို ဒတွာပေးတော်မူကြကုန်လျက်၊ ပါလေန္တု ကောင်းစွာ ပြီးမြောက် ခရီးရောက်အောင် စောင့်ရှောက် နိစ္စကာယ် မှုကြည့်ရှုတော်မူကြပါကုန်လော့။ ။

သီဟိုဠ်ကျွန်း-ကန္ဒီမြို့ရှိ

မြတ်စွာဘုရားသခင်၏

အောက်လက်ဝဲဝါတ် စွယ်တော်မြတ်သမိုင်း

အကျဉ်း

# စွယ်တော်မြတ်ကို ပထမအကြိမ် ဖူးမျှော်ရခြင်း

သက္ကရာဇ် ၁၂၈၁ ခု၊ ပြာသိုလတွင်၊ ကျေးဇူးရှင် ထိန်တောဝေဠုဝန်ဆရာတော်နှင့် မင်းလှမြို့၊ ဝေဠုဝန်ဆရာတော်လောင်းအရှင်ပဏ္ဍိတ မထေရ်တို့သည် သီဟိုဠ်ကျွန်းသို့ ဘုရားဖူးရောက်ရှိကြသည်။

မြတ်စွယ်တော်ကိန်းဝပ်တော်မူရာ၊ကန္ဒီမြို့သို့ ရောက်ရှိကြသည့်အခါ၊ မြန်မာနိုင်ငံ့ရှမ်းပြည်မှ ပလောင်ဆရာတော်ကြီးနှင့် တပည့်တကာ တရာကျော်တို့သည်လည်း၊ ရွှေပန်းခိုင် စသောအဘိုးတန်လှူဘွယ်ပစ္စည်းများနှင့် ရောက်ရှိနေခိုက်ဖြစ်၍ သိုက် မြိုက် စွာ ပေါင်းဆုံမိကာ၊ စွယ်တော်တိုက်ဖွင့်လှစ်၍ ပတ္တမြားကြုတ်တော်မှ ထုတ်ဖော်လိုက်သည်ကို မျက်ဝါးထင်ထင် ဖူးမြင်ကြရ၍ အကြိမ်ကြိမ် ဦးခိုက် ပူဇော်လိုက်ကြရသည်။

ဘုရားသခင် ကိုယ်တော်မြတ်၏ အောက် လက်ဝဲဝါတ် စွယ်တော်မြတ်ကို ပထမတည်ရှိရာဌာန၊ မဇ္ဈိမဒေသ၊ ကာလိင်္ဂပြည်မှ ဒန္တကုမာရမင်းသားနှင့် ဟေမမာလာမင်းသမီးတို့ အပြီးဆောင်ယူခဲ့ရာ၊ လင်္ကာဒီပ ကျွန်း ဌာနတွင် သခ်ဿနိမိတ် အရှေ့ထိပ်၌ ခန်းရိမ်မှိုးဆွယ် ကြီးကျယ်သော ကျောက်တိုင်တို့ဖြင့် ကောင်းမွန်ကြံ့ခိုင်စွာ ဆောက်စိုက်အပ်သည့် နှစ်ဆင့် တိုက်ကျောင်းတော်ကြီး၏ အထက်ဆင့်မြင့်မြတ် လုံခြုံသောတိုက်ခန်းမဝယ် ထားရှိတော်မူသည်။

စွယ်တော်မြတ်အား( ၁ )အဆန်းတကြယ် ပန်းနွယ် ဗိမာန်ကောင်းမွန်စွာဖန်လျက်၊ ရောင်လျှန်ရွှေကိန်း၊လိမ်းသည့်အလားကြေးသာဒအမွန်၊ တန်ဆာချွန်တို့ဖြင့် အလွန် တင့်တယ်သောသီဟိုဠ်မင်းအဆက်ဆက် ဖွဲ့ကက်ဆင်ယင်သည့် ဘယက် ဒွါဒရာတို့ကို ကောင်းစွာဆွဲကပ်လျက် အထက်မှဖုံးအုပ်သော သုံးတောင်တိတိရှိ၍ မောက်မို့၊ သိဠ်စေတီပုံ၊ ကြေးကြုတ်တော်ကြီး။ (၂) ထိုကြုတ်တော်ကြီးအတွင်း၊ ၁၂၆၀ ပြည့်နှစ်၊ မြန်မာပြည် ဝဇီရာရာမဆရာတော်ကြီးသည်၊နိုင်ငံအလုံးကို စုရုံးနှိုးဆော်၍ လှူဒါန်းတော်မူအပ်သော အဘိုး နှစ်သိန်းကျော်တန် ရတနာ စိန်ကြုတ်ကြီး။ (၃) ထိုကြုတ်အတွင်း၊ တတိယကြုတ်တော်( ၄ )တတိယကြုတ်တော်အတွင်း စတုတ္ထကြုတ်တော်( ၅ )ထို ကြုတ်တော်အတွင်း ပဥ္စမကြုတ်တော်( ၆ )ထို ကြုတ်တော်အတွင်း ဆဋ္ဌမကြုတ်ဘော်( ၇ )ထို ကြုတ်တော်အတွင်း သတ္တမ ကြုတ်တော်ဖြစ်သောဟေမ မာလာမင်းသမီး ဆောင်ခြင်းလှူဒါန်းအပ်သော

ကျွဲချို သဏ္ဌာန်ရှိ ပတ္တမြားကြုတ်တို့ သတ္တမမြောက် ပတ္တမြား ကြုတ်တော်တွင် စွယ်တော်မြတ် ကိန်းဝပ်တော်မူသည်။

စွယ်တော်မြတ်၏ပမာဏကား၊ အရင်းက လက်သန်းထိပ်ခန့် ရှိ၍ အဖျားမှာ လက်လယ်ထိပ်ခန့် ရှိသည်။ အဖျား ဝ ဝယ် အပေါက်ငယ်သဏ္ဌာန် ထင်မြင်ရသည်၊အရင်းအဖျားအချို့သော နေရာများမှ သန္တာရောင်ပြေး နီနီကွေးလျက်၊ ယုန်သွေးအဆင်း၊ ဟင်းသပဒါးရောင်ကဲ့သို့ ပြောင်ပြောင် လွင်လွင်၊ ထင်မြင်ရသည်၊ အချို့သော နေရာမှာကား၊ရွှေသား၊ ရွှေမှုင်အသွင်သိင်္ဂီ၊ နာရဏ် ဇမ္ဗူရစ်၊ လှော်ဦးသစ်အသွင်ကဲ့သို့ထင်မြင်ရသည်၊အချို့မှာကား ငွေသားအစစ်ပွတ်သစ်ရောင်ဝင်း၊ ခရုသင်း၊ ကြေးမုံလေးငုံအတူ၊ ဖွေးဖွေးလူလျက်၊ ဘော်ငွေဖြူရောင်ကဲ့သို့ တောက်လောင်ပဝင်း သော အရောင်အဆင်းကိုလည်း ထင်မြင်ရသည်။

ဤကဲ့သို့ ထွေထွေရောင်မြူး၊စွယ်တော်ထူးကိုဖူးမြင်ရသူ ရှင်လူ အများတို့သည်၊ အားရ ရောင့်ရဲ၍၊ စိတ်ထဲ၌ တင်းတိမ်ခြင်းကိုမျှ မဖြစ်နိုင်ကြကုန်၊ ယင်းသို့ ဂုဏ်တော်အရဟတ်၊ ဘုရားရှင်ဓါတ်၊ စွယ်တော်မြတ်ကို၊ ဆည်းကပ် ပူဇော်ကြရာကာလချိန်မှန်၊ ဝသန် ခေတ်ထဲမဟုတ်ဘဲနှင့်ပင် ကောင်းကင်အလုံး ထစ်ကျုံး ဟန်ကြိုး လျက် မိုးကြီးသည်းစွာ ရွာသွန်းလေသတည်း။

အောက်လက်ဝဲဓါတ် စွယ် တော်မြတ် ကို ဖွင့်ပြ လတ်စဉ်၊ ထိုအခါလျှင်ဝယ်၊ ပဥ္စင်္တူရိယာစည်ငါးဖြာလည်း၊ သံဝါညီးညီး မှုတ်ခါတီး၍၊ ချီးမြှင့်ပူဇော်ကြသည်၊ ဒါနဝတ္တုအစုစုကိုလည်း

ဆုယူနိဗ္ဗာန်၊ ရည်စိတ်သန့်လျက်၊ ကြိမ်ဖန်များစွာ ပူဇော်ကာ လှူဒါန်းကြကုန်သတည်း။

## အောက်လက်ဝဲဓါတ်၊ စွယ်တော်မြတ် ပရိနိဗ္ဗာန်စံရာ၊ ကုသိနာရုံမှ၊ သီဟိုဠ်သို့ရောက်ရှိခြင်း။

အနန္တဂုဏ်၊ အလုံးစုံကိုပိုက်ကြုံးအောင်ပွေ၊ ချမ်းမြေ့ကြည်ဖြူ၊ များဗိုလ်လူကို ခေမူအမတ၊ နိဗ္ဗာန္တသို့ အရဆောင်ယူပို့ တင်တော်မူသော၊ င်္ဂါတို့ဘုရားရှင်သည် သက်တော် ၈၀၊ ဝါတော် ၄၅-ဝါ သချာပြည့်စုံသဖြင့် ကုသိနာရုံ၊ ပြည်ရိပ်မြုံ၌၊ ရွှေဘုံအမတ၊ သီဝ ဦးခင် နိဗ္ဗာန်ခွင်သို့ စံဝင်တော်မူလေလျှင်၊ ကြွင်း ကျန် သော ရုပ်ကလပ်ကို နတ်လူအများ၊ ညွှတ်တွားရိုကြိုး၊ မြတ်နိုးစေတနာ၊ ရှိခိုးကာဖြင့်၊ ရတနာဖြိုးပျက်၊ ထင်းပုံထက်သို့ ပင့်လျက်တင်ခါ သင်္ဂြိုဟ်ကြလေသည်။

ထိုအခါ ခေမာမည်သော ရဟန္တာသည်၊ နေအာရုံရောင် ထွန်းပြောင်လျှပ်လျှပ်၊ အောက်လက်ဝဲဓါတ် စွယ်တော်မြတ်ကို၊ ရိုညွှတ်ကြည်ဖြူ ပင့်ဆောင်ယူ၍ ကာလိင်္ဂတိုင်း ဒန္တပူရပြည်ကို အစိုးရတော်မူသော ဗြဟ္မဒတ်မင်းအား ပေးအပ်ခဲ့ပြီးလျှင် များ မြတ်သော တိုင်းသူပြည်သား အပေါင်းတို့အား၊ ကောင်းစွာ ပူဇော်စေခြင်းငှါ ထားတော်မူခဲ့လေသည်။

ထိုမင်း နတ်ရွာလားသော် သားတော်ကာသိကရာဇ်မင်းမှစ၍ အဆက်ဆက်သော မင်းတို့သည်၊ ဗြဟ္မဒတ်မင်းအတူ ကြည်ဖြူစွာ ကိုးကွယ်ကြကုန်၏။

ထိုနောက် ဒွါဟသိဝမင်း လက်ထက်သို့ ရောက်သောအခါ၊ မိစ္ဆာဒိဋ္ဌိအမတ်မိုက်များ၏ ဂုံးစကားကိုယုံမှားသဖြင့် စွယ်တော်မြတ်အား အမှတ်မရဘဲ ရှိလေသည်။

အခါတပါး၊ တိုင်းသား ပြည်သူ ရှင်လူ အပေါင်းတို့သည်၊ သောင်းသောင်းအုပ်အာ စွယ်တော်မြတ်ရှိရာ၊ တိုက်ခန်းသာသို့၊ ပန်းနံ့ သာလက်စွဲလျက်၊ ထက်သန် ရွှင်လန်းသော စေတနာဖြင့် ပူဇော်ကြသည်ကို၊ မင်းကြီးမြင်၍ မေးလေလျှင်၊ ရှေးယခင် ဘေးတော်အဆက်ဆက်၊မပျက်မကွက် ပူဇော်ကြသော စွယ်တော် တိုက်သို့ သိုက်မြိုက်စွာ ဖူးမြှော်ကြကြောင်းကို လျှောက်ကြားသဖြင့်၊ ထိုလူအများနှင့်အတူ လိုက်သွား၍ ဘုရားဓါတ် စွယ်တော်မြတ်၏ ခြောက်ရောင်စုံ ကွန့်မြူးပုံ အထူးကို တွေ့မြင်ရလေသော်၊ ဩော် - ဤသို့အံ့ဘွယ် စင်ကြယ်ထူးဆန်းသော ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော မြတ်စွယ်တော်ကို မိစ္ဆာယူမျှော် မသူတော်တို့နှင့် တူပျော်နေဘိပေါင်းဖေါ်မိသော ကြောင့်၊ ငါကားမိစ္ဆာဒိဋ္ဌိဖြစ်ချေပြီဟု ညာဏ်သံဝေရပြန်လေ၍၊ မိစ္ဆာဒိဋ္ဌိအဆန်း လူယုတ်ကန်းဟူသမျှတို့ကို ငါစိုးပိုင်သော နိုင်ငံ အတွင်းမှ နှင်ထုတ်ခြင်း ပြုကြကုန်ဟု အမတ်တို့အား စေခိုင်းလေလျှင် တိုင်းပြည်မှ နှင်ထုတ်ကြကုန်၏။

ယင်းသို့ မင်း၏ အမိန့်အာဏာဆာကြူလာကြောင့် မိစ္ဆာယူမှား လူတလွှားတို့သည်၊ သွား၍ သုတ်သုတ် ပါဋလိပုတ်ပြည်သို့ ရောက်ကြလေသော အခါ ရာဇာသေနင်း ပဏ္ဍုမင်း၏

ထံတော်ရင်းသို့ ဝပ်စင်းခယကြလျက် ၊မိမိတို့နှင့် အယူဝါဒတူမျှလေအောင်ကြံဆောင်လှည့်ပတ်ကြသဖြင့် အယူဝါဒတူမျှကြလျှင် အရှင်မင်းမြတ် ကာလိင်္ဂရာဇ်မင်းကား၊ သေပြီးသော ဂေါတမ၏ အရိုးကို အမြတ်တနိုး ကိုးကွယ်၍ နေပါသည်။ အရှင်မင်းကြီး၏ ထံတော်ရင်းသို့ ဂူဟသီဝ မင်းကိုခေါ်၍ အယူသီလ တူမျှအောင် နှိမ်နင်းပါလော့ဟု ဂုံးတိုက်စကား နှုတ်လွှသွားဖြင့် အာဃာတထားလျက်၊ လျှောက်ကြား သံတော်ဦး တင်ကြလေသည်။

ထိုအခါ ပါဋ္ဌလိပုတ်ပြည့်ရှင် ဘုရင်ဗဏ္ဍုမ မင်းကြီးလည်း မိစ္ဆာမိုက်မှားမှုးမထ်များ၏ ဂုံးစကားကို ကြားရလျှင်၊ ကိုးကွယ်သောသူသေ၏ အရိုးနှင့်တကွ ဂူဟသီဝမင်းကို ဆောင်ချဉ်းခဲ့လော့ဟု အာဏာဖြင့် ခိုင်းစေလိုက်လေသည်။ ရှေ့တော်မှောက်သို့ စွယ်တော်ဓါတ်ရောက်လာသောအခါ၊ မျှားဗိုလ်ပါအလယ်၌ အံ့သြဘွယ်ဖြစ်သော မီးပုံကြီးထဲသို့ ပြာဖြစ်စိမ့်သောငှါ၊ လျှင်စွာပြစ်ချလိုက်၏။ ထိုခဏ၌ ကြွကြွတက်ချီ၊ မဟီပတဗျာ၊ မဟာမီးပုံ၏အလယ် အံ့ဘွယ်မကုန် ဝတ်မှုန်ချပ်လွှာထပ်တရာတင့် ကားကားစွင့်သော ကြာပွင့်ကြီးပေါက်လာ၍၊ စွယ်တော်မြတ်၏ အထက်ဖျား၌ တန့်နား ရပ်တည်တော်မူလျက်၊ မီးလျှံမတွေ့ ပြကတေ့ တည်တန့်ကြံ့ကြံ့ကြီး စမွယ်တော်မူသည်ကို မြင်ရသဖြင့်၊ ကြည်ရွှင်စွာ ပူဇော်လှူဒါန်းကြကုန်သည်။

ဤသို့ ဆန်းကြယ် အံ့သြဘွယ်ကို သွယ်သွယ်ရှုမျှော် မြင်ရလေသော် မတော်မိစ္ဆာ ယူမှားရာသား များစွာပျက်ချော်၊ မသူ

တော်တို့က ဗျာပါဒပွား၍ မင်းအား လျှောက်ထားကြပြန်သည်မှာ နေမင်းအရိုး၊ နေနတ်မျိုးသား၊ တန်ခိုးဣဒ္ဓိ ဤသို့ရှိပါသည်၊ ဂေါဘမအရိုး တန်ခိုးမရှိဟု လျှောက်ဘိရကား၊ မင်းတရားသည် ကြာ၏အလယ်၌ တင့်တယ်စွာ စမွယ်သော စွယ်တော်မြတ်ကို၊ ကိုင်ယူကာ ပေပေါ်မှာတင်၍ သံတူဖြင့် ကြေမွအောင်ထုစေ၏။

ထိုအခါ စွယ်တော်မြတ်မှာ အသာမှု ဝိန္ဒဓါတ်ဖြစ်၍ မကြေမပျက် ပေထက်တွင် တဝက်မြုတ် တဝက်ပေါ်လျက် နေတော်မူသောအခါ၊ လူမသမာတို့သည် ပေမှထုတ်ယူခြင်းငှါ မတတ်နိုင်ရကား၊ ဗဏ္ဍုမင်းသည် စွယ်တော်ကို ပေမှထုတ်ယူနိုင်သူအား ဆုပေးတော်မူမည်ဟု စည်လည်စေ၏။

ထိုအခါ အနာထပိဏ် သူဌေး၏မြေးဖြစ်သော သုတလုံလင်သည်၊ မိမိ၏သီလကို စင်ကြယ်စေ၍ ပရိသတ်ခွင်သို့ ဝင်ရောက်ကာ သစ္စာဆိုရာဝယ် စွယ်တော်ဓါတ်သည် ပေမှ ကျွတ်လပ်၍၊ သုဘယောကျ်ား၏ ဦးခေါင်းဖျား၌ တန့်နားတော်မူလေသည်။

ထိုမှတဖန် လမ်းမအချက် တွင်းနက်နက်တွင် ချလျက်ထည့်သွင်း၊ မြေဖို့ကာ ဆင်နှင့်နင်းပြန်လေသော်၊ မာတင်းတင်းမြေပြုပြန်လေကာ၊ ရွှေကြာပဒုံ ဝတ်မှုံညီးညီး စက်ဘီးပမာ ချက်ညွှာအထက်၌ နားလျက် တန်ခိုးပြပြန်လေ၏။

ထိုကြာဖက်ပေါ်မှ တဖန်ယူပြန်၍ အညစ်အကြေးတို့ဖြင့် လိမ်းကျံပြည့်နှက်သော၊ မစင်တွင်းကြီးထဲသို့၊ ဆွဲယူပြစ်ချပြန်

လျှင်စွယ်တော်ရှင်မြတ်မှာညစ်ကြေးမကပ်တလျှပ်လျှပ်သား ကြာအချက်များ၌ တန့်နားတော်မူ၍ ကြာမျိုးငါးပါးတို့ဖြင့် မိုးကာခယမ်းလျက် အံ့မခန်းရှုမကုန် တန်ခိုးဟု တောက်ပတော်မူသည်ကို ဖူးမြင်ရသောအခါ မင်းကြီးသည် သတိသံဝေဂရရှိလေ၍စိန္တေယျ ဓါတ်၊ စွယ်တော်မြတ်ကို ရိုညွတ်ဝတ်စင်း နန်းတွင်းသို့ ပင့်သွင်းတင်ထားပြီးလျှင်၊ ဗိုလ်ပါအများနှင့်တကွ မင်းတရားသည် သုံးပါးမန်လျော့ ကန်တော့ပြီးမှ ယူသီးခြားနား ဒိဋ္ဌိများအား ပယ်ရှားသုတ်သင်ရှင်းလင်းအပ်သောကြောင့်၊ ကာလိင်္ဂရာဇ်မင်းမြတ်သည် စွယ်တော်ဓါတ်ကို ယူဆောင်၍ မိမိတိုင်းဘောင်သို့ ပြန်စေဟု အာဏာချွေပြီးလျှင်၊ သားကြီးဥပရာဇာကို မင်္ဂလာနိမိတ်ဘိသိတ်ခံစေ၍ ရွှေထီးရွှေနန်းကို အပ်နှံလျက်၊ တောထွက်ခါ ရဟန်းပြုလေသည်။

ကာလိင်္ဂရာဇ်ဂုဟာသီဝမင်းလည်း၊ ရပ်တင်းမနေ စံနန်းမြေသို့ ပြန်ရောက်သကာလ မလယပြည်ကို အစိုးရသော မင်းညီနောင်တို့သည် စစ်သည်ဗိုလ်ပါ မြောက်များစွာနှင့် ချီတက်လာပြီးလျှင် ငါတို့ညီနောင် စွယ်တော်မြတ်ကို ပင့်ဆောင်၍ လာကြသည်၊ စွယ်တော်ကိုလည်း ပေးမည်လော စစ်ကိုသော်လည်း ထိုးမည်လောဟု မေးမြန်းလေသော်၊ ဂုဟာသီဝမင်းသည် ဒေါသမံထ၍ စွယ်တော်မြတ်စွာ ဓါတ်ရတနာကို ငါမပေးဟုကြုံးပြီးလျှင် ကုသမက်ဒန္တကုမာရမင်းသားအား မှာထားသည်မှာ နံ့က်မိုးသောက်လျှင် စစ်ပွဲသို့ဝင်၍ ငါစစ်ထိုးမည်၊ တန်ခိုးအရောင်အောင်မည်မသိ၊မအောင်သိသော် နေတ္တိဂူဏ်ရောင် ထွန်းပြောင်ရိပ်ငြိမ် နန်း

ရွှေအိမ်ကို ရှက်လိမ်စွန်းညိ၊ ငဲ့မကြည့်ဘဲ ပုဏ္ဏားသဏ္ဍာန်တူစွာ ဖန်လျက် ကရန်ရွှေကြုပ်ဖြင့် သွင်းမြုတ်ထည့်ထားအပ်သော စွယ်တော်မြတ်ကို ပြဿဒ်ဆောင်မှ ထုတ်ယူပြီးလျှင်၊ သမုဒ်ရေကြော သဘော်နာဝါတက်စီကာဖြင့် လင်္ကာဒီပ၊ မည်ရရှွန်းစို၊ ကျွန်း သီဟိုဠ်သို့ လိုဏ္ဍစ္ဆာိက အစိုးရသော ငါ၏ အကြည်တော်မဟာ သေနမင်းထံမှောက်သို့ ဝင်ရောက်ပါမှ ငါ့အတူပင် ကြည့်ရှု စောင့်ရှောက်ပါလိမ့်မည်ဟု မှာကြားခဲ့၍ နံက်မိုးသောက်လျှင် ယောကျ်ားပီပီ၊ အာဇာနီခြင်း၊ မန်ထောင်ကင်းလျက် စစ်ခင်း ကြလေသော် ဂုဟသီဝမင်းသည် စစ်ရှုံး၍နတ်ရွာစံတော်မူလေ သည်။

ဦးရီးတော်မင်း စစ်ပွဲတွင်း၌ နတ်ရွာလားခဲ့သော် ဒန္တပူရ ပြည်မအလုံး ရိုက်ချုံးဗျာပါ တည်ရာမရ ဖြစ်ကြရကုန်၏၊ ဒန္တကုမာရမင်းသားလည်း မူလရှေးဖျား မှာစကားအတိုင်းမဆိုင်း လျှင်မြန် ပုဏ္ဏားသဏ္ဍာန်တူစွာဖန်၍၊ ကရဏ္ဍကဓါတ်၌တည်ထား သော စွယ်တော်ကြုတ်ကို သုတ်သုတ်လျှင်လျား၊ ပြဿဒ်ဖျားမှ ယူချသွားကာ ကြင်ယာသက်ထား ချစ်မယားကိုမှ စကားမပြော အားဘဲ၊ တကိုယ်တည်းထွက်သွားလျှက် ကြီးမားသော ဗျာပါ ရေးနှင့် ပူဆွေးညှိုးနွမ်း၊ မချမ်းသာသောစိတ်ဖြင့် တောင်အရပ် သို့ နတ်တို့၏ တန်ခိုးကြောင့် ပုန်းလျှိုးကာယူဆောင်၍ ရေသို့ ကူးမြောက် ဆဲသောင်သို့ရောက်လေလျှင် သဲကိုအညီ စေတီ တည်လျက် စွယ်တော်ဓါတ်ကို ဌာပနာ၍ ထားခဲ့ပြီးသော်တဖန် ကူးသွားပြန်ကာ မထင်ရှားသော အသွင်ဖြင့် ပြည်ခွင်သို့ဝင်လျက်

ကြင်ယာသက်ထား ချစ်မယား ဇေဟာမမာလာ မင်းသမီးအား ဆောင်ချည်းပြီးမှ ညှိုးငယ်သော မျက်နှာ ပူဇျာပါ အထပ်ထပ် နေရောင်ကလျှပ်သဖြင့် တောစပ်ရိပ်ကောင်း ချုံပိတ် ပေါင်း၌ ယနေ့ည ပုန်းအောင်းမည်ဟု စေတီအပါးတွင် အပန်းဖြေကြသော အခါ၊ ရဟန္တာတပါး ကောင်းကင်က ကြွသွား၍ စေတီပေါ်သို့ ရောက်သွားလေသော် စွယ်တော် ဓါတ် ရောင်ခြည်တော် မြတ် လွတ်လတ်သည်ကို မြင်သဖြင့် ကောင်းကင်မှ ဆင်းသက်ခါ ပူဇော် ကန်တော့လေသည်။

ထိုရဟန္တာ အရှင်မြတ် ဆီးကပ် ဝတ်လျှို ရှိခိုးပူဇော်ခိုက်၊ မင်းသား မင်းသမီးတို့ မြင်လိုက်ကြားဖြင့် အရှင်မြတ်ထံတော် ပါးသို့ ခစားကြပြီးလျှင် ဖြစ်သမျှအကြောင်းအင်ကို ကုန်စင် အောင် လျှောက်တင်ကြသောအခါ၊ ရဟန္တာအရှင်မြတ်လည်း သနားတော်မူလှသောကြောင့်၊ နောင်သင်မင်းသား မင်းသမီးတို့ ၌ ဘေးရန်တွေ့ကြုံပါက၊ ငါ့ကိုအာရုံထား၍ တောင့်တညားက အပါးသို့ ရောက်လာလိမ့်မည်ဟု မိန့်တော်မူပြီးလျှင် ကြွသွား တော်မူလေသည်။

ထိုအခါ နဒီမြစ်အောက်၌ နေထိုင်သော နဂါးမင်းသည် မြစ် တွင်းသို့ သွားလာစဉ်၊ ရတနာကြုတ်တွင်းသို့ ထည့်သွင်းအပ်သော စွယ်တော်မြတ်ကို ခံတွင်း၌ ထည့်သွင်းယူဆောင်၍ မြင့်မိုရ်တောင် ကို ပတ်ခွေလျက် ပုန်းအောင်းနေလေသည်။

မင်းသား မင်းသမီးနှစ်ပါးလည်း စွယ်တော်ကြုတ် ပျောက် သွားသောကြောင့် ပူအားပြင်းတွေ ညှိုးခွေမြည်တမ်း ပင်ပန်း

ငိုကျွေးကြလျက်၊ ရဟန္တာအရှင်မြတ်ကို တောင့်တပင့်ခေါ်ကြသောအခါ၊ ရဟန္တာအရှင်မြတ်လည်း ဂဠုန်မင်း သဏ္ဌာန်ဖန်ဆင်း၍ နဂါးမင်းတို့ နှိမ်နင်းဆုံးမပြီးလျှင်၊ စွယ်တော်ကြုပ်ကို ယူဆောင်လျက် မင်းသား မင်းသမီးကိုအား အပ်နှင်း၍ ထားခဲ့ကာ၊ ပြန်ကြွသွားတော်မူသည်။

ထိုအခါ ဒန္တကုမာရမင်းသားနှင့် ဟေမ မာလာ မင်းသမီးတို့သည် စွယ်တော်ဓါတ်ကို ပင့်ဆောင်လတ်၍ သီဟိုဠ်ကျွန်းသို့သွားကြရာ တာမလိတ္တိအမည်ရှိသော သင်္ဘောဆိပ်သို့ ရောက်ကြလေသည်။ နတ်တို့စောင့်ရှောက်သဖြင့် သင်္ဘောပေါ်သို့ တက်မိလျှင် ဂ-ရက်သုံ့သုံ့ လှိုင်းဖုံ့ဖုံ့နှင့် အမှုံ့နဒီ ရေစီစီကို တူညီမကွာ ကူးလာကြသောအခါဝယ် ဗုဒ္ဓစွယ်ဓါတ် အမြတ်မြတ်ကို နိုးကပ်မကွာ ဖူးမြင်အံ့ငှါ ချဉ်းကပ်လာကြသော ရေနတ်မင်းတို့သည် ဆွဲငင်ရပ်တန့်စေလျက်၊ မမျောမသွားရအောင် သင်္ဘောကိုတားမြစ်၍၊ လှိုင်းတံပိုးတို့ဖြင့် လွှမ်းမိုးဖိစီးသကဲ့သို့ ၇-ရက်တိုင်တိုင် မသွားနိုင်အောင် တား၍ ထားကြလေသော်၊ မင်းသား မင်းသမီးတို့သည် ကြောက်အားဆည်းစွာ ညှိုးငယ်သောမျက်နှာနှင့် တဖန်ရဟန္တာအရှင်မြတ်ကို သတိမှတ် တောင့်တရပြန်သောအခါ သမဏရဟန္တာလည်း ဂဠုံအသွင် ဖန်ဆင်းပြန်၍ နဂါးအသင်းတို့ကို ချိမ်းခြောက်ဘေးရန်ကိုပျောက်စေပြီးလျှင် သီဟိုဠ်ကျွန်းဆိပ်ကမ်းသို့ရောက်လေသော်၊ မြှော်ထောက်စစ်ဆေး မင်းကိုမေးရာ၊မဟာသေနမင်းနတ်ရွာလား၍ သားတော်ကိတ္တိသံရိမေဃမင်းနန်းတက်စီးစိမ် ၉-နှစ်ရှိပြီ ဖြစ်ကြောင်းကို ကြားသိရလေလျှင် ရင် ဆတ်

ဆတ်ခုံနှစ်လုံးတုံလျက်အနုရာဓမြို့ထိုမင်း၏အထံသို့ပင်ဓာတ်တော် ကြုတ်ကို ယူဆောင်၍ သွားသောအခါ ထိုအရှင်မင်းမြတ်သည် ဓာတ်တော်ကိုမြင်လတ်၍ အလွန်ကြည်ညိုခြင်းရှိရကား၊ မြို့တွင်း မြို့ပြင် ရှိရှိသမျှလူအပေါင်းတို့နှင့်တကွ ကောင်းစွာလျှုဒါန်း၍ ရှင်လန်းနှစ်သက်စွာ အခါအလိုက် သိုက်မြိုက်ဖွယ်ရာ အဖြာဖြာ တို့ဖြင့် များစွာစုဆောင်း၊ ဘိတ်သိတ်လောင်းလျက် တည်ထား ကိုးကွယ်ကြသော စွယ်တော်မြတ်သည် ယနေ့ တိုင်အောင်ပင် ထင်ရှားစွာ တည်ရှိလေသည်။

သီဟိုဠ်နိုင်ငံအစိုးရအဆက်ဆက်နှင့် စွယ်တော်တိုက် ဂေါပက အဆက်ဆက်တို့က ကြီးကြပ်စောင့်ရှောက်၍ အနည်းဆုံး တနှစ် တကြိမ်မျှ ဘုရားဖူးပရိသတ် ပုရိသန္တယ်ဝင် သူတော်စင်အပေါင်း အား ခညောင်းပူဇော်အဖူးအမြော်ခံ၍ ပူဇော်ပွဲကြီးကျင်းပလေ သတည်း။

## မင်းလှမြို့ မြတ်စွယ်တော်သမိုင်း

### မြတ်စွယ်တော်ကို မင်းလှမြို့သို့ ပင့်ဆောင်လာခြင်း။

သီဟိုဠ်ကျွန်း၌နှစ်ပေါင်းများစွာ သာသနာပြုလျက် သီတင်း သုံးနေတော်မူသော မြန်မာဆရာတော်ကြီး ဆရာတော် ဦးဝိနယ လင်္ကာရသည် ၁၂၇၉-ခုနှစ်တွင် မိမိကိုယ်တိုင် အမြဲမပြတ်ဆီးကပ် ကိုးကွယ်ထားသော စွယ်တော်မြတ်ကို မင်းလှမြို့၊ ဝေဠုဝန် ကျောင်းတိုက်သို့ ပင့်ဆောင်ခဲ့လေသည်။

မင်းလှမြို့ ဝေဠုဝန်ဆရာတော်သည် ၆-ဝါရ သီဟိုဠ်တွင် ဝါဆိုစဉ်က ဆရာတော်၏မြတ်စွယ်တော်ကိုတောင်းရာ မရခဲ့ချေ၊ မင်းလှတွင် ကျောင်းထိုင်စဉ်နှစ်၌ အဆိုပါ ဆရာတော်ကြီး ကြွလာပြီးလျှင် ပိဋကတ်တော်များ ထားရန်နှင့် ဘုရားဖူးများ တည်းခိုကြရန် နှစ်ထပ်တိုက်အတွက် ဝေဠုန် ကျောင်းအမကြီး ဒေါ်ပု၊ စံကျောင်း၊ ကျောင်းအမကြီး ဒေါ်သူဇာ၊ ဇေယျဝတီ ကျောင်းအမကြီး ဒေါ်မယ်ကြည်တို့၏ အလှူ မတည်ငွေ အပါ အဝင် ငွေ ၅ဝဝဝိ-ကျော်ကို ဆောင်ရွက်ပေးပြီးနောက် ၁၂၈၈-ခုနှစ်သို့ ရောက်သောအခါ ဆရာတော်၏ကိစ္စ ပြီးမြောက်ပါပြီ၊ တပည့်နှင့် မြို့ရွာ နယ်ပယ်ရှိ တကာ-တကာမများ ပူဇော်နိုင်ကြရန် ဆရာတော်၏စွယ်တော်မြတ်ကို မင်းလှသို့ ပို့ပါမည့်အကြောင်း ထပ်မံလျှောက်ထား တောင်းဆိုသောကြောင့် သူ့အကျိုးဆောင် ကိုယ့်အကျိုးအောင် ဆိုသည့်အတိုင်း သီဟိုဠ်၌ နှစ်ပေါင်းများစွာ သာသနာပြုလျက်၊ သီဘင်းသုံးတော်မူ၍ ကိုလမ္ဗို လ်မြို့၊ အင်္ဂလိပ် ငွေတသိန်းကျော်တန် ကျောင်းတိုက်ကြီး၊ မဟာစေတီရှိရာ၊ အနုရာ မမြို့ လေးသောင်းကျော်ဘန်ကျောင်းတိုက်ကြီး၊ မြတ်စွယ်တော်ရှိ ရာ ကန္တီမြို့၊ ငါးသောင်းကျော်ဘန် ကျောင်းတိုက်ကြီးတို့၏ပိုင်ရှင် နှင့် စွယ်ဘော်တိုက်သစ်ကြီးကို စီမံဆောင်ရွက်ရသော မဟာနာ ယကဦးဝိနယလင်္ကာရဆရာတော်ကြီးသည် အမြဲမပြတ်ဆီးကပ်ကိုး ကွယ်ထားသောစွယ်တော်မြတ်ကို သီဟိုဠ်စွယ်တော်ဓာတ်နှင့်အတူ ကိန်းဝပ်တော်မူပြီးလျှင် ၁၂၈၉-ခုနှစ်ဘွင် အထက်ပါအတိုင်း မင်းလှမြို့သို့ ပင့်ဆောင်ခဲ့ခြင်းဖြစ်လေသည်။

## ( ၁၈ ) မင်းလှမြို့ ဝေဠုဝန်ဆရာတော်၏

## စွယ်တော်ကို ပူဇော်ပွဲ နှစ်စဉ်ကျင်းပခြင်း။

မင်းလှမြို့ ဝေဠုဝန်ကျောင်းတိုက်သို့ စွယ်တော်မြတ် ရောက်သည့်နှစ်မှစ၍ နှစ်စဉ် စွယ်တော်ကိုထုတ်၍အများပြည်သူတို့အား အဖူးအမျှော် အပူဇော်ခံစေသည်။

ထို့ပြင် ကြီးကျယ် ခန်းနားသော ပူဇော်ပွဲများအဖြစ်—

၁၂၉၀-ခုနှစ်တွင် ဓမ္မာရုံအသင်းမှ ကြီး မှူး၍ မြို့တွင်းသို့ လှည့်လည် အပူဇော်ခံခဲ့သည်။

၁၂၉၁-ခုနှစ်တွင် ဓာတုဝေယျာဝစ္စအသင်းမှကြီးမှူး၍ကျင်းပသည်။ နိုင်ငံကျော် ဦးစိန်ကတုံး၏ ဇာတ်မဟာသဘင်နှင့် မြို့ရွာပေါင်းစုံတို့မှ ဆိုတီး က နိပါတ်စုံတို့ဖြင့် ကခုန် လိုက်ပါကြခါ၊ မြို့တွင်းသို့ လှည့်လည်၍ အပူဇော်ခံသည်။ ပူဇော်ပွဲကြီး လှည့်ပြီးနောက် မြို့ပေါ်တွင် ဖြစ်ပွားနေသော ပုလိပ်ကပ်ရောဂါလည်း ပပျောက်၍ သွားလေတော့သည်။

၁၂၉၆-ခုနှစ်တွင် ပုလိပ်ရောဂါ တဖန် ပြန်ဝင်လာသဖြင့် ကျန်းမာရေး အင်စပက်တော် ဦးသန်းဖေ ဦးစီး၍ တမြို့လုံး လှည့် အပူဇော်ခံပွဲ ကျင်းပသည်၊ ပုလိပ်ရောဂါမှာလည်း ရှင်းရှင်း ပျောက်၍ သွားလေသည်။

၁၂၉၉-ခုနှစ်တွင် မင်းလှမြို့အင်စပက်တော်ဦးဘသစ်၊ ဌာနာပိုင် ဦးဘိုနီနှင့်မြို့သူမြို့သားများက ဝေဠုဝန်ကျောင်းတွင် နှစ်စဉ်

ပြုလုပ်မြဲ ကထိန်ပွဲကို မြတ်စွယ်တော်ဖွင့်ပွဲ၊ ဆွမ်းတော်ကြီးတင်ပွဲ တို့ဖြင့် တန်ဆောင်မုန်းလဆန်း ၁၄.ရက်မှ လဆုတ် ၂.ရက်နေ့ည အထိ ၄.ရက်တိတိ ကျင်းပရာ စွယ်တော်တိုက်ရှိရာ ဝေဠုဝန် ကျောင်းတွင်းသို့ ဝင်သည်တပြိုင်နက် ပုံဟူ ဖန်ဆင်းထားသော သီဟိုဠ်ခြေတော်ရာတောင်ကြီး၏ အောက်မှဝင်ရပြီး၊ ထူးဆန်းစွာ စီမံထားသော ဝက်ဘာလမ်းများမှ လှည့်၍ ဗုဒ္ဓ ဘုရားသခင် စံတော်မူရာ သတ္တဌာနဖြစ်သော ၁၊ ဗောဓိပင်နှင့် ရွှေပလ္လင်။ ၂၊ အနိမိသကုန်း။ ၃၊ ရတနာစင်္ကြံ။ ၄၊ ရတနာဃရရွှေအိမ်၊ ၅၊ အဇပါလ ဆိပ်ကျောင်း ညောင်ပင်။ ၆၊ မုစ္စလိန္ဒာအိုင်။ ၇၊ လင်းလွန်းပင် ဘုရားရှင် ဖွားမြင်တော်မူသော အင်ကြင်းပင် တို့ဖြင့် ဆန်းကျယ်စွာ စီမံထားသော စက်ရုပ်စုံ အဖုံဖုံတို့ အပြင် မြတ်စွယ်တော်မှ ကြည်ညိုဖွယ်ရာ ရောင်ခြောက်ဖြာ ကွန့်မြူးနေပုံ ကိုပါ ဖူးမြင်ကြရသည်။

၁၃၂၁ ခုနှစ်တွင် ခမုံပါရမီရှင် ဦးကုသလဆရာတော် ကြီးမှူး၍ ၇-ရက်တိုင် စွယ်တော်တိုက် ဆောက်လုပ်ရာဇေယျာ သိဒ္ဓိ သိမ်ကုန်းမဟာဌ် အောင်မြေနင်းပွဲ ကျင်းပသည်။ ဆရာ တော် ဦးကုသလက၊ ၇.ရက်တိုင် တရားဟော ချီးမြှင့်တော် မူသည်။ သီဟိုဠ်ကျွန်း စွယ်တော်လှည့်ပွဲ ကဲ့သို့ သဏ္ဍာန်ယူခါ စွယ်တော်ထိမ်းအမတ်ကြီးများ၊ ပန်း ဆီမီး ဖယောင်းတိုင် အမွှေး တိုင်ကိုင်သူများ စသည်တို့ဖြင့် လှည့်လည်ပူဇော်သည်။ လဆန်း ၁၄.ရက် ပဌမည၊ အလင်းဓါတ်အဖြစ် ဆီမီးတတိုင်စီ ကိုင်၍ လှည့်လည်ကြသည်။ ၁၅.ရက် ဒုတိယည အမွှေးဓါတ်ပန်း အိုး နံ့သာ မျိုးစုံတို့ဖြင့် ၎င်း၊ တတိယည အအေးဓါတ် ရေအိုး

၁၀၀ လုံး တို့ဖြင့်ရင်း၊ လှည့်လည်ကြသည်၊ လက်ပန်တန်းမြို့ ဦးတင်မောင်ကြီးက စွယ်တော်ထိန်းအမတ်ကြီးကဲ့သို့ ဝတ်ဆင်ကာ စွယ်တော်မြတ်ကို ပိုက်၍ရင်း၊တူမ မလှရီက အမိမြန်မာပြည် ဒေါင်းရုပ်ကဲ့သို့ ဝတ်ဆင်ကာ ဒေါင်းအိုးဝေသီချင်းဖြင့် သုံးည တိတိ ကပြ ပူဇော်ကြသည်။

၁၃၂၃ ခုနှစ်တွင် မြတ်စွယ်တော်နှင့်တကွ ဆရာတော်ကြီး၏ ရှေးဟောင်း ဘုရားပေါင်းများစွာတို့ အောင်စကြာ စေတီတော် စွယ်တော်တိုက်သစ် အတွင်းသို့ ပင့်ဆောင်ရာတွင် ပါရမီရှင် ခမ့် ဦးကုသလဆရာတော်က၊ ၃-ညတိတိ တရားဟော ချီးမြှင့်၍ရင်း၊ ဓါတ် နန်းသဘင် ဆင်ယင်ကျင်းပခြင်းဖြင့်ရင်း၊ တိုက်သစ်ဖွင့် အခန်းအနား ကျင်းပကြသည်။

တိုက်သစ်ဖွင့် အခန်းအနား သဘင် ဆင်ယင် ကျင်းပစဉ်အတွင်း၊ ရန်ကုန်မြို့ ရွှေတိဂုံ စေတီတော်၏ မြောက်ဘက် အာဇာနီကုန်းတွင် ဘုရားတည်ထားသော ဆရာတော် ဦးစန္ဒော၏ ဂိုဏ်းဝင် အမြင်အကြားရ မြောက်လှတ်ပင်ကျောင်း ဆရာတော် ဦးဝိဇယသည် ဝေဠုဝန်ကျောင်းသို့ လာ၍ တညအိပ်ပြီးလျှင် ၈-နာရီမှ ၁၂-နာရီ ၂-နာရီမှ ၅-နာရီအထိ စွယ်တော်တိုက်ထဲ၌ တရားနှစ်လုံးသွင်း၍ နေစဉ် လောကပါလ သာသနာစောင့် နတ်မင်းကြီး လေးယောက်နှင့် ရက္ခစိုး နတ်မင်းကြီးတို့သည်၊ စွယ်တော်တိုက် ဗောဓိပင် အင်ကြင်းပင်တို့၌ သွားလာစောင့်ရှောက်နေကြသည်ကို တွေ့မြင်ရသည့်ပြင် ထွက်ရပ်ပေါက် ဂိုဏ်းဝင် ဆရာတော်ကြီးတပါး ကြွရောက်လာသည်ကို တွေ့မြင်

ရသည်ဟု အမိန့်ရှိ၍ စွယ်တော်တိုက် အလယ်ထပ် မုတ်တကဲ အတွက် ဝတ္ထုငွေ ၂၀၇-ကျပ် လှူဒါန်းခဲ့လသည်။

၁၃၂၄ ခုနှစ် နယုံလဆုပ် ၁၀-ရက်နေ့တွင် သက်တော် ၉၇-နှစ်ရှိ အဂ္ဂမဟာ ပဏ္ဍိတ ဝေဠုဝန်နိကာယ ဂဏာဓိပတိဖြစ်တော်မူသော ကျေးဇူးရှင် သထုံမြို့ စန္ဒာရုံဆရာတော်ဘုရားကြီးသည် ဗုဒ္ဓရုပ်ပွားတော်များနှင့်အတူ မင်းလှမြို့ ဝေဠုဝန်ကျောင်းသို့ကြွလာ၍ သီတင်းသုံး ဝါဆိုတော်မူသည်။ထိုအခါ ဆရာတော်ဘုရား အိမ်မက်မြင်တော်မူသည်မှာ ရသေ့နှစ်ယောက်နှင့် ဖိုးသူတော် ၄ ယောက်တို့က၊ ကနက်ကဒန်ထီး လေးလက်နှင့်အတူ ဓါတ်တော်များပါ ဘုရားကို ပူဇော် လှူဒါန်း ကြသည်ဟု အိမ်မက်တော်မူသည်။

စွယ်တော်တိုက်ဆောက်ဆဲတွင် တရားပွဲများ အဆက်မပြတ်ကျင်းပခဲ့သည်၊ နိုင်ငံကျော် သာယာဝတီ ဦးညေယျဆရာတော် ဆေးဝဂ်ဘာဆရာတော် ခမုံ ဆရာတော် စသော ဓမ္မကထိကများ နှစ်စဉ်လိုပင် တရားပွဲများကျင်းပသည်။

စွယ်တော်တိုက်ဆောက်ဆဲ၊ တရားပွဲတခုတွင် မင်းလှအရှေ့၊ ညောင်သုံးပင်ရွာ၊ အသက် ၇၀-ကျော် ဒါယကာမကြီး ဒေါ်ငွေယုံက ဝေဠုဝန်ကျောင်း စွယ်တော်တိုက်ထဲသို့ ဓါတ်တော်များ အရောင်အဆင်းနှင့်တကွ ပြောင်းဝင်ကြွလာသည်ဟု အိမ်မက်ကြောင်း လျှောက်ထားသည်။

သက်တော် ၇၃-နှစ်ရှိ၊ ဘိလပ်ပြန် အင်္ဂလိပ်နှင့် သက္ကဋဘာသာမျိုးစုံတတ်သော မင်းမျိုးနွယ် ဆရာတော်ကြီး တပါးသည်

မက်ပုလဲအဖွဲ့မှ ချစ်တီးဘုရားလှည့်ပွဲတွင် ဗုဒ္ဓဘာသာကျောက်ဆင်းထုဘုရား တင်ထားရန်နှင့် တရားဟောရန် လျှောက်ထားချက်အရ တပည့် ရှင်သာမဏေ ၁၄-ပါးနှင့် ကြွလာစဉ် ဘုရားရှင်၏ စွယ်တော်ဓါတ်တော်များနှင့် ရှေးဟောင်းဘုရားပေါင်းစုံတို့ တွေ့ကြုံဖူးမြင်ရသောအခါ ဝမ်းသာစွာ ဤနေရာဌာနသည်ဘုမ္မိနက်သန်မှုန်၍ ရှေးဘုရားထူးတို့၏ ကိန်းဝပ်ဘူးရာဖြစ်လိမ့်မည်ဟု တရားဟောရင်း ထည့်သွင်း ပြောကြားသွားသည်၊ ဆရာတော်၏ တပည့် သာမဏေများသည် အရွယ်ပင် ငယ်သော်လည်းရှင့်ကျင့်ဝတ်ကို သက္ကဋဘာသာဖြင့် အားလုံးရွတ်ဆိုကြသည်၊ ဆရာတော်သည် လောကီလောကုတ္တရာ စုံသည် ဘာသာစုံတတ်၍ ချစ်တီးစကားနှင့် တရားဟောတတ်သည်။

သက်တော်ရှည် ဆရာတော်များသည် ကြွရောက်တရားဟောချီးမြှင့်၍ စွယ်တော် တိုက်အတွင်း သီတင်း သုံးဘူးကြသည်၊ ကျိုက်ထိုမြို့ အသက် ၉၀-ကျော် မင်းမျိုးမင်းနွယ်၊ မယ်ဇယ်ဆရာတော်ဘုရားကြီးသည် ဝေဠုဝန်ကျောင်း၌ ရဟန်းခံ ရှင်ပြုသို့ကြွလာရင်း ခေတ္တသီတင်းသုံးဘူးလေသည်။

## အောင်စကြာ စေတီတော်အမည်နှင့် စွယ်တော်တိုက်ဆောက်ခြင်း

၁၂၉၁ ခုနှစ် စွယ်တော်ပွဲသဘင်ဆင်ယင် ကျင်းပပြီးနောက်စွယ်တော်တိုက် တည်ဆောက်ရန်နှင့် မြတ်စွယ်တော်၏ ဝေယျာဝစ္စများကို ဆောင်ရွက်ရန်အတွက် “ဓါတုဝေယျာဇစ္စအဖွဲ့ကြီး” အမည်နှင့် အဖွဲ့တခုကို ဖွဲ့စည်းကြသည်။

ဓါတု ဝေယျာဝစ္စအဖွဲ့တွင် ပဥ္စမ ဥက္ကဋ္ဌအဖြစ် မင်းလှမြို့ ကြို့ကုန်းဆရာတော် ဒုတိယ ဥက္ကဋ္ဌအဖြစ် မင်းလှမြို့ တာဆုံဆရာတော်နှင့် သီဟိုဠ်ဆရာတော် ဦးဝိနယလင်္ကာရ ပထမအကျိုးဆောင်အဖြစ် မင်းလှမြို့ ဝေဠုဝန်ဆရာတော်၊ ဒုတိယအကျိုးဆောင်အဖြစ် မင်းလှမြို့သီဟိုဠ်ဦးသုဝဏ္ဏတို့က ဆောင်ရွက်ကြပြီး အောက်ပါ အမှုဆောင်များ ပါဝင်ကြသည်။

| | | |
|---|---|---|
| ၁။ | ဦးကြူးဖေ | ဆရာဝန်ကြီး |
| ၂။ | ဦးလှဆောင် | ဟိုက်စကူး ကျောင်းဆရာကြီး |
| ၃။ | ဦးသာဥာဏ် | ကျောင်းဆရာကြီး |
| ၄။ | ဦးစံဝ | ဖေါင်သူကြီး |
| ၅။ | ဦးဘိုးကြွိုင် | ဖေါင်သူကြီး |
| ၆။ | ဦးကံကြီးမောင် | တောအုပ်ကြီး |
| ၇။ | ဦးဖိုးမောင် | မြို့မြူနီစီပါယ်ဥက္ကဋ္ဌ |
| ၈။ | ဦးမောင်ကလေး | အငြိမ်းစားဆရာကြီး |
| ၉။ | ဦးချစ် | ကံထရိုက်တာ |
| ၁၀။ | ဦးပေါလှ | တောအုပ်ကြီး |
| ၁၁။ | ဦးဖိုးဖြင် | အငြိမ်းစား |
| ၁၂။ | ဦးစံဘ | မြဝတီပုံနှိပ်တိုက်ပိုင်ရှင် |
| ၁၃။ | ဦးသန်းဖေ | ကျန်းမာရေး အင်စပက်တော် |
| ၁၄။ | ဦးအောင်ရေ | ကုန်သည် |
| ၁၅။ | ဦးထွန်းဖေ | ရုံပိုင်ကြီး |
| ၁၆။ | ဦးအုန်းဖေ | ရုံပိုင်ကြီး |

| | | |
|---|---|---|
| ၁၇။ | ဦးဘအုံး | မြေပိုင်ရှင် |
| ၁၈။ | ဦးထွန်းလှိုင် | ရှင်း |
| ၁၉။ | ဦးမြတ်စံ | သမာဓိမြို့ဝန် |
| ၂၀။ | ဦးဘိုးအောင် | ကျောင်းဆရာကြီး |
| ၂၁။ | ဦးဘဟံ | သမာဓိမြို့ဝန် |
| ၂၂။ | ဦးတိန်ကွ | အထည်ကုန်သည် |
| ၂၃။ | ဦးစောရိပ် | အငြိမ်းစားစာရေးကြီး |
| ၂၄။ | ဦးဘိုးရ | ကုန်သည် |
| ၂၅။ | ဦးစံရ | ကုန်သည် |
| ၂၆။ | ဦးကျင်ရွှေ | ပွဲစားကြီး |
| ၂၇။ | ဦးစံညွန့် | အငြိမ်းစား |
| ၂၈။ | ဦးထွန်းအောင်ဖေ | ရိစစ္စဘြိမြို့အုပ်ကြီး |
| ၂၉။ | ဦးဘမောင် | မြေစာရင်းအင်စပက်တော် |

ဖော်ပြပါ ဓါတုဝေဿာဝစ္စအဖွဲ့မှ ကြီးမှူး၍ ၁၂၉၁-ခုနှစ် ပြာသိုလတွင်စွယ်တော်တိုက် အုပ်မြစ်ချသည်။အမြင့် လေးပေခန့် အထိ ပြီးမြောက်သည်။ စစ်ကြီးအတွင်း၌ဆက်လက်၍ မဆောင် ရွက်နိုင်ကြဘဲ၊ ရပ်စဲထားကြရသည်။

**စွယ်တော်တိုက်ကို အပြီးသတ် တည်ဆောက်ခြင်း။**

၁၃၂၀-ခုနှစ်၊ လွတ်လပ်ရေးခေတ်သို့ ရောက်သည့် အခါ၊ ဒုတိယအကြိမ်ဒါယကာ အမိန့်တော်ရဦးစိုးမင်း၊ ကုန်သည်ဦးဘိုး ချစ် စသောပုဂ္ဂိုလ်များက ခေါင်းဆောင်၍ ဓါတုဝေဿာဝစ္စ

အဖွဲ့ အစည်းအဝေးခေါ်ဆိုရာ ၁၅၀ ကျော် ၂၀၀ ခန့် တက်ရောက်ကြသည်။ ဝေဠုဝန်ဆရာတော်အား နာယက၊ စာရေးကြီး ဦးဘိုးထူးအား ပထမဥက္ကဋ္ဌ၊ စက်သူဌေး ဦးလှခင်အား ဒုတိယဥက္ကဋ္ဌ၊ အမိန့်တော်ရ ဦးဘညွန့်၊ ကုန်သည် ဦးထွန်းရွှေ၊ ကျောင်းဆရာကြီး ဦးမြတို့အား အကျိုးတော်ဆောင်များအဖြစ် ထား၍ အမှုဆောင် ၅၀ ကျော်တို့ဖြင့် ထပ်မံအသစ်ဖွဲ့စည်း ဆောင်ရွက်ကြရာ သီဟိုဠ်ကျွန်းရှိ လေးဆူဓါတ်ပုံ၊ ထူပါရုံ ပုံတော်အတိုင်း ဇေယျာသိဒ္ဓိ သိမ်တော်ပေါ်၌ ရှစ်မျက်နှာ အောင်စကြာစေတီခေါ် စွယ်တော်တိုက်ကြီးကို အပြီးသို့ရောက်လေသည်။

၁၃၂၃ ခုနှစ်တွင် စွယ်တော်မြတ်နှင့်တကွ ဆရာတော်ကြီး စုဆောင်းထားသော ရှေးဟောင်းရုပ်ပွားတော်များ၊ ဓါတ်တော်များ၊ ဓမ္မစေတီပရိဘောဂများကို အခမ်းအနားကျင်းပ၍ စွယ်တော်တိုက်သစ်သို့ ပို့ဆောင်ပူဇော်ကြလေသည်။

## အောင်စကြာစေတီခေါ် စွယ်တော်တိုက်၏ ထူးခြားချက်များ

စွယ်တော်တိုက်၏ ထူးခြားဆန်းပြားပုံမှာ၊ ပဌမ အကြိမ်ကသာ၊ စွယ်တော်တိုက် ဆောက်လုပ်ပြီးစီးပါက၊ မြတ်စွယ်တော် တဆူတည်းသာ ကြိမ်းဝပ်တော်မူရမည် ယခုမူကား၊ ဘုရားပေါင်းစုံ ဓါတ်တော်ပေါင်းစုံ ပါမှသာ ပြီးစီးအောင်မြင်ရာ၊ စွယ်တော်မြတ်တွင်မကာ၊ ဘုရားပေါင်းစုံ ဓါတ်တော်ပေါင်းစုံတို့ပါ ကိန်းဝပ်တော်မူရလေသည်။

ထို့ပြင်တစ၊ ၁၂၇၇ ခုနှစ် ပြာသိုလ ကျောင်းတိုက်တည် စကာပင် မင်းလှဌာနပိုင် ဦးဖေမောင်၊ စာရေးကြီး ဦးလှတင်နှင့် မြို့သူ မြို့သားတို့သည်၊ ၁၂၈၈ ခုနှစ် ကထိန်ပွဲနှင့် တန်ဆောင် တိုင်ပွဲကို၊ တခန်းတနားကျင်းပကြရာ ဝေဠုဝန်ကျောင်းတိုက်၏ အဝင်ဝတွင်၊ တောင်ကြီးသဏ္ဌာန်ပြုလုပ်၍ သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓ မြတ်စွာ ကြွရောက်လာသောအခါ သုမနနတ်မင်း တောင်းပန် ခြင်းကြောင့် စေတီပါဒ တောင်ထိပ်ဖျား၌ ဘုရားခြေတော်ရာ ချတော်မူပုံနှင့် သုမန နတ်မင်းကြီး တောင်းပန်နေပုံ၊ ခြေထော် ရာအစုံပါသည့်အပြင် အတွင်းသို့ ဝင်သွားပါက၊ ဝင်္ကဘာအသွင် ပြင်ဆင်လျက် သတ္တဌာန ခုနှစ်ခမ်းအတွက် ဘုရားနှင့်ကျောင်း ဆောင်များ ၈၀ ပေါ် ပန်းခြံကိုပါ ပြသ ပူဇော်ခံပြီးလျှင် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူ၍ ပရိသတ်များ အား နိဗ္ဗာန်ဈေးဖြင့်ကျွေးသည်။ ထိုအခါ၊ လူသူတော်တယောက် ပေါက်လာပြီးလျှင် အောင်စကြာလာပြီဟု သုံးကြိမ်အော်သွား သည်။ နိမိတ်ထူးပင်၊ ဤအတိတ်နိမိတ်အရ ရှစ်မျက်နှာ အောင် စကြာခေါ် စွယ်တော်တိုက်ပေါ်လာရသည်။

## စိန်ဖူးတင်ပွဲသဘင် ကျင်းပခြင်း

၁၃၂၅ ခုနှစ်၊ တကူးလဆုပ် ၆-ရက်နေ့တွင် အောင်စကြာ စေတီခေါ် စွယ်တော်တိုက်သစ် ပုထိုးတော်တွင် စိန်ဖူးတော်တင် သည်၊ လဆုပ် ၄-ရက်နေ့ညနေမှ ၆-ရက်နေ့ညတိုင်၊ ရန်ကုန်မြို့မှ ပါရမီရှင် ဆေးဝင်္ကဘာဆရာတော် တရားဟော၍ ၆ ရက်နေ့၊ နေ့လည်တွင် တာဝတိံသာ ငွေစောင်းတန်းမှ မင်းခန်းမင်းနား

နှင့် သိကြားဗြဟ္မာများက နတ်ယဉ်ပုံ့ချရထားဖြင့် စိန်ဖူးတော်တင်ကြသည်။ ၆-ရက်နေ့ညမှ ၇-ရက်နေ့ညအထိ၊ ပန်တျာကြည်လင်ရန်ကုန်အငြိမ့်ဖြင့် ဖျော်ဖြေပွဲသဘင်ကျင်းပရာ အလွန်ပင်စည်ကားလေသည်။

## စေတီတော်အတွင်း ကိန်းဝပ်တော်မူသော ရုပ်ပွါးတော်များနှင့် ဓါတ်တော်များ

စေတီတော်ပုံမှာ၊ စတုရန်းလေးဒေါင့်တိုက်၏ အတွင်းမှ ရှစ်မျက်နှာ သုံးဆင့်တက်ပြီးလျှင် အမိုးပေါ်က ပုထိုးတော်တည်သည်၊ အမိုးအတွင်း စေတီတော်တွင်၊ ဒေါင့်ရှစ်ဒေါင့် ပေါ်၌ အဆင့်သုံးဆင့်ထားသည်။

ပဌမ ဆင့် ။ ။ဘီဒို ရှစ်လုံးဒေါင့်အဖုံးတိုင်မှာ အင်္ဂတေ၊ယိုးဒယား ပေါက်ပန်းပေါ်မှ ဒေါင်းရုပ်နှင့် စေတီငယ်တဆူစီ။

ဒုတိယ ဆင့်။ ။တကဲပလ္လင်နှင့် နယား ရှစ် ကောင် ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသံ၊ ဂေါဏာဂုံ၊ ကဿပ၊ ဂေါတမ၊ဘုရားခုနှစ်ဆူနှင့် အရိမေတ္တယျအလောင်းနတ်သား၊ နယားရှစ်ကောင်။

တတိယ ဆင့်။ ။မုတ်ပလ္လင်နှင့် ရှေးဘုရားရှင်ရှစ်ဆူ။

အမိုးပေါ်က ပုထိုးတော်မှာ သီဟိုဠ် ထုပေါ်ရှိ ပုံတော်အတိုင်းတည်ထားသည်။

## ပထမဆင့်ဘီဒိုရှစ်ခုအတွင်း သီတင်းသုံးလျက်ရှိကြသော ရုပ်ပွားတော်နှင့် ဓါတ်တော် မွေတော်များ

### ၁။ ကြာသပတေးဒေါင့်ဘီဒိုအတွင်း၌

ပဌမဆင့်တွင် ကကဲပလ္လင်နှင့် မဟာ ဗောဓိ ဘုရားရှင် (အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ လက်ထက်မှစ၍ မြန်မာဘုရင်များ ကိုးကွယ်ခဲ့သောဘုရား၊ မုံရွာသား အဘိဓမ္မာဆရာကြီး ဦးမင်းကျော်ထံမှ ရရှိသည်) ရွှေးဟောင်းဘုရားနှစ်ဆူ(ရွှေဘိုအမတ်ဟောင်း ဘုရားလှူကြီးတကာတဦး ထံမှ ရသည်)။

ဒုတိယအဆင့်တွင်၊ မြတ်စွယ်တော်နှင့် ကြုပ်၊ ဆင်ပေါ်မှ ဒက္ခိဏသာခါဘုရားနှင့် ကြွပ်ဟန်နံဘုရားများ။

### ၂။ ရာဟုဒေါင့် ဘီဒိုအတွင်း၌

ပဌမဆင့်တွင် ရှင်အရဟံပုံတော်ရုပ်ထုတော်နှင့် ရှင်အရဟံ ကိုးကွယ်သော ဆင်သုံးစီးပေါ်မှ ရုပ်ပွားတော်။

ဒုတိယဆင့်တွင် မြတ်စွာဘုရား မိဂဒါဝုန်၌ ပဥ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားဟောကြားပုံ။

တတိယဆင့်တွင် ရွှေဖိန်းချ ပိဋကသုံးပုံပေမူနှင့် ကြွပ်ဟန်နံ ဘုရားများ။

၃။ သောကြာဒေါင့်ဘီဒိုအတွင်း၌

ပဌမဆင့်တွင် ဗုဒ္ဓမြတ်စွာသည် ပုလလဲတောမှာ ဝါဆိုစဉ် ပုလလဲဆင်မင်း လုပ်ကျွေးပုံ ရုပ်ထုတော်နှင့် မျောက်က ပျား မုန့်ဆွမ်း လှူဒါန်းနေပုံ။ ရုပ်ထုတော်မှာ၊ တောင်ကုန်းပေါ်မှ ခြေတော်ချလျက် ထိုင်နေပုံဖြစ်သည်။

ဒုတိယဆင့်တွင် ကြေးသွန်း ဘုရားတဆူနှင့် ကြေးသွန်း ရဟန္တာ နှစ်ပါးပုံတော်နှင့် ဂြိုဟ်နံဘုရားများ။

၄။ တနင်္ဂနွေဒေါင့် ဘီဒိုတွင်း၌-

ပဌမဆင့်တွင်ဇမ္ဗူပဒိချွတ်ခန်း၊နန်းစဉ်ရွှေလင်းပင်ဘုရား၊ ရှေးဟောင်း အိန္ဒိယပုံတော်၊လက်စွပ်၊လက်ကောက်၊လက်စီး၊ လက်ကြပ်၊နားဆွဲပါ၍ အိန္ဒိယယဉ်ကျေးမှုဖြစ်သည်၊ကျောက် သား ရှေးဘုရားဆင်းတုတော်။

ဒုတိယဆင့်တွင် သတ္တဋ္ဌာန မြေစေတီ ၇ ဆူ။

တတိယဆင့်တွင် ရှင်သာရိပုတ္တရာ နှင့် ရှင်မောဂ္ဂလာန် ဓါတ်တော်များ(ဓါတ်တော်များကို မှန်စီရွှေချကလပ်ပေါ် တွင် ဖန်စေတီနှင့်ထည့်ထားသည်) နှင့် ဂြိုဟ်နံဘုရားများ။

၅။ တနင်္လာဒေါင့်ဘီဒိုတွင်း၌-

ပဌမဆင့်တွင် မတ်ရပ်တော်ဗုဒ္ဓဘုရားရှင်နှင့်မတ်ရပ်တော် ကျောက်သားရုပ်ထု၊ ရှင်သာရိပုတ္တရာနှင့်ရှင်မောဂ္ဂလန်အရှင် မြတ်များပုံတော် ၂ ဆူနှင့် အနန္ဒာပုံတော်တဆူ။

ဒုတိယဆင့်တွင် ဒွတ္တပေါင်မင်းကြီး သမီးတော် ဘုရားဟောင်းမှရသော ကြွေဆင်းတုတဆူ၊ ရွှေချထားသည့် စလင်းအစစ်မှ စေတီဖြစ်ပေါ်နေသော စေတီတဆူ၊ ဥစ္စာစောင့်ဘုရားတဆူ ဂြိုဟ်နံဘုရား။

၆။ အင်္ဂါဒေါင့်ဘိဒိုတွင်း၌-

ပဌမဆင့်တွင် စိန်တုန်းမိဘုရားကြီး၏သားတော် ကိုးကွယ်သော ဆင်စွယ်စေတီ ဖန်ပေါင်းချောင်နှင့်တည့်၍ ထားသည့်သီး၊ တံခွန်၊ ခြသေ့်၊ ဟသ်ာရုပ် ခေါင်းလောင်း၊ ဥဒိန္ဒမင်း ဆင်စီးပုံ၊ သိကြားပုံ၊ အုတ်တံတိုင်း၊ မုတ်ပေါက်လှေခါးတက်၊ အစုံပါသည်၊ (မန္တလေး ကပိုင် ကံစွယ်ကျောင်းမှ ရသည်) အိန္ဒြယကြေးဆင်းတုတဆူ။

ဒုတိယဆင့်တွင် ဖိုးဝင်းတောင်မှ မန်အောင်ဘုရား၊ ငါးပြည်တောင် ဓါတ်တော်ဖွင့်ပြရာ ဖန်ပေါင်းချောင်နှင့် ငွေကလပ်၊ ငွေစေတီ၊ ဂြိုဟ်နံဘုရား။

၇။ ဗုဒ္ဓဟူးဒေါင့်ဘိဒိုတွင်း၌-

ပဌမဆင့်တွင်ကမ္ဘာ့ချမ်းသာအေး မာန်အောင် ဆုတောင်းပြည့်ဘုရား၊ ဇမ္ဗူပဒိချတ်ခန်း၊ မင်း မြောက်တဆာ ငါးပါးဆင်၍ထားသည် (မြန်မာပုံ)၊ မနုသီဟာဘီလူးပုံ ပလ္လင်တွင်ပါသည်၊ မန္တလေး စကြာသီဟာဘုရားမှ ရသည့် ရှင်သီဝလိ မတ်ရုပ်တော်။

ဒုတိယဆင့်တွင် နိရောဓသမာပတ်ဝင်စားပုံ၊ သက်နက်သားဘုရား မတ်ရပ်တော်ဒီပင်္ကရာဘုရား။

၈။ စနေဒေါင့်ဘီဒိုတွင်း၌-

ပဌမဆင့်တွင် အသားတော် ငွေရောင်၊ သက်န်းတော်ရွှေရောင်ဖြင့် အရောင်မတူသော ခတ်သား ကြေးသွန်းဘုရား၊ ယိုးဒယားဘုရား။

ဒုတိယဆင့်တွင် နိပေါဘုရား၊ သီဟိုဠ်ဘုရား၊ အိန္ဒိယဗာရဏသီဘုရား၊ မိဂဒါဝုံတွင် ဝါဆိုစဉ်က ရသည်။

တတိယဆင့်တွင် တိဘက်ဘုရား၊ တရုပ်ဘုရား၊ မြန်မာနဂါးရုံဘုရား၊ ဂြိုဟ်နံ့ဘုရား။

အထက်ပါ ပုံတော်များအပြင် သိမ်တော်အတွင်း နံရံလေးမျက်နှာ၌ အရှေ့ဘက်နံရံတွင် ဓဟာရဋ္ဌနတ်မင်းကြီးနှင့် ဂန္ဓဗ္ဗနတ်များ၊ မြင့်မိုရ်တောင်ကို ငါးကြီးအနန္တာပတ်ထားပုံနှင့် ထုတ်လုပ်ဖော်ပြထားသည်၊ တောင်ဘက်နံရံတွင် ဝိရူဠ္ဍကနတ်မင်းကြီးနှင့် ဂုမ္ဘာန် နတ်ဘီလူးများ၊ မြင့်မိုရ်တောင်အထက်မှ တာဝတိံသာနတ်ပြည်သို့ မြတ်စွာဘုရား ကြွလာပုံ၊ ငါးကြီး အနန္တာ ပတ်ထားသည်။

အနောက်ဘက် နံရံတွင် ဝိရူပက္ခနတ်မင်းကြီးနှင့် နဂါးများမြောက်ဘက်နံရံတွင် ကုဝေရနတ်မင်းကြီးနှင့်ဘီလူးများ၊ ငါးကြီးအနန္တာ ပတ်ထားပုံတို့ကို ထုတ်လုပ်ဖော်ပြထားသည်။

စွယ်တော်တိုက်အဝင် တန်ဆောင်းတွင်းတွင် ခြသေ့်ညီနောင် နှင့် ဆင်နှစ်ကောင်တို့က တဘက်တချက်တွင် ကပ်လျက်စောင့် နေပုံကို ထုလုပ်ထားသည်။ အထူးအားဖြင့် ယင်းဆင်နှစ်ကောင် ပေါ်တွင် နော်ရထာမင်း စွယ်တော်ပိုက်ထားဟန်နှင့် ဥဒိန္နမင်း စောင်းတီး၍နေဟန်ကို ထုလုပ်ထားသည်။စွယ်တော်တိုက်အတွင်း သို့ ဝင်စ တံခါးမကြီးများ၏ရှေ့တွင် လက်ဝဲ လကျ်ာ တဘက် တချက်တွင် နဂါးနှစ်ကောင်တို့က အမြီးထောင်၍ ဘုရားဖူးများ အား ကြိုဆိုလျက်ရှိပုံကို ထုလုပ်ထားသည်။ အမြင့် နံရံတွင် သိကြားဗြဟ္မာများပုံနှင့် သတ္တဋ္ဌာနပုံတော်များ၊ ဒုဋ္ဌဂါမဏိမင်း ကြီးပုံ၊ ဝိသာခါဒါယကာမကြီး၏ပုံနှင့် အနာထပိန်သူဌေးကြီး၏ ပုံများကို အိန္ဒိယမူလပုံအတိုင်း ရေးဆွဲတင်ပြထားလေသည်။

ထို့ပြင် သိမ်တော်၊တန်ဆောင်းအတွင်းတွင် ဆရာတော်ကြီး စုဆောင်း သိမ်းဆည်းထားသော-

(၁) အနှစ် ၂၀၀ ကျော်မျှ ရှေးကျခဲ့သော နန်းဦးကျောင်း တော်၊ ထိုကျောင်းတော်အတွင်း အလေးချိန် လေးဆယ်ခန့်ရှိ ကြေးဆင်းတု ဘုရားတဆူနှင့် ကြေးတော်မူ ကျောက်ဆင်းတုတဆူတို့ကိုရင်း။

(၂)။ ဘုရားရှင်သည် ဗောဓိပင်နှင့် ရွှေပလ္လင် အောင်မြင် သည့်အခါ၊ မာန်နတ်မင်းလာ၍ စစ်ထိုးပုံနှင့် ဝသုန္ဒြေနတ်တို့ အစုံ ပါသော ရုပ်ထုပုံတော်ကိုရင်း။

(၃) ပခုက္ကူမြို့အပိုင် ပခမ်းကြီးမှရသော ရှေးဟောင်း တကဲ ပလ္လင်နှင့် ၆-တောင်ခန့်မြင့် ဘုရားရှင်၏ရုပ်ထုကိုရင်း။

(၄) ကျောင်းတော်နှင့် ထည့်ထားသော ဒီပင်္ကရာမြတ်စွာဘုရားထံ သုမေဓာရသေ့ တံတားခင်း၍ ဗျာဒိပ်ခံနေပုံ၊ သုမိတ္တာ ဆုပန်နေပုံနှင့် ရဟန္တာအစုံကိုရင်း။

(၅) ဟင်္သာစီး ပိဋကတ်သုံးပုံ စောင့် မယ်တော်ကြီး၏ ရုပ်ထုကိုရင်း။

(၆) ရှေးဟောင်းသစ်သားပြဿဒ် ကျောင်းတော် အဆောင် အဦငယ် တခုကိုရင်း။

စွယ်တော်တိုက်အတွင်းတွင် ထည့်သွင်း၍ ပူဇော်ခံရန် ခင်း ကျင်းပြသထားလေသည်။

## ထူးခြားလှသော ငါးပြည်တောင် ဓါတ်တော်များနှင့် ရုပ်ပွားတော်များ

ဝေဠုဝန်ဆရာတော်သည်။ ရဟန်းတဝါအရ။ ပြည်မြို့၌နေ စဉ်၊ ပဌာလဆရာတော်ကြီး၏ သိဟိုဠ်ဗောဓိသားအစစ်ကို ထုလုပ် ထားသော ဒက္ခိဏာသာခါဘုရားများအနက် တဆူကို ဆရာ ဦးမောင်ကြီးထံမှ ရခဲ့သော ဒက္ခိဏာသာခါ ဘုရား တဆူ။ သက်တော်၅၀-ကျော်လယ်တီဂိုဏ်း၊ကျိုက်ထိုဘုရားသုံးဆူတောင်

ဆရာတော်ကြီး ထုလုပ်ကိုးကွယ်သော ပန်းပေါင်းစုံ ဒက္ခိဏာသာ ခါဘုရားတဆူ၊ သင်္ဂါယနာတင်ရာတွင် ပါဝင်သော တပ်ကုန်းမြို့ ညောင်လွန်ဆရာတော်ဦးလက္ခဏထံမှ ရှေးဘုရားတဆူ၊ (ဝေဠုဝန် ဆရာတော်က ရွှေရောင်အဆင်း၊ ဓါတ်တော်တဆူ ကိုးကွယ်ရန် လှူသည်)၊ မင်းလှမြို့ ကညင်ပင်ရွာ ဘုရားဒကာ ဆရာကြီး ဦးဘိုး အောင်ထံမှ ရှေးဟောင်းဘုရားတဆူ၊ ပြည်မြို့သိမ်ကုန်း၊ ဒွတ္တပေါင် မင်းကြီး တည်ထား ကိုးကွယ်ထားသော စေတီတော်ပျက်မှ ရရှိ သော ရှေးဟောင်း ကြေးဆင်းတုတဆူ၊ မန္တလေးမြို့ ကြေးတိုင် ဝန်ထော်တဦးထံမှ ရှေး ဝန်ကတော်တဦး ကိုးကွယ်သော ဥဘဏ် တော် တထောင့်ထွာခန့်ရှိ ပလ္လင်နှင့် ဘုရားတဆူ၊ စစ်ကိုင်းမြို့ မဟာစေတီတော်ကြီး၏ပုံတော် ငွေကလပ်နှင့် ဖန်ပေါင်းချောင် အပေါ်မှာ မဟာစေတီပုံ၊ ငွေစေတီတဆူ။ စသော ရုပ်ပွားတော် များနှင့်အတူ ဗုဒ္ဓ မြတ်ဘုရား၏ အသွေးတော်၊ အသားတော်၊ အရိုးတော်တို့မှ တန်ခိုးတော်ကြောင့်ဖြစ်ပေါ်လာသော ရွှေရောင် ထိန်ညီး၊ အကြီးပဲနှောက်၊ ဆံကြိုးလောက်အလပ်စား၊ ခယားပွင့် အဆင်း၊ မုံညင်းစေ့အငယ်၊ ပုလဲသွယ်အရောင်၊ ဝင်းပြောင်ဖြိုး ဖြိုး၊ ဤသုံးမျိုးသော ဓါတ်တော်တို့နှင့် ငါးပြည်ထောင် ဓါတ် တော်၊ ဆံတော်၊ စန္ဒကူးမီးသွေးများကို အောက်မှ နယားရုပ် ပလ္လင်ခံ၍၊ ပတ္တမြားဒေါင်းရုပ်၊ ရွှေကြုတ်နှင့် ထိထားသည်။ ယင်း ရွှေကြုတ်တော် တဆူတို့ကို ဆရာတော်ကြီးကိုယ်တိုင် သီတင်းသုံး လျက်ရှိသော ကျောင်းတိုက် ဘုရားဆောင်တွင် ကိန်းဝပ်လျက် ရှိတော်မူသည်။

## မဟာဗောဓိ၊အင်ကြင်းနှင့်လင်းလွန်းပင် စသော ရတနာမြတ်များ။

မင်းလှမြို့ ဝေဠုဝန် စာသင်တိုက်အတွင်းသို့ မြတ်စွယ်တော် ဆိုက်ရောက် ကိန်းဝပ်တော်မူသည့် အချိန်မှစ၍ မြတ်စွယ်တော်နှင့် ဘွားဘက်တော်ဟု ဆိုအပ်သော မဟာဗောဓိ အင်ကြင်းနှင့် လင်းလွန်းပင်မြတ်တို့ ရောက်ရှိလာကြသည်။

၁၂၉၁-ခုနှစ်၊ တပေါင်းလဆုပ် ၄-ရက်နေ့၊ နံနက်တွင်၊ သီဟိုဠ်ကျွန်းမှ ဆရာတော်ကြီး၊ ဦးဝိနယလင်္ကာရနှင့် ဦးသုဝဏ္ဏ ထေရ်တို့ ပို့လိုက်သော ဆင်သုံးရုပ်ခံ ရတနာ ပန်းတောင်းနှင့် ဗောဓိပင် ကလေးများကို၊ မင်းလှမြို့ ဝေဠုဝန် ဆရာတော်ကိုယ် တိုင်၊ ရန်ကုန်သို့၊ သွားရောက်၍ နံနက် စောစောအချိန် ရွှေတိဂုံ စေတီတော် အနောက်ဘက်မုခ်ဖွင့်ပွဲတွင်၊ ကိုယ်တိုင်ပါဝင်တက် ရောက်၍၊ စေတီတော်ကြီးအား လကျာ်ရစ် လှည့်ပတ်ခါ ပူဇော် ဦးခိုက်ပြီးလျှင် ၁၀-နာရီခန့်တွင် သဘော်ဆိပ်သို့ သွား ရောက် ပင့်ယူလျက်၊ တပေါင်းလဆန်း ၁၅-ရက်နေ့တွင် မြတ်စွယ်တော် နှင့်အတူ ဗောဓိပင် မြတ်ကို မြို့လုံးပတ်လှည့်၍ အပူဇော်ခံသည်။ ဗောဓိပင်မြတ်ကို ဝေဠုဝန်တိုက်၏ အင်္ဂါဒေါင့်တွင် အုပ်ခုံပလ္လင် ခံ၍ စိုက်ပျိုးပူဇော်ထားရာ ယနေ့တိုင် ရှင်သန် ကြီးထွားလျက်ရှိ လေသည်၊

၁၂၉၂-ခုနှစ်တွင် ဘုရားရှင် ဖွားမြင်တော်မူသော လုမ္ဗိဏီ အင်ကြင်းပင်မြတ်နှင့် သတ္တဋ္ဌာန အပါအဝင် လင်းလွန်းပင်မြတ်

တို့ကို သက်ာနက်သား ဘုရားတဆူနှင့်အတူ သီဟိုဠ်မှ တပည့် အရှင်သုဝဏ္ဏထေရ်က ပို့လိုက်ရာ အင်ကြင်းပင်မြတ်ကို တောင် အရပ်တွင်ရှင်း၊ လင်းလွန်းပင်မြတ်ကို မြောက်ပင်အနီးတွင်ရှင်း၊ စိုက်ပျိုးပူဇော်ခဲ့ရာ ယနေ့တိုင် ရှင်သန်ကြီးထွားလျက်ရှိလေသည်။

## မြတ်စွယ်တော် ရှိခိုးဂါထာ။

မဟာဝိရမဟာပုည ဓါတုံဝန္ဒာမိစက္ခုမာ၊
ဟိတံဝေနေယျသတ္တာနံ ဝန္ဒေတေဝရဓါတုကံ။

မဟာဝိရ ကြီးမြတ်သော လုံ့လရှိတော်မူထသော မဟာပုည၊ လေးသင်္ချေနှင့်၊ သိန်းနေကမ္ဘာ၊ ရှည်မြင့်ကြာအောင် ပါရမီ၊ ဆု ထူးပန်ခဲ့ဘူး၍ ထူးမြတ်ကြီးကျယ်သော ဘုန်းကံ ရှိတော်မူထသော စက္ခုမာ၊ ဗုဒ္ဓစက္ခုသမန္တနှင့် ဒိဗ္ဗပညာ ငါးဖြာသော ဉာဏ်မျက်စိ ရှိတော်မူထသော အရှင်မြတ်ဘုရား၊ ဓါတု၊ သတိပညာ သဒ္ဓါ ထက်သန် ကုသိုလ်ကံဖြင့် ဆော်ဖန်ကြည်ဖြူ မြတ်နိုးသူကို နိဗ္ဗူ ထုတ်ခြောက် ဆုံးခန်းရောက်အောင် ပို့ဆောင်ခဲ့ လတ်၊ အောက် လက်ဝဲဓါတ် စွယ်တော်မြတ်ကို ဝန္ဒေဝန္ဒာမိ၊ ကာယဝစီ မနော ချီလျက်၊ သုံးလီစေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆွ မြတ်နိုး၊လက်စုံမိုး၍၊ ရှိခိုး၊ကန်တော့ပါ၏၊အရှင်မြတ်ဘုရား။ ။

ဝေနေယျသတ္တာနံ၊ ဝေနေယျကြာ၊ သတ္တဝါတို့၏၊ စိတ်၊ လူနတ်နိဗ္ဗာန်သုံးတန်၊ မြတ်ခေါင်၊ စီးပွားဆောင်လျက်၊ ရောင်

တော်ရွှန်းရွှန်း၊ သီဟိုဠ်ကျွန်းမှ မြန်တိုင်းဌာန၊ မြို့မင်းလှသို့ ကြွလာတော်မူသော အရှင်ဘုရား၊ တော၊ အရှင်ဘုရား၏၊ ဝရ ဓါတုကံ၊ ရွှေပြည်နဂရ သက်ဌွမှ၊ ဝိနယလင်္ကာထေရ်မဟာနှင့်၊ ကြည်သာရှင်ပြု၊ ရှင်သုဝဏ္ဏတို့၊ ပင့်ဆောင်ခဲ့လတ်၊ စွယ်တော် မြတ်ကို၊ ဝန္ဒေ ဝန္ဒာမိ ကာယဝစီ၊ မနောချီလျက်၊ သုံးလီစေ တနာ၊ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်စွမြတ်နိုး လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ အရှင်မြတ်ဘုရား။

## ရှစ်လုံးဘွဲ့ ဝန္ဒနာ ကဗျာ

၁။ သုံးလူ့ထွဋ်ထား၊ ဘုရားအရှင်၊ တိုင်းမဇ္ဈိမ၊ဌာနမြေပြင်၊ ဗောဓိညောင်နန်း၊ အောင်ခန်းပလ္လင်၊ ငါးမန်ကင်း၊ထိန် လင်း၊ ဉာဏ်တော်ရှင်။

၂။ သဗ္ဗညုတ၊ ဉာဏဘုန်းကြွယ်၊ ဝါလေးဆယ့်ငါး၊ သက် ကားရှစ်ဆယ်၊ ဝေနေယျများ၊ သနားသွယ်သွယ်၊ မြတ် တရား၊ ဟောကြားမိန့်ခဲ့တယ်။

၃။ ပရိဘောဂ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿဟု၊ ဓါတုတလီ၊ စေတီ လေးပါး၊ ဘုရားတူညီ၊ မန်ကိုလျှော့၊ ကန်တော့အဥ္စလီ။
၄။ ရှင်တော်ဘုရား ဝတ်တွားဝန္ဒေ၊ ချမ်းသာသုခ၊ ရကြ သချေ၊ တရားသံဃာ၊ တကွမသွေ၊ ရှိရှိခိုး၊ ပြည့်ဖြိုး ကြက်သရေ။

၅။ ဗုဒ္ဓမမ္မ၊ သံဃဂုဏ်ရည်၊ ကြည်ညိုမြတ်နိုး၊ ရှစ်ခိုးယုံကြည်၊ သုခဆင့်ပွား၊ မြင့်မားဂုဏ်ရည့်၊ လူမင်းနတ်၊ ရအပ် နိဗ္ဗာန်ပြည်။

၆။ တမ္ဗဝရ၊ ဩဇာဒိမံ၊ သီဟဠဟု၊ မည်ရဘွဲ့ခံ၊ မုနိဘုန်း တောက်၊ သုံးခေါက်တို့ပြန့်၊ တမေဝ၊ ဒေသာ၊ စာရိကံ။

၇။ အသမ္ဘိန္န၊ ဝါမဝါဠံ၊ ဤကျွန်းဌာနီ၊ ကန္တိပူရံ၊ သင်္ကန္တဟု၊ ဌာနနက်သန်၊ စွယ်တော်ကျောင်း၊ ကိန်းအောင်း ပူဇော်ခံ။

၈။ စိန်းလဲ့စိန်းလဲ့၊ ယိမ်းနွဲ့ပင်ပျို၊ ရေညိုပတ်ဝန်း၊ မြတ် ကျွန်းသီဟိုဠ်၊ ဝေဠုဝန၊ ထေရပုဂ္ဂိုလ်၊ သီဟဠဌာန ဝါကပ်ဆို။

၉။ ထိုခါကာလ၊ ထေရဆရာ၊ စွယ်တော်ရှင်မြတ်၊ ဆီးကပ် လေရာ၊ ကြည်ညိုစိတ်စွဲ၊ အမြဲမကွာ၊ သဒ္ဒါမိုး၊ ရွာဖြိုး စိမ့်စိမ့်ဖြာ။

၁၀။ ဦးဝိနယ၊ လင်္ကထေရ်၊ သီဟဠ၌ အပြဲဝသံ၊ ဝါတော် ကပ်၍ ကြီးကြပ်စီမံ၊ စွယ်တော်တိုက်၊ သိမ်းပိုက် နာယကံ။

၁၁။ ထိုအရှင်မြတ်၊ မပြတ်နိယံ့၊ ကိုးကွယ်ဆည်းကပ်၊ စွယ်

တော်ဓါတ်မှုန် ကု ဋေမွှ မှ ပြုန်မာနိုင်ငံ၊ မြို့မင်းလှ၊ နယ်ကပူဇော်ရန်။

၁၂။ ဝေဠုဝန် တိုက်၊ ယာပိုက်ပျော်စံ၊ ဆရာဇတော်သို့ ပေးပို့လိုက်ပြန်၊ အမျာ ဖူးဘို့၊ ဩဘာထူးစိမံ၊ မြို့လှည့်ပွဲ၊ ချိမ့်သဲ သဘင်ခံ။

၁၃။ အစိန္တေယျ၊ အပ္ပမေယျ၊ လက်ပြစ်ခတ်တီး၊ အုံ့ချီးဘွယ်မှန်၊ ခြောက်ရောင်လျှပ်သည့်၊စွယ်မြတ်ဓါတ် ၊နှဖူးတိုက်၊ ဦးခိုက်ပဏာမံ။

၁၄။ အသင်္ခတ၊ နန်းမပျော်စံ၊ မဟာကာရု၊ ဏိတဉာဏ်၊ အတုမရ လူ့ဘဝရ၊ စွယ်ဓါတ်ယူး ရှိဦးနှိမ်လို့ပန်။

၁၅။ မင်းလှမြို့ကြီး ခိုမှီးစံပျော်၊ ဓါတုအဖွဲ့ တကဲ့အကျော်၊ ဆံတော် ဓါတ်ပေါင်း၊ ညွှတ်ပြောင်း၊ ကော်ရော် ဦးညွှတ်ကျိုး၊ ရှိခိုး တူပျော်ပျော်။

၁၆။ စွယ်တော်လှမ်းကြွ၊ မင်းလှဌာနေ၊ ချမ်းသာသုခ၊ ရကြပါစေ၊ ရောင်းပန်းဝယ်ပန်း၊ ပွင့်လန်းထွေထွေ၊ဆင့်ဆင့်တိုး၊ ပြည့်ဖိုးမြွေရွှေငွေ။

၁၇။ စွယ်တော်တန်ခိုး၊ဖိုးဖိုးဝေဝေ၊မြန်ပြည်ခွင်လုံး၊ ရှင်ပြုံးကြည်စေ၊ ပြည်တွင်းပြည်ပ၊ ဘယရန်တွေ၊ ရှောင်စွာလွှဲ၊ အောင်ပွဲဆင်နိုင်စေ။

၁၈။ ကိုယ်စိတ်နှစ်ဝ၊ တွင်းဖျန်တော့၊ ကင်းစင်လွှင့်ပျောက်၊ ရောက်ကြပါစေ၊ ရည်မျှော်မှန်းထား အများဝေနေ၊ နေ့ရောည အမျှမေတ္တာဝေ။

## သိ ရ သိ္မ မေ ဘု ရား ရှိ ခိုး

သိရသိ္မမေ၊ ဗုဒ္ဓ သေဋ္ဌော၊ သာရိပုတ္တောစ ဒက္ခိဏော

ဝါမအသေ၊ မောဂ္ဂလာနော၊ ပူရတော၊ ပိဋိကတ္တယံ

ပစ္ဆိမေ မမအာနန္ဒော စတုဒ္ဒိသာ၊ ခိဏာ သဝါ၊ သမန္တာ လောကပါလာစ

ဠဒ္ဒါဒေဝါ၊ သဗြဟ္မဏ၊ တေသံ အာနု ဘာဝေန၊ သဗ္ဗေဘယာ

ဉပဒ္ဒဝါ၊ အနေကအန္တရာယာပိ ဝိနဿန္တု အသေသတော၊

၁။ မေ။ ။ရောဂါဘေးကျမ်း၊ မထွေးသန်းအောင်၊ စိတ်မှန်းရည်ရော်၊ တပည့်တော်၏၊ သိ ရ သိ္မ ဉက္ကောင်း ရတနာ မြတ်အင်္ဂါထက်၌ ဗုဒ္ဓသေဋ္ဌော၊ လူနတ်ဗြဟ္မာ သတ္တဝါ့ထိထက် ဆထက်လွန်ကြူး၊ အထူးသဖြင့် ချီးမွန်းအပ်၊မြတ်တော်မူသော မြတ်စွာဘုရားသခင်သည်၊ တိဋ္ဌတု၊ ဘေးဒါဏ်ရန်များ၊ ပျောက်ကွယ်သွားအောင်၊ စောင့်ရှောက် တည်နေပါစေသတည်း။ ။

၂။ မေ။ ။တပည့်တော်၏။ ဒက္ခိဏော လက်ျာပခုံး၊ ကဏ္ဏာလုံး၌၊ သာရိပုတ္တော လက်ျာရန်သီး သားကြီးရတနာ ရှင်သာရိပုတ္တရာမထေရ်သည်၊ တိဋ္ဌတု ။ ။သတည်း။

၃။ မေ။ ။တပည့်တော်၏၊ ဝါမအသေ၊ လက်ဝဲပုခုံး ကဏ္ဏာလုံး၌၊ မောဂ္ဂလာနော၊ တန်ခိုးပြင်းထန်၊ ရှင်မောဂ္ဂလန်၊ မထေရ်သည်၊ တိဋ္ဌတု။ ။သတည်း။

၄။ မေ။ ။တပည့်တော်၏၊ ပုရတော၊ နဖူးမုခ၊ လည်ရင် ဝတွင်၊ ရွှေတခွင်၌၊ ပိဋကတ္တယံ ပိဋကတ်သုံးပုံသည်၊ တိဋ္ဌတု၊ ။ ။သတည်း။

၅။ မမ။ ။တပည့်တော်၏၊ ပစ္ဆိမေ၊ နောက်အဘို့ဟု ဆိုအပ်သော လည်ဂုတ်လက်ပြင်၊ ကျောတခွင်၌ အာနန္ဒော၊ တေဒက်များစွာ၊ ရှင်အာနန္ဒာမထေရ်သည် တိဋ္ဌတု။ ။သတည်း။

၆။ မမ။ ။တပည့်တော်၏၊ စတုဒ္ဒိသာ၊ စတုဒ္ဒိသာသု လေးရပ်မျက်နှာ၊ ကိုယ်အင်္ဂါတို့၌ ခိဏာသဝါ ရဟန္တာအရှင် မြတ်တို့သည်၊ တိဋ္ဌန္တု။ ။သတည်း။

၇။ မမ။ ။ရောဂါဘေးဘျမ်း၊ မထွေးသန်းအောင် စိတ် မှန်းရည်ရော်၊ တပည့်တော်၏ သမန္တာ ထက်ဝန်းဒီသာ ရပ် ဆယ်မျက်နှာမှ သပြဟ္မာဏာ ဗြဟ္မာမင်းနှင့်တကွ ဖြစ်ကုန်သော ဣန္ဒာဒေဝါစ၊သိကြား နတ်မင်းတို့သည်ရင်း၊ လောကပါလာစ၊

လောကကိုစောင့်ကြကုန်သော နတ်ကောင်းနတ်မြတ် အပေါင်းတို့သည်ရင်း၊ တိုင္ဒန္တို ဘေးဒုက္ခ ရန်များ ပျောက်ကွယ်သွားအောင် စောင့်ရှောက် တည်နေတော်မူကြပါစေကုန်သတည်း။ ဧတေသံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော ဘုရားတရား သံဃာများနှင့် သိကြားဗြဟ္မာ နတ်ဒေဝါတို့၏ အာနုဘာဝေန၊ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော် တော်ကြောင့်၊သဗ္ဗေ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သောဘယဥပဒ္ဒဝါစ ၂၅ ပါးသော ဘေး၊ ၁၆ ပါးသော ဥပဒ္ဒဝေါ တို့သည်ရင်း၊ အနေကအန္တရာယာပိ၊ တပါးမက၊ များလှစွာသော၊ အန္တရာယ်ဟူသမျှ အပေါင်းတို့သည်ရင်း၊ အသေသတော အသေ သေန အကြွင်းအကျန်မရှိသော အားဖြင့် ဝိနသန္တု ကင်းစင် လွင့်ပျောက် မရောက်မလာနိုင်သည်သာ၊ ဖြစ်ပါစေကုန်သတည်း။

## သိရသိမ့် မေ ရှစ်လုံးဘွဲ့ကဗျာ

၁။ သုံးလူ့ထွင့်ထား၊ ဘုရားမြတ်သည်၊ ဘေးဒုက်ရန်မျိုး၊ ဖျက်ချိုးဘို့ရည်၊ ဂုဏ်တော်ကိုးဝ၊ ခဂ္ဂကိုင်ချီ၊ ဦးထိပ်နန်း၊ ကြွလှမ်းခါတော်မှီ။

၂။ ပညာဂုဏ်ထူး၊ ချီးကျူးဖွဲ့ချီ၊ ဥာဏ်ဘုန်းလက်စွဲ ဖျက်ခွဲဘို့ရည်၊ သာရိပုတ္တာအဂ္ဂမထေရ်၊ လက်ျာနန်း၊ ကြွလှမ်းခါတော်မှီ။

၃။ ဣဒ္ဓိမန္တ၊ ဘွဲ့ရထူးလည်၊ မောဂ္ဂလာန၊ အဂ္ဂမထေရ်၊

တန်ခိုးလက်နက် ကိုင်လျက်မျှော်ချီ၊ လက်ဝဲနန်းကြွလှမ်း ခါတော်မှီ။

၄။ ပိဋကတ်ဟု ခေါ်မှတ်သညီ၊ ဗုဒ္ဓမြက်ဟော၊ ဓမ္မော အဆီ၊ဓမ္မက္ခန်ပေါင်း ရှစ်သောင်း ကျော်သည်၊ရှေ့စခန်း ကြွလှမ်းခါတော်မှီ။

၅။ မြတ်ဖျားအတွေး၊ ရင်သွေးနှင်းဆီ၊ ဂတိစိတိ၊ သတိဂုဏ် ရည် ဗဟုသုတဂုဏ်ကတလီ၊ လုပ်ကျွေးခမ်း၊ အေဝမ်း ခေါ်ရသည်။

၆။ မြတ်ဖျား ညီဘွား၊ အများခေါ်သည်၊ ဓေ တ ဒဂ္ဂေါ အဟောငါးလီ၊ အနန္ဒာဟု ကျော်စွမထေရ်၊ နောက် နန်းမ၊ ကြွလှမ်းခါတော်မှီ။

၇။ ဘိဥာဏ်တန်ခိုး၊ မျိုးမျိုးစုံညီ၊ ဘဝက်မဆန့် ရန့်ကြိုင် သည်၊ ရဟန္တာပေါင်း ထောင်သောင်းစီရီ၊ လေးရပ် နန်း၊ ကြွလှမ်းခါဘော်မှီ။

၈။ ဓတရဋ္ဌ၊ ဝိရူဠှပါ၊ ဝိရူပက္ခ၊ ကုဝေရလာ၊ လောကပါ လ၊ မည်ရဒေဝါ အရှင်များ ထင်ရှားကြွခဲ့ပါ။

၉။ ဘုန်းရောင်ပဝင်း၊ သောင်းတွင်းထိန်ကြည်၊ ကုဋေသိန်း

သောင်း ဗိုလ်ပေါင်းစစ်ချီ၊ ဖြဟ္မာသိကြား နတ်သား ဒေဝီ ဆယ်ရပ်လုံး ကြွအုံးခါတော်မှီ။

၁၀။ ဘုရား ဓမ္မ သံဃ ဖြဟ္မာ နတ်မင်းအများ သိကြား ဒေဝါ၊ ထိုသူတို့၏ သတ္တိတေဇာ ရောဂါဘေး၊ ဝေးက ရှောင်ရှားခွာ။

၁၁။ ကပ်ဆိုးရန်မျိုး၊ ဘေးဆိုးဒဏ်ထွေ၊ ဗါဟိအဇ္ဈတ်၊ နှစ်ရပ်ကိုယ်ရေ အသက်ပစ္စည်း သားသွီး ချွေရေ။ ချမ်းသာခြင်း လက်ငင်းရပါစေ။

**လောကီဘုံသားများဖြစ်ကြ၍ လောကီနှင့် မကင်းရကား။**

၁။ အသက်ရှည်ကြာ၊ အနာမဲ့ကြောင်း ဘေးဒုက္ခအပေါင်းတို့မှ ကင်းကြရန် မိမိမွေးနံ့ရှိသော အရပ်ကရှိခိုးပါ။

၂။ အစစအရာရာ အောင်မြင်ကြီးပွားရန် အောင်ဓါတ်ပါသော တနင်္ဂနွေအရပ်က ရှိခိုးပါ။

၃။ ဘုန်းတန်ခိုးနှင့် ရာထူးတိုးရန်၊ တေဇအရပ်ကရှိခိုးပါ။

ဘုရား ရှိခိုးသောအခါ၊ ဗုဒ္ဓါရမ္မဏ ပီတိ ဖြစ်အောင် ရတနာသုံးပါး ဂုဏ်တော်များ၏ ပဋိဉ္ဉ အနက်၊ အဓိပ္ပါယ်ကို နားလယ်လျက်၊ သက်တော်ထင်ရှား မြတ်စွာဘုရားအား အာရုံထားပြီး

သကာလ၊ ပဥ္စပတိဋ္ဌိတဆိုတဲ့ တည်ခြင်းငါးပါးဖြင့် အခင်းကို လက်ရောနဖူးပါထိ၍ တကြိမ်ဦးနှိမ်ပါ၊ ခေါင်းကို အနည်းငယ်ကြွ၍ နောက်ထပ်နှစ်ကြိမ် ဦးနှိမ်ပါက၊ ဘုရားကို ဦးချခြင်း ၃ ခါဖြစ်ပါသည်၊ ၎င်းအတိုင်း တရားနှင့် သံဃာကိုလဲ ၃ ခါစီ ဦးချပါက ၉ ခါဖြစ်၍ နဝင်းဓါတ်ကြပါသည်( ဓါတ်ကြမှုနတ်မမည် ) ဟု ပညာရှိများဆိုသည်။

ဗုဒ္ဓဘုရားရှင်တို့သည်၊ အနန္တဇိန၊ အနန္တတန်ခိုးရှင်များ ဖြစ်ကြ၍ အနန္တကုသိုလ်အကျိုး၊ ပွားတိုးပြီးလျှင်၊ ဥာဏသမ္ပယုတ်ကုသိုလ်ဖြစ်ပြီး ဘဝတိုတိုနှင့် နိဗ္ဗာန်မဂ်ဖိုလ်ကိုရောက်နိုင်ပါသည်။ ဘုရားရှိခိုးပြီးလျှင် အဥ္ဇလီကမ္မဖြင့် လက်အုပ်ချီမိုး ရှိခိုးလျက်ရင်ပြင်ထက်ပေါ်မှာ လက်ျာရစ်လှည့်လည်၍ ကန်တော့ပြီးမှသာ လိုရာသို့သွားရမည်။

ဘုရားရှိခိုးရာတွင် ဗုဒ္ဓဘုရားရှင်သည် ဗောဓိပင်နှင့်ရွှေပလ္လင်ကို အောင်မြင်၍ သဗ္ဗညုတ ရွှေဥာဏ်တော်ကို ရတော်မူပုံ၊ အနေကဇာတဂါထာဖြင့်၊ဥဒါန်းကျူးရင့်တော်မူပုံ၊ ပဥ္စဝဂ္ဂီငါးဦးနှင့် နတ်ဗြဟ္မာ အပေါင်းတို့အား တရားဦး ဟောကြားနေပုံ၊ အစရှိသည်တို့ကို အာရုံပြု၍ ဘုရားရှိခိုးပြီးလျှင် ပရိတ်တော်နှင့် ဓမ္မစကြာစသော သုတ်တော်၊ ဂါထာတော်များကို တတ်အားသမျှ ရွတ်ဆိုရမည်။ထိုမှတပါး ယင်ပြင်တော်၌ တမြက်လှည်းခြင်း၊စေတီယင်္ဂနဝတ်၊ ဗောဓိယင်္ဂနဝတ်များကို ပြုလုပ်ပြီးလျှင်၊ ပန်း-ဆီမီး-ဆွမ်း-ရေချမ်းတို့ကို တတ်အားသမျှ လှူဒါန်းရမည်။သို့မှသာ၊ဓမ္မပူဇာ၊

အာမိသပူဇာဆိုတဲ့ ပူဇာနှစ်ပါးနှင့်အညီ လေးပြတ်စွာ ပူဇော်ရာ ရောက်မည်။ ထိုနောက် ပြုပြုသမျှ ကုသလ၏ အဘို့ဘာဂတို့ကို ဗောဓိပင် စေတီစောင့်သော နတ်မင်းများနှင့် သမာဒေဝ နတ်များ၊ ၃၁ ဘုံသားတို့အား အမျှပေးဝေရမည်။

ဂတိမြဲအောင် ဗောဓိဆု ငါးပါးထဲက မိမိ အလိုရှိသော ဗောဓိဆုကို တောင်းပါ၊ ဘုရားရှိခိုးတဲ့အခါ၊ အသံကြယ်စွာ ရွတ်ဆိုပါလျှင် ကြားရသူများမှာ ဝမ်းမြောက်သာဓုခေါ်ရခြင်း၊ တရားနာရခြင်း၊ တရားဟောခြင်း နှင့် အသံ အလှူမျိုး ဖြစ်၍၊ ကုသိုလ်ဘိုးပွား အကျိုးများပါသည်။

(၁) စေတီဘုရား၊ (၂)ပုထိုးဘုရား၊ (၃)ဘုရားစေတီ။ ၁- အတွင်း၌ ဥဒ္ဒိဿ၊ဓါတု၊ဓမ္မ၊ ပရိဘောဂတို့ကို ဌာပနာ၍ ထား ကြသည့်။ ရွှေတိဂုံဘုရားမျိုးကို စေတီဘုရားဟု ခေါ်သည်။ ၂။ ပုဂံမြို့အာနန္ဒာ၊ ရန်ကုန်မြို့ ကမ္ဘာအေး၊ မင်းလှမြို့ဝေဠုဝန် ကျောင်း၌ တည်ထားသော ဘုရားမျိုးကို ပုထိုးဘုရားဟု ခေါ် သည်၊ ၃။ မန္တလေး အာနန္ဒာဘုရားနှင့် ပုဂံ မနူဟာဘုရားကို ဘုရားစေတီခေါ်သည်။ **ဘာကြောင့်နည်း** ဗုဒ္ဓ ရုပ်ပွားတော် များကိုသာ အဓိကထား၍ စေတီကိုမူ ကျောင်းတော်သသော ထားခြင်းကြောင့်ဖြစ်သည်။ အလျဉ်းသင့်၍ ဗဟုသုတ ဖြစ်စေ ခြင်းငှာ ထည့်သွင်းရေးသားလိုက်ခြင်း ဖြစ်သည်။

## သတ္တဋ္ဌာန ရှစ်လုံးဘွဲ့ကဗျာ

၁။ ပဌမသတ္တာဟ

ငါးမာန်အောင်ညွှား၊ ဘုရားဖြစ်ခါ၊ ဗောဓိပင်နှင့် ပလ္လင်သိင်္ဂါ။ ၇-ရက်ပါတ်လုံး၊ ရွှင်ပြုံးကြည်သာ၊ဝိမုတ္တိ၊ ခံဘိဖိုလ်ချမ်းသာ။

၂။ ဒုတိယသတ္တာဟ

ဆယ်လံကွာလောက်၊ ရှေ့မြောက်ရပ်ခွင်၊ မမှိတ်မျက်စိ၊ ရှုဘိပလ္လင်၊ အနိမိသ၊ နာမမည်တွင်။ ခုနှစ်ရက်၊ ရပ်လျက်စံပျော်ရွှင်။

၃။ တတိယသတ္တာဟ

ဗောဓိပင်မြောက်၊ အထောက်နှစ်လံ၊ မြတ်စွာဘုရား၊ ကြွသွားစင်္ကြံ၊ ခုနှစ်ရက်ပ၊ တွက်ဆကာလံ၊ တတိယ မှတ်ကြသတ္တာဟံ။

၄။ စတုတ္ထသတ္တာဟ

ရတနာအိမ်ထက်၊ စံလျက်ဘုန်းမော်၊ ခုနှစ်ရက် ပတ်လုံး၊ သုံးသပ်ပျော်ပျော်၊ ဘိဓမ္မာပဌာန်း၊ ဆုံးခန်းရောက်သော်၊ ကိုယ်တော်မှ ထွက်ကြွရောင်ခြည်တော်။

၅။ ပဥ္စမသတ္တာဟ

ပဥ္စမဌာန၊ အဇပါလ၊ ဆိပ်ကျောင်းညောင်ဟု၊ တွင်မှုနာမံ၊ ဟုံးတုံးကသို့ ဖြေပြုပုစ္ဆာ၊ မြတ်ဘုရား၊ စံစားသတ္တာဟံ။

၆။ ဆဋ္ဌမသတ္တာဟ

မုစ္စလိန်ဟု၊ တွင်မှုအိုင်သာ၊ ကြည်းပင်ရင်းသို့၊ ချဉ်းခဲ့မြတ်စွာ၊ မုစ္စလိန် နာဂ ထီးမျှပမာ၊ ခုနှစ်ရက်၊ မိုးသက်လေတို့ကာ။

၇။ သတ္တမသတ္တာဟ

လင်းလွန်းပင်အောက်၊ စံမြောက်ဝိဒူ၊ ခုနှစ်ရက်လုံး၊ ရွှင်ပြုံးကြည်ဖြူ၊ သမာဓိမှ၊ ထတော်ခါမူ၊ မြတ်ဘုရား၊ သိကြားကြဇ္ဇလှူ။

တဖုဿနှင့်ဘလ္လိကညီတော်၊ ပျားမုံ့ဆွမ်းတို့ လှူဒါန်းပူဇော်၊ စတုမဟာရာဇ် နတ်စစ်လေးဘော်၊ သပိတ်မြတ်၊ ဆက်ကပ်တို့ ဘုန်းမေါ်။

အင်ကြင်းပင်ဘွဲ့ကဗျာ

လုပ္ပဏီပင်မင်း၊ အင်ကြင်းဥယျာဉ်၊ ဗုဒ္ဓကူမွှေး၊ မီးရှူးသန့်စင်။ မလ္လာမင်းတို့၊ အင်ကြင်းဥယျာဉ်၊ မာရဇိ၊ ပရိနိဗ္ဗာန်ဝင်။

[ ဝေဠုဝန ဝိဟာရ ဗုဒ္ဓင်္ဂုဏ သံပေါက် ]

၁။ ဝေဠုဝန်ခေါ်၊ ရွှေကျောင်းတော်၊ ရောက်သော်သတိပြု။
၂။ ရှေးဟောင်းဘုရား၊ ဓါတ်တော်များ၊ ထူးခြားပါဘိ၊ တုမရှိ။

၃။ ငါးပြည်ထောင်ဓါတ်၊ စွယ်တော် မြတ်၊ ဖူး အပ် ဆံ တော်ပါ။

၄။ ခြောက်ခြည်ထောင်ရပ်၊ ဘုရားမြတ်၊ သက်သက်ဖူးရမှာ။

၅။ မုဒ္ဒိပြတိုက်၊ ဘုရားသိုက်၊ ဆိုက်ဆိုက်ဖူးကြပါ။

၆။ ဖွားဘက်မူဘိ၊ မြတ်ဗောဓိ၊ သိရှိလေးသစ္စာ။

၇။ ဗုဒ္ဓဖွားမြင်၊ အင်ကြင်းပင်၊ ပါဝင် လင်းလွန်းပင်။

၈။ ဘုရားဖူးသူ နတ်နှင့်လူ၊ နိဗ္ဗူရောက်မည်သာ။

၉။ လေးမျက်နှာမှာ၊ ကြည့်စရာ၊ မြှင့်မိုရ်တောင် မင်းပါ။

၁၀။ မြ - ဖန် - ရွှေ - ငွေ၊ ရောင်လေးတွေ၊ တောင်ခြေ ငါး အာနန္ဒာ။

၁၁။ အာနန္ဒာငါး၊ ပတ်ရံထား၊ ထွင်ရှဖျား၊ တာဝတိံသာ။

၁၂။ နဂါးနှစ်ကောင်၊အမြီးထောင်၊ အမောင်တွေ့မည်သာ။

၁၃။ သိကြားပြဟွာ၊ နတ်များစွာ၊ နဂါးဆင်မင်းပါ။

၁၄။ ဘုရင်နောင်ရထာ၊ ဆင်ပေါမှာ၊ စွယ်တော်ပိုက်ခါသာ။

၁၅။ ဥဒ်နှမင်း၊ ဆင်ကိုစီး၊ စောင်းတီးခစားခါ။

၁၆။ ခြသေ့်ညီနောင်၊ အတိတ်ဆောင်၊ ပြည်ထောင် ချမ်းသာယာ။

၁၇။ ဗုဒ္ဓဘာသာ၊ ကမ္ဘာမှာ၊ ဝေဖြာဖြန့်စေသော်။

၁၈။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရောင်ဝါကမ္ဘာ ထွန်းစေသော်။

## အနန္တဘုရားပင့်

ဂင်္ဂါဝါဠူ၊ သဲစုမက၊ ပွင့်တော်မူကြကုန်သော၊ ဘုရားရှင်အပေါင်းတို့သည်၊ တပည့်တော်၏ ဥကျောင်းထက်၌၊ အမြဲကြိမ်းစက်၊ တည်နေတော်မူပါဘုရား။

ဂင်္ဂါဝါဠူ၊ သဲစုမက၊ ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့၏၊ ဟောကြားတော်မူအပ်သော၊ ဓမ္မက္ခန္ဒာပေါင်း၊ ရှစ်သောင်း လေးထောင် တို့သည်၊ တပည့်တော်၏ အဆုပ်အသဲ၊ နှလုံးထဲ၌၊ အမြဲကိန်းစက်၊ တည်နေတော်မူပါဘုရား။

ဂင်္ဂါဝါဠူ၊ သဲစုမက၊ ပွင့်ဘော်မူကြကုန်သော၊ ဘုရားရှင်တို့၏၊ တပည့်သာဝက ပရမတ္ထသံဃာ၊ အရိယာအပေါင်းတို့သည်၊ တပည့်တော်၏၊ ဝဲယာနှစ်ဘက်၊ ပခုံးထက်၌၊ အမြဲကိန်းစက်၊ တည်နေတော်မူပါဘုရား။

## အဇာတသတ်မင်းသည်၊ နေ့စဉ်မပြတ် ရွတ်ဘတ်ရှိခိုးအပ်သော ဂါထာ ပါဠိ အနက်၊ အရကျက်ပါ

ယေဗုဒ္ဓါအတီတာစ၊ ယေစဗုဒ္ဓါ အနာဂတာ၊ ယေစဗုဒ္ဓါ ပစ္စုပ္ပန္နာ၊ အဟံဝန္ဒာမိ သဗ္ဗဒါ၊ နမကာရာနုဘာဝေန၊ သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။

အနက်။ ။အတီတာ၊ ဂင်္ဂါဝါဠူ၊ သဲဂုမကာ၊ ပွင့်တော်မူကြ ကုန်ပြီးသော၊ ယေဗုဒ္ဓါစ၊ အကြင်မြတ်စွာဘုရားတို့ကိုင်း၊ အနာဂတာအရိမေတ္တေယျအစ၊ နောင်ပွင့်တော်မူလတ္တံ့ ကုန်သော ယေဗုဒ္ဓါစ။ ။ တို့ကိုင်း၊ ပစ္စုပ္ပန္နာစ၊ ယခုပစ္စုပ္ပန်လောက၊ ပွင့်ကုန်ကြသော ယေဗုဒ္ဓါစ ။ ။ တို့ကိုင်း၊ အဟံ၊ ပညတ်မှည့်ခေါ်၊ တပည့်တော်သည် သဗ္ဗဒါ၊ အခါခပ်သိမ်း ဝန္ဒာမိ၊ လက်စုံမိုး၍ ရှိခိုးပါ၏။

နမာကာရာနုဘာဝေန၊ ရှိခိုးပါရ၊ ကုသလကြောင့်၊ မေ ပညာတ်မှည့်ခေါ် တပည့်တော်အား၊ သဗ္ဗေ၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံကုန်သော၊ သင်္ကပ္ပါ၊ လိုအပ်တောင့်တအပ်သော အကြံ အစီဟူသမျှတို့သည်၊ ပူရေန္တု၊ တခုမကျန်၊ ဆောလျှင်မြန်ဖြင့်၊ ကေန်ပြည့်စုံပါစေကုန်သတည်း။

## ဒုဋ္ဌဂါမဏိမင်းကြီး အမြဲမပြတ်၊ ရွတ်ဘတ်သော၊ စိန္တာမနိဂါထာ

စိန္တာမဏိရတနာနိ၊ ဗုဒ္ဓံ ဗုဒ္ဓရတနာနိ၊ ကရံကရတိသရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု၊ စိန္တာမဏိရတနာနိ၊ ဓမ္မံ ဓမ္မရတနာနိ၊ ကရံ

ကရတိသရဏံခိပ္ပမေဝသမိဇ္ဈတု၊ စိန္တာမနိရတနာနိ၊ သံဃံ သံဃံ ရတနာနံ၊ ကရံကရတိသရဏံ၊ ခိပ္ပမေဝသမိဇ္ဈတု။ ။

အနက်။ ။စိန္တာမဏိရတနာနိ၊ ကြံတိုင်း ဖန်တိုင်း ရပ်ဆိုင်း မရှိ၊ အလိုကိုပြည့်စေနိုင်သော ရတနာတို့သည်၊ ဗုဒ္ဓံ၊ ဘုရား တည်းဟူသော ရတနာပင်တည်း၊ ဗုဒ္ဓရတနာနံ၊ ဘုရားတည်းဟူ သောရတနာကို သရဏံ၊ ကိုးကွယ်ခြင်းကို ကရံ၊ ပြုထိုက်သည်ဖြစ် ၍ ကရတိ၊ ပြုလေ့ရှိသောသူ၏ ဣစ္ဆ၊ လိုအပ်သောဝတ္ထုတို့သည်၊ ခိပ္ပ မေဝ၊ လျင်စွာသာလျှင် သမိဇ္ဈတု၊ ငါ့အား ပြည့်စုံပါစေ သတည်း။ ။

စိန္တာမဏိ ရတနာနိ။ ။တို့သည် ဓမ္မံ တရား တည်းဟူသော ရတနာပင်တည်း၊ ဓမ္မရတနံ၊ တရားတည်းဟူသော ရတနာကို သရဏံ။ ။ ကို။ ။ ကရံ။ ။ ၍။ ။ ကရ။ ။၏။ ။ ဣစ္ဆတိတို့သည်၊ ခိပ္ပမေဝ ။ ။ လျှင် ။ ။ သမိဇ္ဈတု ။ ။ တည်း။ ။

စိန္တာမဏိ ရတနာနိ။ ။တို့သည် သံဃာ သံဃာ တည်းဟူ သော ရကနာပင်တည်း၊ သံဃာရတနာနံ၊ သံဃာတည်းဟူသော ရတနာ ကို။ ။သရဏံ။ ။ ကို ။ ။ကရံ။ ။ ၍ ၊ ။ ကရတိ။ ။ ၏ ။ ။ ဣစ္ဆ ။ ။တို့သည်၊ ခိပ္ပမေဝ။ ။ လျှင်။ ။သမိဇ္ဈတု။ ။တည်း။ ။

စိန္တာမဏိရတနာနိတို့သည်၊ သံဃံ သံဃာ တည်းဟူသော

ရတနာပင်တည်း၊ သံဃာ ရတနာနံ၊ သံဃာတည်းဟူသော ရတနာကို သရဏံ။ ။ ကို။ ။ကရ ။ ။ ၍ ။ ။ဂစ္ဆာမိ။ ။ ၏။ ။ ဂစ္ဆာ ။ ။တို့သည်၊ ခိပ္ပမေဝ ။ ။ လျင် ။ ။ သမိဇ္ဈတု။ ။တည်း။ ။

သီဟိုဠ်ကျွန်း သာသနာပြု ဒုဋ္ဌဂါမဏိ မင်းကြီး နေ့တိုင်း မပြတ်၊ ရွတ်ဖတ်၍၊ အန္တရာယ်ခပ်သိမ်း အောင်မြင်မည်။

## အစိန္တေယျလေးပါး ဘုရားရှိခိုး

၁။ ရူပရူပဝိလာသဂ္ဂ၊ ရူပါစိန္တေယျသံယုတ္တံ၊ ဝန္ဒေသာရဂုဏောပေတံ ဘေနမှာတုလ ရူပဝါ။

အနက်။ ။ရူပ ရူပဝိလာသဂ္ဂ၊ ရူပါစိန္တေယျသံယုတ္တံ ပကတိသောအဆင်း၊ လွန်တင့်တယ်သော အဆင်း၊ မကြံစည်နိုင်သော အဆင်းနှင့် ကောင်းစွာ ယှဉ်တော်မူထသော၊ သာရဂုဏော ပေတံ၊ ကျေးဇူးတော်အစစ်၊ ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ အဟံ၊ တပည့်တော်သည်၊ ဝန္ဒေဝန္ဒာမိ၊ လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးပါ၏၊ တေန၊ ထိုသို့ ရှိခိုးပါရ၊ ကုသလကြောင့်၊ အတုလရူပဝါ အတုမရှိသော အဆင်းနှင့် ပြည့်စုံသည်၊ အမှီ၊ ဖြစ်ရပါလို၏။

၂။ ဝါစာ ဝါစာဝိလာသဂ္ဂ၊ ဝါစာ စိန္တေယျ သံယုတ္တံ၊ ဝန္ဒေသာရဂုဏော၊ ပေတံ၊ တေနမှာ တုလဝါစကော။

အနက်။ ။ဝါစာ ဝါစာဝိလာသဂ္ဂ၊ ဝါစာ စိန္တေယျသံယုတ္တံ၊ ပကတိသော စကား အလွန်တင့်တယ်သောစကား၊ မကြံစည်နိုင်သော စကားနှင့် ကောင်းစွာ ယှဉ်တော်မူထသော၊ သာရဂုဏော ပေတံ၊ ကျေးဇူးတော်စစ်၊ ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ဝန္ဒေ ဝန္ဒာမိ၊ လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိခိုးပါ၏။ တေန၊ ထိုသို့ရှိခိုးပါရ၊ ကုသလကြောင့် အတုလဝါစကော၊ အတုမရှိသော စကားနှင့် ပြည့်စုံသည် အမှီဖြစ်ရပါလို၏။

၃။ ဥာဏာ ဥာဏ ဥာဏဝိလာသဂ္ဂ၊ ဥာဏာ စိန္တေယျ သံယုတ္တံ ဝန္ဒေသာရ ဂုဏောပေတံ၊ တေနမှာ ကုလဥာဏဝါ။

အနက်။ ။ဥာဏ၊ ဥာဏဝိလာသဂ္ဂ၊ ဥာဏ စိန္တေယျ သံယုတ္တံ၊ ပကတိသောဉာဏ် အလွန်တင့်တယ်သောဉာဏ်၊ မကြံစီနိုင်သော ဉာဏ်နှင့် ကောင်းစွာယှဉ်တော်မူထသော သာရဂုဏောပေတံ၊ ကျေးဇူးတော်အစစ်၊ ဂုဏ်တော်နှစ်နှင့်၊ ပြည့်စုံတော်မူသောမြတ်စွာဘုရားကို၊ အဟံဘပည့်တော်သည်၊ ဝန္ဒေ ဝန္ဒာမိ လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိခိုးပါ၏။ တေန၊ ထိုသို့ရှိခိုးပါရ ကုသလကြောင့် အတုလ ဥာဏဝါ၊ အတုမရှိသောဉာဏ်နှင့် ပြည့်စုံသည် အမှီဖြစ်ရပါလို၏။

၄။ ဣဒ္ဓိ ဣဒ္ဓိ ဝိလာသဂ္ဂ၊ ဣဒ္ဓိအစိန္တေယျသံယုတ္တံ၊ ဝန္ဒေ သာရ၊ ဂုဏောပေတံ၊ တေနမှာတုလဣဒ္ဓိမာ။

အနက်။ ။ဣဒ္ဓိ ဣဒ္ဓိ ဝိလာသဂု၊ ဣဒ္ဓိအစိန္တေယျ သံယုတ္တ၊ ပကတိသောတန်ခိုး အလွန်တင့်တယ်သော တန်ခိုး၊ မကြံစည်နိုင်သော တန်ခိုးနှင့် ကောင်းစွာ ပြည့်စုံတော်မူသော မြတ်စွာဘုရားကို အဟံ၊ တပည့်တော်သည် ဝန္ဒေ ဝန္ဒာမိ လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိခိုးပါ၏။ တေန။ ။ထိုသို့ ရှိခိုးပါရ ကုသလကြောင့် အတုလဣဒ္ဓိမာ၊ အတုမရှိသော တန်ခိုးနှင့် ပြည့်စုံသည်၊ အမှီဖြစ်ရပါလို၏။

စာမေးပွဲများ၊ အောင်လိုညား၊ ကျိုးစားဥာဏစိန္တေယျာ။

စာမေးပွဲတွက်၊ ကျိုးစားကျက်၊ အောင်ချက် ကောင်းမည်သာ။

အရဟံ အရဟံ၊ အရဟံ သုံးပါး ပိုင်းခြား၍ ပုတီးစိတ်ရမည်။

၁။ ဆိပ်ကွယ်ရာ၌ မကောင်းမှုကို ပြုကျင့်တော်မူခြင်းမရှိသောမြတ်စွာဘုရားဆို၍ အရဟံ သုံးပတ်စိတ်။

၃။ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သောမြတ်စွာဘုရား ဆို၍ အရဟံ သုံးပတ်စိတ်။

၂၊၊ ရန်အပေါင်းကို အောင်မြင်တော်မူသော မြတ်စွာဘုရားဆို၍ အရဟံသုံးပတ်စိတ်။

၄။ ~~မြတ်စွာဘုရားဟုဆို၍ အရဟံ~~ သုံးပတ်စိတ်။

တနေ့လျှင် ၃-ကြိမ်၊ နံနက်တကြိမ်၊ နေ့လယ်တကြိမ်၊ ညတကြိမ်၊ စိတ်က ဖြောင်းကြေ၊ နဝင်းကြေ၊ သတ္တဗိသကြေဖြစ်၍၊ အစစ အရာရာ ကောင်းပါ၏။ ၁၀၈-လုံးပုတီးနှင့် စိတ်ပါ။

ဗုဒ္ဓနုဿတိ၊ဂုဏ်တော်( ၉ )ပါး ပုတီးစိတ်နည်း။

၁။ လူနတ် ဦးခိုက် ပူဇော်အထူးကို ခံတော်မူ ထိုက်သော မြတ်စွာဘုရားကြီးပါတကားဟုအာရုံပြု၍ သောဘဂဝါ ဣတိပိအရဟံ တပတ်စိတ်။

၂။ ညေယျဂါးတန်၊ ဓမ္မကန္ဓန်ကို အမှန်ကိုယ်တိုင် သိစွမ်းနိုင်သော မြတ်စွာဘုရားကြီး ပါတကားဟု အာရုံပြု၍ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ တပတ်။

၃။ ဝိဇ္ဇာ ၃သုံးပါး - ဝိဇ္ဇာ၈ရှစ်ပါး - စရဏတရား တဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကြီးပါတကားဟု အာရုံပြု၍ ဝိဇ္ဇာစရဏသမ္ပန္နော တပတ်။

၄။ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားပါတကားဟု အာရုံပြု၍ သောဂဝါ ဣတိပိ သုဂတော တပတ်။

၅။ လောကသုံးပါးကို သိတော်မူတတ်သော မြတ်စွာဘုရား

ကြီး ပါတကားဟု အာရုံပြု၍ သော ဘဂဝါ လ္လတိပိ လောကဝိဒူ တပတ်။

၆။ အတုမရှိ မယဉ်ကျေးသေးသော ယောကျာ်းတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူသော မြတ်စွာဘုရားကြီးပါ တကားဟုအာရုံပြု၍ သောဘဂဝါလ္လတိပိ၊ အနုတ္တရော ပူရိသဒမ္မသာရထိ တပတ်။

၇။ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားကြီး ပါတကားဟု အာရုံပြု၍ သော ဘဂဝါလ္လတိပိသတ္ထာဒေဝမနုဿာနံ တပတ်။

၈။ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော မြတ်စွာဘုရားကြီးပါတကားဟု အာရုံပြု၍ သောဘဂဝါ လ္လတိပိဗုဒ္ဓေါ တပတ်။

၉။ ဘုန်းတော် ခြောက်ပါး နှင့် ပြည့်စုံတော် မူ ပြီး သော မြတ်စွာဘုရားကြီး ပါတကားဟု အာရုံပြု၍ သောဘဂဝါလ္လတိပိဘဂဝါ တပတ်။

ဂုဏ်တော်(၉)ပါးကို [ ၉ ] ပတ် စိတ်ပြီးလျှင်၊ ၉-ပါးကို တပေါင်းတည်း တပတ်စိတ်ရမည်။

၁၀။ လ္လတိပိသော ဘဂဝါ၊ အရဟံသမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာ

စရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိ
သဓမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ ဘဂဝါ၊
တပတ်၊ အားလုံး(၁၀)ပတ်စိတ်ပါ။

ဂုဏ်တော်ပုတီး စိတ်သောသူတို့မှာ ဣဘဝတွင်ပင် ဒိဋ္ဌဓမ္မ ဘုန်းကြီးသက်ရှည် ကြက်သရေမင်္ဂလာ တိုးပွား၍၊ ဂုဏ်ရှိကျန်းမာ ချမ်းသာကြီးပွား၊ ရာထူးများရမည်၊ သေသော် အပယ်မလားရ၊ ဗုဒ္ဓါနုဿတိ ပုတီးစိတ်သူ စီးဖြန်းသူတို့သည်( စေတီယဃရသဒိသော )အရ စေတီအိမ် အထူးပူဇော်ခံထိုက်၏။

ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနား မေတ္တာရှေ့ထား ။　။ စီရေသား အများကျင့်ဘို့ရာ။　။ အနန္တဂုဏ်၊ ကိုယ်လုံးထု ၊ လုံးစုံပြီးစီးမှာ။　။ဗြဟ္မာစိုးရိမ်ရ၊ တရားပ၊စောင့်ကြ ကိုယ်စီသာ။　။ဗြဟ္မာအသွင် မိဘရှင် အစဉ်လုပ်ကျွေးပါ။　။ မိဘနှစ်ပါးလုပ်ကျွေးညား၊ ရညား ကျိုးခြောက်ဖြာ။　။

ရွှေရင်ပိုက်ထွေး နို့ချိုကျွေးသည့်မိဘနှစ်ပါးအား သားသမီးများက လုပ်ကျွေးခြင်း အကျိုး ခြောက်ပါးကား။

၁။ ကပ်သုံးပါးဘေး ကင်းဝေးခြင်း။

၂။ ဘီလူးဘေးမှ ကင်းဝေးခြင်း။

၃။ မီး-ရေ-လေဘေး ကင်းဝေးခြင်း။

၄။ ဆုတောင်းတိုင်း ပြည့်စုံခြင်း။

၅။ လူနတ် ချစ်ခင်ခြင်း။

၆။ နိဗ္ဗာန်ကို ရောက်နိုင်ခြင်း။

၁။ ချမ်းသာစွာလျှင် အိပ်ရခြင်းနှင့် နိုးရခြင်းလဲ ချမ်းသာစွာ။ ။အိပ်မက်ဆိုးတွေ မမြင်မက်ဘဲ၊ လူလဲနတ်လည်း ချစ်ခင်မှာ။ ။နတ်တွေဆိုတာ အစဉ်စောင့်လျက် လက်နက် အဆိပ်ကင်းဝေးကွာ။ ။စိတ်ဘည်ကြည်ကာ၊ မျက်နှာလှ၍၊ မတွေဝေရ၊ သေကပြဟ္မာရွာ။

၂။ မေတ္တာဆိုတာ (ကြိုင်ကြိုင်မွှေးတဲ့။ ။အခိုင်ကလေးနဲ့ ပန်းတွေလို။ ။လေအောက် လေညာ ဘယ်မရွေးဘူး။ ။ တကယ်မွှေးတဲ့ပြဟ္မာစိုရ်။ ။သူသူ ငါငါ မှန်သမျှတို့ ပါကြဆင် ကြနေ့တိုင်းကို) မေတ္တာအကျိုး ဆယ့်ဘစ်မျိုး။ ။ပြည့်ဖြိုးရစေလို။ ။အဲဒါကြောင့် ဘေးကင်း ရန်ကင်း။ ။ဆောင်ခြင်း မေတ္တာကို။ ။

၃။ ဂရုဏာဆိုတာ( ။ ။ )ဂရုဏာအကျိုး၊ ဂုဏ် တန်ခိုး၊ ပြည့်ဖြိုးရစေလို၊ အဲဒါကြောင့် ဘေးကင်းရန်ကင်း၊ ဆောင်ခြင်း ဂရုဏာကို။

၄။ မုဒိတာဆိုတာ( ။ ။ )မုဒိတာအကျိုး၊ ဂုဏ်

တန်ခိုး၊ ပြည့်ဖြိုးရစေလို၊ အဲဒါကြောင့် ဘေးကင်းရန်ကင်း ဆောင်ခြင်း မုဒိတာကို။

၅။ ဥပေက္ခာဆိုတာ( ။ ။ )ဥပေက္ခာ အကျိုး၊ ဂုဏ်တန်ခိုး၊ ပြည့်ဖြိုးရစေလို၊ အဲဒါကြောင့် ဘေးကင်းရန်ကင်း ဆောင်ခြင်း ဥပက္ခာကို။

## မေတ္တာ ကဗျာ ပို့ စရာ။

၁။ ဘေးရန်ကင်းကွာ၊ဒို့သူငါ၊ချမ်းသာကိုယ်စိတ် ပြပါစေ။
၂။ မိဘနှစ်ဖြာ ဂုဏ်အနန္တာ ချမ်းသာကိုယ်စိတ် မြပါစေ။
၃။ ဂုဏ်တော်နန္တာ မြတ်ဆရာ ချမ်းသာကိုယ်စိတ် မြပါစေ။
၄။ ဒို့အိမ်တွင်းမှာ နတ်များစွာ ချမ်းသာကိုယ်စိတ်ပြပါစေ။
၅။ ဒို့အိမ်တွင်းမှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြပါစေ။
၆။ ဒို့ရွာတွင်းမှာ နတ်များစွာ ချမ်းသာကိုယ်စိတ် မြပါစေ။
၇။ ဒို့ရွာတွင်းမှာ များသတ္တာ ချမ်းသာကိုယ်စိတ် ပြပါစေ။
၈။ ဒို့မြို့တွင်းမှာ နတ်များစွာ ချမ်းသာကိုယ်စိတ် မြပါစေ။
၉။ ဒို့မြို့တွင်းမှာ များသတ္တာ ချမ်းသာကိုယ်စိတ် မြပါစေ။
၁၀။ ဒို့ပြည်တွင်းမှာ နတ်များစွာ ချမ်းသာကိုယ်စိတ်မြပါစေ။
၁၁။ ဒို့ပြည်တွင်းမှာ များသတ္တာ ချမ်းသာကိုယ်စိတ်မြပါစေ။
၁၂။ လုံးစုံမြို့ရွာ နတ်များစွာ ချမ်းသာကိုယ်စိတ် မြပါစေ။
၁၃။ လုံးစုံမြို့ရွာ များသတ္တာ ချမ်းသာကိုယ်စိတ် မြပါစေ။
၁၄။ သောင်းထိုက်စကြဲာ နတ်များစွာ ချမ်းသာကိုယ်စိတ် မြပါစေ။

၁၅။ သောင်းထိုက်စကြာ များသတ္တာ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၁၆။ ရေမြေအာကာ နတ်များစွာ ချမ်းသာကိုယ်စိတ် မြဲပါ။

၁၇။ ရေမြေအာကာများသတ္တာ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၁၈။ သိကြားဗြဟ္မာမိုယ်းဒေဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၁၉။ ခိုးသူ တိုက်သူ လိမ်ကောက်သူ တို့တူ ချမ်းသာ ကိုယ် စိတ်မြဲပါစေ။

၂၀။ သက်ရှည်နာကင်း ချမ်းသာခြင်း လက်ငင်း ရပါစေ။

## သီဟိုဠ်ကျွန်းရှိ ဒက္ခိဏသာခါ မဟာဗောဓိပင် သမိုင်း။

သီဟိုဠ်ကျွန်း ဒေဝါနံပိယတိဿမင်းကြီး၏ မိဖုရား၊ အနုလာ ဒေဝီနှင့်ရှေ့ညီခဲ့သော မင်း၊ မိန်းမ အပေါင်းတို့သည်၊ ရဟန်း ပြုလိုကြကြောင်းနှင့် ခွင့်တောင်းပန်ထွာရာ၊ ရှင်မဟိန္ဒ မထေရ် မြတ်က၊ မာတုကာမတို့ကို ငါတို့ ရဟန်း မပြုကောင်းချေ၊ ဘိက္ခုနီမတို့ကသာ ရဟန်းပြုကောင်းသည်၊ ပါဋလိပုတ်ပြည်၌၊ ငါ၏နှစ်မတော် သင်္ဃမိတ္တာထေရ်ရီ ဘိက္ခုနီမရှိသည်၊ အဆိုပါ ထေရ်ရီအား မဟာဗောဓိပင်မြတ်၏ ဒက္ခိဏသာခါ လက်ျာ

တောင်ကိုင်းကို ပင့်ဆောင်၍ ဤသီဟိုဠ်ကျွန်းသို့ ကြွတော်မူပါ မည့်အကြောင်းဖြင့် ကောင်းစွာ ငါ၏ခမည်းတော်ဓမ္မာသောက မင်းကြီးထံ တမ်းစေလွှတ်၍ တောင်းရမည်ဟု မိန့်တော်မူသော ကြောင့် မင်းကြီးသည်၊ တူတော် အရိဋ္ဌမည်သော အမတ်ကို စေလွှတ်၍ တောင်းလေ၏။

ထိုအခါ ဓမ္မာသောကမင်းကြီးသည် ရွှေဖြင့်ပြီးသော အိုး၏ မျက်နှာ ၁၀ သုံးတောင်၊ အဝန်းကိုးထောင်၊ အစောက်ငါးထောင်၊ အထူလက်ရှစ်သစ်၊ အိုး-အနှားရေး၊ နခမ်း၏အလုံးကား၊ဆင်ပျို နှာမောင်းလုံးမျှလောက် ကြီးသောအိုးကို တန်ခိုးဘောက်ကြွား၊ ဝိသကြုံနတ်သားသည် ပုတီမ်သမားအသွင်ဖြင့် ဆောင်လျက်၊ ကောင်းအောင်ပြုလုပ်စေပြီးမှ၊ မင်းကြီးသည် ဆေးဒါန်းမြင်းသီ လာဖြင့် ရေးသား၍ သစ္စာထားလေ၏။ ငါသည်ကား ဘုရားသာ သနာ၌၊ ယုံမှားကင်းသော ဥပသကာမြတ် ဖြစ်အံ့၊ ဤမဟာ ဗောဓိ၊ ဒက္ခိဏသာခါသည်လည်း လင်္ကာဒီပ ကျွန်းဌာနသို့ ကြွထိုက်သည် မှန်ပါအံ့၊ ယခု ဆေးဒါန်းမြင်းသီလာဖြင့် ရေး သားရာ၌ တည်စေသောဟု သစ္စာထားလေ၏။

ထိုသို့ သစ္စာထားသည်နှင့် တပြိုင်နက် ဗောဓိခက်သာခါသည်၊ အလိုလိုပြတ်လာ၍ နံ့သာညွန်ပြောင်းဖြင့် ပြည့်သော ရွှေဖျင်း အိုး၌တည်လာ၏။ ထိုမဟာဗောဓိခက်သည်၊ ရွက်ဖျားတိုင်အောင် ဆယ်တောင် မြင့်၏။ လေးတောင်စီ လေးတောင်စီ ရှည်သော ခက်မငါးဖျာတို့သည် အသီးကြီးငါးလုံးတို့ဖြင့် တံဆာဆင်အပ်

ကုန်၏။ တတောင်မျှသော အခက်ငယ်ဘို့ဖြင့် တင့်တယ်ကုန်၏။ ထိုသို့ ရွှေဖျင်း၌ တည်သောအခါ မဟာ ပထဝီမြေကြီးသည် ကောင်းချီးပေးသောအားဖြင့် များစွာ တုံလှုပ်လေ၏။

ထိုဒက္ခိဏသာခါ၏ ငါးဖြာသော ခက်မတို့မှငင်း၊ ငါးလုံးသော အသီးကြီးတို့မှငင်း၊ ညီးညီး ဝါဝါ၊ ခြောက်ဖြာသော ရောင်ခြည်တော်တို့သည် ထွက်ပေါ်ကုန်၏၊ ထို့ပြင် နောက်မှ ရွှေဖျင်းနှင့် တကွသော ဒက္ခိဏသာခါသည်၊ ရတနာအင်ပျဉ်မှ ကောင်းကင်သို့ ပြန်တက်၍၊ ခုနှစ်ရက်ပတ်လုံး လွှမ်းဖုံးဆီးနှင်း၊ တိမ်တိုက်တွင်း၌ တည်လေ၏။ ထိုတိမ်တိုက်အတွင်းမှ သက်ဆင်းလာရာ၊ ဒက္ခိဏသာခါကို သံဃမိတ္တာထေရီ ဘိက္ခုနီမနှင့်တကွ၊ လင်္ကာဒီပ၊ ကျွန်းဌာနသို့ ဆက်သပို့ဆောင်လိုက်၏။

သီရိဓမ္မာသောက မင်းကြီးသည် ဗုဒ္ဓဂယာမှ ပါဋလိပုတ်ပြည်သို့ ငင်းမှ ကြီးကျယ်စွာသော အခန်းအနားဖြင့် ဘာလိတိက္ကသင်္ဘောဆိပ်သို့အရောက် ရေလည်ပင်းလောက်ထိအောင် ပို့ဆောင်တော်မူသည်။ ဘီဟိုင္ဃဘုရင် ဒေဝါနံပိယတိဿမင်းကြီးကလည်း ဇမ္ဗုကောလ သင်္ဘောဆိပ်မှ ရေလည်ပင်းထိ ဆင်း၍ ကြိုယူပင့်ဆောင်သည်။ ထို့နောက် ဒေဝါနံပိယံတိဿမင်းကြီးသည်၊ မဟာမေဃဝန် ဉယျာဉ်တွင်း၌ သန့်ရှင်းစင်ကြယ်သော တင့်တယ်သောအရပ် ဘုရားမြတ် သုံးဆူတို့ မူလဗောဓိ ပင်သီရိမှ ဒက္ခိဏသာခါ စိုက်ဘူးရာအရပ်၌ ထိန်ညီးတောက်ပ ရွှေဖျင်းနှင့်တကွ စိုက်ပျိုး၍ ကိုးကွယ် ပူဇော်လေ၏။ ထိုဗောဓိပင်ကို

ကြည်ညိုကုန်သော တထောင်မျှလောက်သော ယောကျ်ား တို့သည် ဝိပဿနာတရားကို အားထုတ်ခြင်းကြောင့်၊ အရဟတ္တ ဖိုလ်သို့ ရောက်ကြကုန်၏။ ထိုဒက္ခိဏသာခါ မဟာဗောဓိပင် မြတ်သည် ယခုတိုင်ထင်ရှားရှိ၏။

ဒက္ခိဏသာခါ

နှင့်

ဗောဓိပင်များ ဘုရားရှိခိုး။

ဘုရားလေးဆူ၊ ကြွတော်မူ၍၊ ကြည်ဖြူရွှင်လတ်၊ သမာပတ် ဝင်စားရာ၌၊ မြတ်စွာ ကကုသန္ဓ၊ ကောဏ၊ ကဿပတို့ ပွင့်ကြဗောဓိ မည်ရှိထုတ်ဆို ကုက္ကုသဖန်း၊ ညောင်နန်းတို့ကို အောင်ခန်းမကို၌၊ သမိုက်တူးစွာ၊ စိုက်ဘူးရာဝယ်၊ ပါဠိလိပုတ္တ၊ ရွှေပြည် မ က၊ အရိယာဂိုဏ်းဇင်၊ သမိုင်းတွင်သည့် သံဃမိတ္တာ ဆောင်ယူလာသော၊ သန္ဒာခက်ရိုး၊ မြရွက်ဖြိုး၍၊ တန်ခိုးလွန်ကြီး ငါးလုံးသီးလျက်၊ ရေမီးစုံစွာ ယမိုက်ဟာဖြင့်၊ ပြဟ္မာဘုံ တိုင် အောင်၊ ထွန်းလင်း တောက်ပတော်မူသော ဒက္ခိဏသာခါ၊ မဟာဗောဓိနှင့်တကွ၊ ဗုဒ္ဓဂါယာ မဟာဗောဓိမှစ၍ ရှိရှိသမျှ ဗောဓိတို့ကို၊ ခန္ဒာငါးစု ပေါင်းဆုံစု၍ ငါဟုသမုတ်၊ အကျွန်ုပ် သည်၊ ကာယဝစီ၊ မနောချီလျက်၊ သုံးလီစေတနာ၊ သုံးဖြာ ဒွါယ၊ ပဏာမဖြင့်၊ ကြည်စွမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ ဘုရား။　　။

### ပဲခူး တိုင်း

### မင်းလှမြို့-ဝေဠုဝန် စာသင်တိုက်

## ဝေဠုဝန်ဆရာတော်၏ ထေရုပ္ပတ္တိ

မင်းလှမြို့ ဝေဠုဝန်ဆရာတော်ကြီး၏ အလောင်းအလျာ သတို့သားသည် ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်၊ ထိန်တောမြို့အနီး၊ ဧရာဝတီမြစ်နှင့် မြစ်မခတို့ဆုံရာ၊ မြစ်ကမ်းပေါ်တွင် တည်ရှိသော ကြို့ပင်သာ အုန်းကုန်း ရွာကြီး၌၊ သူတော်မလေ့ဖြင့် ပျော်မွေ့နေထိုင်လျက်ရှိသော အဘ ပရိတ်ဆရာကြီး ဦးဘိုးသာ၊ အမိ ဒေါ်နှင်းအေးတို့မှ ၁၂၅၄-ခုနှစ်၊ ပြာသိုလဆန်း ၁၂-ရက်၊ ၁၀-နာရီအချိန် ကြာသပတေးနေ့တွင် သားမြတ်ရတနာကို မီးရှူးသန့်စဥ်ဖွားမြင်တော်မူသည်။ နောက်မကြာမီပင် ဗေဒင်ဆရာကြီးတဦး ရောက်လာပြီး၊ ဤသတို့သားသူငယ်လေးသည် ထင်ရှား ကျော်ကြားသော ဆရာဘုန်းကြီးသော်၎င်း၊ မင်းစိုးရာဇာသော်၎င်း၊ မုချ ဖြစ်ရမည်။ ရုပ်အဆင်းသဏ္ဍာန် ကြံ့အင်္ဂါလက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၍ သတိပြုကာ

ကြည့်ရှုစောင့်ရှောက်ပါရန် မှာကြားလေသည်။ ခမည်းတော်-မယ်တော် နှစ်ဦးစလုံးပင် အိပ်မက်ကောင်းများ၊ အတိတ် နိမိတ်ကောင်းများ တွေ့ကြုံကြရ သည့်ပြင် သတိုသား ပဋိသန္ဓေ ရှိနေစဉ်။ မိခင်သည် ယာဂုသောက်လိုသောဆန္ဒ အကြိမ်ကြိမ် ပေါ်ပေါက်၍ သောက်သုံးခဲ့လေသည်။

ဗုဒ္ဓ ဘုရားရှင် လက်ထက်မှ ယနေ့အထိ လိုပင် အိန္ဒိယနှင့် သီဟိုဠ်တို့မှာ နံနက် စောစောပိုင်းတွင် ယာဂုနှင့် သားရေစာ များကိုသာ လှူဒါန်းလေ့ရှိကြခြင်းကို တွေ့ရခြင်းဖြင့် ဆရာတော်ကြီး၏ မျက်မှောက်ဘဝ အိန္ဒိယနှင့် သီဟိုဠ်တို့သို့ကူးလူးဆက်ဆံ၍ သာသနာ ပြုခဲ့ပုံများနှင့် မိခင်ကြီး၏ ယာဂုသောက်လိုသော ဆန္ဒတို့မှာ ကြိုတင်နိမိတ် ခပ်နိုပ်လျက်ရှိကြောင်း အံ့သြဘွယ်ရာ တွေ့ရှိရပေသည်။

ဆရာတော်ကြီးတွင် မွေးခြင်း ပေါက် ဖော် ဦးတက်ပြား၊ ဦးမြတ်ပွင့်၊ ဒေါ်မယ်ကျင်၊ ဒေါ်ဖွား၊ သခင်ဗဟန် ဟူ၍ ၅-ယောက်ရှိရာ၊ အကြီးဆုံးဦးတက်ပြားနှင့် နှစ်မငယ်၊ဒေါ်မယ်ကျင်၊ ဒေါ်ဖွားတို့မှာ ကွယ်လွန် အနိစ္စ ရောက်ကြ ပြီးလေပြီ၊ ဆရာတော်ကြီးကိုယ်တိုင်နှင့် ညီအငယ်ဆုံး သခင်ဗဟန် တဦးသာ ရှိတော့ရာ၊ သခင် ဗဟန်မှာ ရန်ကုန်မြို့ မြောက် ဥက္ကလာပ မေဓာဝီလမ်းတွင် ပိုးချင်းမ ဆေးတိုက်၊ တိုင်းရင်းမြန်မာဆေး ထိုက် ဖွင့်လှစ်နေထိုင်လျက် ရှိလေသည်။

## ကျောင်းသားဘဝ

ကြို့ပင်သာရွာသို့ ဒွါရဝါဒီမဟာထေရ် ဖြစ်တော်မူသော ရွှေလောင်း ဆရာတော် ဘုရားကြီးသည်၊ ဆွေမျိုးများရှိရာသို့ ကြွလာပြီးလျှင်၊ သီတင်းသုံးနေထိုင်သောအခါဝယ်၊ ဆယ်နှစ် သားအရွယ်၊ ဤသူငယ်ကို မိဘ နှစ်ပါးတို့က ဆရာတော် ဘုရားကြီးထံ ပညာသင်ကြားရန် အပ်နှံလိုက်ကြသည်၊ အသက် ပင် ငယ်သော်လည်း အရွယ်နှင့် မလိုက်အောင် ပညာ ဉာဏ် ထက်သန်သဖြင့် အခြေခံ ပညာများကို သင်ကြားလျက်၊ ညနံနက်၊ ဝတ်တက်ကြရာတွင် ခေါင်းဆောင်၍ ဘုရားရှိခိုး၊ ပရိတ်မေတ္တာ ကျင့်ဝတ်စာ တို့ကို ရွတ်ဆိုရသည့်ပြင်၊ ဆရာတော် ကြီး၏ ဝတ်ကြီး·ဝတ်ငယ်တို့ကိုလည်း အမြဲပြုစုရလေသည်။

## ရှင်သာမဏေဘဝ

ကျောင်းသားဘဝကပင်၊ ရှင်ကျင့်ဝတ်နှင့် ပရိတ်ကြီးတို့ကို အကုန်ရရှိပြီးမှ အဘိုးသမားတော်ကြီး ဦးမြတ်သာဦး၊ အဖွား ဒေါ်ရွှေမိနှင့် မိခင်ဘခင်နှစ်ပါးတို့က၊ ဆရာတော်ကြီး၏ထံမှာ ပင် ၁၂ နှစ်သားအရွယ်တွင် ပရိက္ခရာရှစ်ပါးဖြင့် သာသနာ တော်တွင်းသို့ ရှင်သာမဏေအဖြစ် သွတ်သွင်း ချီးမြှင့်ကြ၍၊ ရှင်ပဏ္ဍိတဟူသော ဘွဲ့အမည်နှင့် သာသနာ့ လုပ်ငန်းကို ကြိုးပမ်းကာ ထမ်းဆောင်နေရာမှ ကျေးဇူးရှင်ဆရာတော်ကြီး ဘဝ နတ်ထံ ပြန်လွန်တော်မူသောအခါ၊ မင်းလှမြို့၊ အဘိုးတော်သော

မင်းကျောင်း ဆရာတော်ကြီး ဦးအာလောက ထံမှောက်သို့ ရောက်ရှိပြီး ပညာဆက်လက် သင်ကြားရလေသည်။

ထိုမှတဖန် ဆရာတော်ကြီး၏ ခွင့်ပြုချက်အရ၊ သထုံဘီးလင်း ဆရာတော်လောင်း ဦးပညာနှင့်အတူ၊ ပခုက္ကူမြို့သို့ စာသင် တက်ခဲ့လေသည်။ ပခုက္ကူမြို့ မဟာဝိသုတာရုံ စာသင်တိုက်ကြီး တွင် ပညာဆက်လက်သင်ယူပြီးနောက်၊ ပြည်မြို့ ပဌမ ခေမာရုံ၊ ဒုတိယ ဂန္ဓာရုံခေါ် ပဌမ ဆရာတော် ဦးသောဏထံတွင် ပညာ ဆက်လက်သင်ယူခဲ့ရာ အစိုးရ ပဌမငယ်တန်းကို အောင်မြင်ခဲ့ လေသည်။

## ရဟန်း တော် ဘဝ

၁၂၇၃ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့ နေ့ လည် ၂ နာရီ ၁၇ မိနစ်အချိန် မင်းလှမြို့ မင်းကျောင်း၊ ခန္ဓ သိမ်၌၊ ထိန်တောမြို့၊ ဝေဠုဝန်ဆရာတော် ဦးပညာစံသကို ဥပဇ္ဈာယ်ပြု၍၊ ကမ္မဝါဆရာ ကာရကသံဃာ ၂၀ တို့သည် ဥပသမ္ပဒကံဖြင့် သာသနာ့ဘောင်သို့ ရောက်အောင် ချီးမြှောက် တော်မူသောကြောင့်၊ မင်းလှမြို့၊ ဒေါ်ပု၏ ပစ္စယာနုဂ္ဂဟ ဓမ္မ နုဂ္ဂဟ နှစ်ပါးဖြင့် ရှင်ပဏ္ဍိတသည် အထက်တန်းဇာတ်၊ ရဟန်း မြတ် အဖြစ်သို့ ရောက်ရှိလေသည်။

ထိုဆရာတော်အလောင်းသည်၊ မင်းလှမြို့ မင်းကျောင်းသို့

ရောက်ခါစ၊ သာမဏေဘဝကပင် ဆေးရုံလမ်းနေ အရိုးတော်သုံ့ ဘုရားအမကြီး ဒေါ်ပုသည် ရှင်ပဏ္ဍိတ၏ ရုပကာယ၊ အာစ လျှာစတို့ကို သတောကျ ကြည်ညိုလှသဖြင့် ကြိုတင်၍ မင်းကျောင်း ဆရာတော်ကြီးထံ၊ ရဟန်းဒါယိကာမ ခံယူလိုကြောင်း၊ ခွင့်တောင်းလျှောက်ထားပြီးသည်မှစ၍ ပစ္စည်းလေးပါးတို့ဖြင့် လိုလေသေးမရှိရအောင် ထမ်းဆောင်လှူဒါန်းပြီး သကာလ၊ ကျောင်းအမ၊ တန်ဆောင်းအမ၊ သိမ်အမ၊ ဘုရားအမ၊ ရဟန်းအမဆိုသော ဂုဏ်ထူးဖြင့် ကြည်နူး ဝမ်းမြောက်စွာ ၇၃ နှစ်ရွယ်ကွယ်လွန်သည်အထိ၊ သာသနာရေးကို ကိုယ်ဘိရင်ဘိ အားပေးဆောင်ရွက်ခဲ့လေသည်။

ရဟန်းဖြစ်စ၊ ဦးပဏ္ဍိတ မထေရ်သည်၊ ပရိယတ္တိ စာပေကို ဆက်လက်၍ ဆည်းပူးသင်ကြားလေသည်၊ ယခင်ပညာသင်ကြားခဲ့သော ပြည်မြို့၊ ခေမာရုံတိုက်တွင်၎င်း၊ သထုံ ဘီးလင်းမြို့ မင်းကျောင်းဆရာတော် ဦးပညာထံတွင်၎င်း၊ ပခုက္ကူမြို့ မဟာဝိသုတာရုံတိုက်တွင်၎င်း၊ ကြည့်မြင်တိုင်မြို့၊ ဝေဠုဝန်စာသင်တိုက်ကြီးတွင်၎င်း၊ သင်ယူ လေ့လာရင်း တစ်ဘက်တွင်လည်း၊ စာပေပို့ချခဲ့လေသည်။

## သိဟိုဠ်ကျွန်းတွင် တဝါဆိုခြင်း။

အရှင်ပဏ္ဍိတ မထေရ်သည်၊ ရဟန်းဝါ ၇-ဝါ အရတွင် သိဟိုဠ်ကျွန်းသို့သွားရောက်၍ မြတ်စွာဘုရားသခင်၏ စွယ်တော်

မြတ်ကို ဖူးမြော်ရန် ဆန္ဒပြင်းပြခဲ့လေသည်။ ဗုဒ္ဓ မြတ်စွာသည်၊ အိန္ဒိယ ပြည်၊ မဇ္ဈိမဒေသတွင် ပွင့်တော်မူ၍ ၄၅-ဝါပါတ်လုံး၊ လူနတ်ဗြဟ္မာ၊ သတ္တဝါအများအား တရားရေအေး တိုက်ကျွေး ကယ်မရာ သတ္တဝါအနန္တ ကျွတ်တန်း ဝင်ခဲ့ကြသည် မှန်သော်လည်း၊ ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်မှာ နောက်ပိုင်း၌ အိန္ဒိယနိုင်ငံတွင် များစွာမှေးမှိန်ခဲ့လေသည်။ တတိယသံဂါယနာ တင်ပွဲပြီး နောက်၊ သာသနာသည် သီဟိုဠ်ကျွန်းသို့ရှင်မဟိန္ဒနှင့် နှစ်မတော် ထေရီမ၊ သံဃမိတ္တာတို့ကျေးဇူးဖြင့် ရောက်ရှိလာရာမှ သီဟိုဠ်ကျွန်းတွင် စတုတ္ထသံဂါယနာ တင်သည်အထိ သာသနာ နေဝန်း ထွန်းလင်း တောက်ပခဲ့လေသည်၊ ထိုမှတဆင့် မြန်မာ နိုင်ငံသို့ ရောက်၊ မြန်မာနိုင်ငံတွင် ပဥ္စမ သံဂါယနာနှင့် ဆဋ္ဌ သံဂါယနာ တင်သည်အထိ၊ ထွန်းလင်း တောက်ပခဲ့သည်။

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံလွန်တော် မူပြီးနောက်၊ သာသနာသက် ၂၅၀၀-ကျော်အတွင်း ဘုရားသားတော် သံဃာ ဂိုဏ်းကြီးများအတွင်း အယူအဆများ ကွဲပြားခဲ့ကြရာ အဓိက အားဖြင့် မဟာယနဂိုဏ်းနှင့် ဟိနယနဂိုဏ်းကြီး နှစ်ခုမှာ အထင် ရှားဆုံး ဖြစ်ပေသည်။ တိဘက်ပြည်၊ တရုပ်ပြည်၊ ဂျပန်ပြည် တို့တွင် မဟာယနဂိုဏ်း ဗုဒ္ဓသာသာထွန်းကား၍ သီဟိုဠ်ကျွန်း၊ မြန်မာပြည်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအို နိုင်ငံတို့မှာ ဟိနာယနထေရဝါဒ ထွန်းကားလေသည်။

သီဟိုဠ်ကျွန်းတွင် သာသနာတော် ထွန်းလင်းလျက်ရှိသည်။

သီဟိုဠ်ကျွန်း ကန္ဒီမြို့တွင် မြတ်စွာဘုရားသခင်၏ အောက် လက်ဝဲဓါတ် စွယ်တော်မြတ် ကိန်းဝပ်လျက်ရှိသည်၊ သံဃ မိတ္တာ ပင့်ဆောင်ခဲ့သော မဟာဗောဓိပင်လည်း ရှိသည်။ ထိုထို- ဤဤ အလီလီသောစေတီရုပ်ပွား ဓါတ်တော်မွေတော်များလည်း စုံလင်လှသည်။ သီဟိုဠ်သို့ အရောက် သွားရောက် ဖူးမြော်ရန် ဆန္ဒပြင်းပြနေဆဲ၊ မိမိ၏ဥပဇ္ဈာယ်ဆရာ ကျေးဇူးရှင် ထိန်တောမြို့ ဝေဠုဝန်ဆရာတော်နှင့် တွေ့ဆုံခိုက် လျှောက်ထားမိရာမှ အကြံ တော်အောင်မြင်၍ ၁၂၈၁ ခုနှစ်တွင် သီဟိုဠ်သို့ဆရာတော်နှင့် အတူ ကြွရောက်ဖြစ်လေတော့သည်။

ထိန်တော ဆရာတော်နှင့် အရှင်ပဏ္ဍိတ မထေရ်တို့သည် သီဟိုဠ်ကျွန်း ကောလမ္ဗိုရ်မြို့၊ မြန်မာပိုင်ကျောင်းတိုက် ဆရာ တော်ဦးဝိနယလင်္ကာရထံသို့ရောက်ရှိ တည်းခိုကြ ပြီးလျှင်၊ အောက် လက်ဝဲဓါတ် စွယ်တော်မြတ်နှင့်တကွ၊ ၁၆ ဌာန မဟာစေတီ မှစ၍ အရပ်ရပ်သော စေတီပုထိုး ဗောဓိမျိုးတို့ကို ရှိခိုးပူဇော် ကြပြီး၍၊ ဆရာတော်များ မြန်မာပြည်သို့ ပြန်ကြသောအခါ၊ ဝေဠုဝန်ဆရာတော်လောင်း အရှင်ပဏ္ဍိတ မထေရ်နှင့် အရှင် နေမိန္ဒ မထေရ်တို့နှစ်ပါးမှာ သီဟိုဠ်ကျွန်း ဆရာတော် ဦးဝိနယ လင်္ကာရ တိုက်ကျောင်းတွင် ပညာသင်ကြားရန် နေရစ်ခဲ့ကြ တော့သည်။

သီဟိုဠ်ကျွန်းသို့ ဘုရားဖူးသွားရောက်ခြင်းနှင့် ပါတ်သက်၍ ဆရာတော်၏ ရှေးယခင် မှတ်တမ်းတွင် အောက်ပါ အတိုင်း ရေးသား ဖော်ပြထားသည်ကို တွေ့ရပေသည်။

## သီဟိုဠ်မှာ ဝါဆိုခြင်း အကြောင်း။

ဗုဒ္ဓမြတ်စွာ သာသနာကြီးပွားရာဌာန သီဟဠခေါ်ဆို၊ ကျွန်းသီဟိုဠ်၌ ထိုထိုဤဤ အလီလီသော စေတီရုပ်ပွား၊ ဘုရားဓါတ်၊ မွေတော် အောက်လက်ဝဲဓါတ်၊ စွယ်တော်မြတ်နှင့်တကွ၊ဒက္ခိဏ သာခါ မဟာဗောဓိပင်သည် ယခုခေတ်အရ ထင်ရှားရှိကြောင်းကို ကောင်းစွာသိရ၍ စင်စစ်မုချ ဖူးမြော်သင့်လှသည်ဟု မနော မိဋ္ဌာန် စိတ်အကြံဖြင့် ရည်သန်တောင့်တလျက်နေစဉ်၊ ကျေးဇူးရှင် ထိန်တော ဝေဠုဝန် ဆရာတောင်နှင့် တွေ့ကြုံ၍ နှိုင်းချိန်စစ်ဆေး ရှိသမျှအရေးကို ဆွေးနွေး တိုင်ပင်လျက် ခရီးစဉ်ကို ကြည့်ပြီးလျှင် ခေါ်ပြုသက္ကရာဇ် တွက်စစ်ဝေါဟာရ ၁၂၈၁-ခု ဥတုဟေမန္တ၊ ပြာသိုလဆန်း ၁၂-ရက်နေ့ နံနက် ၁၁ နာရီ အချိန်တွင် မမှိန်မပ ဣန္ဒာလသို့ ရှိန်ဝါကြွ တန်ခိုးဖြာမည့် အဘိုးရတနာ မဖြတ် မပိုင်းနိုင်သော နတ်တိုင်းတမျှ လွန်စီပင်၍ လူရပ်ခွင် ဂုဏ်မချို့ပေတဲ့၊ ရန်ကုန်မြို့ သင်္ဘောဆိပ်မှာ ခပ်ကြိတ်ကြိတ်တိုးဝှေ့လျက်၊ အမျိုးမခလေ့ မတူပါသော လူတဘာသာ၊ ကုလားတသိုက်တို့နှင့် အလိုက်သင့် တက်စီးကာ ရွက်ကြီးဖြန့်လှုပ်၊ စက်ကုန်ခုတ်သဖြင့် ဘီလီလိုင်းခေါ်သင်္ဘောကြီးသည်၊ ရေကြောယာအဏ္ဏဝါ မဟာသမုဒ္ဒရာသို့ ထွက်ခွာ၍ လွင့်လေ၏။ ယင်းသို့ ထွက်ခွာလေလျှင်၊ ဝန်းကြင်ပတ်ကုန်း၊ မြေကြောဆုံး၍၊ ကမ်းလုံးကွယ်ပျောက်၊ ရေနက်သို့ရောက်သောအခါ၊ဒကာလောကော၊ မဟောဒဓိ ဥမိဝေဂ၊ လှိုင်းမ အိမ်လုံး တောင်လုံးတရှိ၊

တအိအိနှင့် ညြလာရိကံ၊ သောသောညံ့လျက် အသံမည်ဟီး လှိုင်းဂယက်ကြီးတို့ဖြင့် ရိုက်ဟီး ခတ်ဆော်လေ၏။

အံ့ချီးဘွယ်ရာ စီးသွယ်ဖြာသည့်၊ ရေပြာရေညို၊ စိန်းစို ရောင်လက်၊ ရေနက်ရေဖြူ၊ ရှုသူမရဲ၊ ရေခပဲတို့၊ အဲအဲဘနန်း၊ ချီးမွမ်းမကုန်၊ နည်းလမ် စုံလျက်၊ ဂုဏ်ဟိတ်ကြောင်းတင်၊ မိုး ကောင်းကင်နှင့်၊ ရေယာဉ်အလုံး၊ မြေပြင်ဖုံးလျက်၊ အဆုံး မရှိ၊ မျှော်ကြည့်ရောင်ရမ်း၍၊ သောင်ကမ်းကိုမျှ မမြင်ရခြင်း စသော၊ ဇလသဂရ၏၊ အစ္ဆရိယရှစ်ပါးတို့ကို၊ မျက်ဝါးတင်ထင် ရှုမြင်ရလေ၏၊ ရှင်သောင်း လေးထောင် နက်ဝှမ်းဆောင်သော၊ တော်ခွေပတ်ချုပ်၊ ရေသမုဒ် အဏ္ဏဝါဝယ်၊ ဗလဝါလှိုင်းကြမ်း၊ ပင်လယ်လမ်းတွင် ကူးသန်း ပျော်ပါး လွန်ကြီးမားသော၊ ငါးကြီးအနန္တာ၊ တိမိရ၊ တိပိင်္ဂလာ အစရှိသည် များအိ သောင်း သောင်း၊ ငါးအပေါင်းတို့သည်၊ ကောင်းစွာကွန့်မြူး အထူး ကျိုက်စားလျက်၊ ကစားခွင့်ရရှိကြလေ၏။ ထိုမှတဖြာ သာဂရာ ဝယ်၊ ယော်ကာ ယမ်းဆ မျှော် တမ်းဘ သော်လဲ၊ ကမ်းစ ကမ်းခြေမမြင်လေပဲ၊ ကိုယ်စိတ်နွဲ့၍၊ လွမ်းဘွဲ့ရာကြုံ၊ ဖော်မစုံတို့၊ အူတုံသဲလိုက်၊ ဗျာပါဆိုက်၍၊ ရိုက်ကြီးတငင်၊ လွမ်းဘွယ်ဆင် သည်၊ လွမ်းအင်သာတောင်း၊ ကောင်းသတည်း။ သွယ်သွယ် ပတ်ချုပ် သမုဒ္ဒရာ ပင်လယ်ချာဝယ်၊ ဒိသာရပ်ခွင်၊ ရှုဆင်ခြင် သော် ထင်မြင် တတ်အပ်၊ နက္ခတ် တာ ရာ၊ ကြယ်တကာနှင့် နှစ်ဖြာနေလ၊ ရေမှ ပေါ်ထွက် ရေသို့ သက်၍၊ မြူတ်လျက် ဒင်သွား ရေသားရေပြင် ရှုကြည့် စဉ်တွင် မျက်မြင်ထင်ရှား၊

ကျွန်ုပ်သွားပမာဏ၊ ကြီးမားလှသော မစ္ဆမျိုးများမြောင်း ငါးအပေါင်း တို့ကိုလည်း ထင်ရှားအောင် မြင်ကြလေ၏။

ဤသို့ သမုဒ္ဒရာရေကြော၊ မီးသင်္ဘောဖြင့် အဟောအစ္စရိယ၊ ချီးပမကုန် မီးအဟုန်ဟုဖြင့်၊ စက်စုံနိုးခေါ်လျက်၊ အဖေါ်သင်း ပင်းတို့နှင့်တကွ၊ ရန်ကုန်မြို့မှ ထွက်လာကြရာ၊ သုံးရက်၊ သုံးည ကြာအချိန်၊ ကုန်သိမ်တောက်ပ အရှိန်ကြွသည့်၊ အိန္ဒိယပြည်၊ ကလကတ္တားမြို့မှ လှည့်လည် သွားကြရာ၊ သီဟိုဠ်ကျွန်း ကိုလ မ္ဗိုလ်မြို့သို့ ဆိုက်ရောက်ကြလေသတည်း။

## ဝေဠုဝန်စာသင်တိုက် တည်ထောင်ခြင်း

သီဟိုဠ်ကျွန်းတွင် ၁၀ ါဆိုပြီးနောက်၊ မြန်မာနိုင်ငံသို့ ပြန် ရောက်လာရာ၊ ကြည့်မြင်တိုင် ဝေဠုဝန်တိုက်တွင် သီတင်းသုံး နေထိုင်စဉ် ၁၂၇၅ ခုနှစ်တွင်၊ မင်းလှမြို့ အနောက် စိန်ပုရွာ၊ စိန်ပုတောရကျောင်းမှ အရှင်ဦးသီဟာသနနှင့် ဦးထွန်းဘော် စသော ဒါယကာများ၏ ပင့်လျှောက်ချက်အရ သံဃာ ၁၅- ပါးနှင့် ခေတ္တကျောင်းထိုင်၍ နေရာတွင် ကျေးဇူးရှင် ဝေဠုဝန် နိကာယ ဂဏာဓိပတိ၊ ကြည့်မြင်တိုင် ဝေဠုဝန်ဆရာတော်ကြီး သည်၊ စိန်ပုရွာ၊ တောရကျောင်း ကထိန်သို့ ကြွလာသောအခါ အနောက်ဘက် စစ်ကျွန်းရွာ၊ ဒါယကာ များနှင့် စိန်ပုရွာ ဒါယကာများသည် သူတို့ရပ်ရွာ၌ ကျောင်းထိုင်ရန် ဆရာတော် ကြီးအား ခွင့်ပန်လျှောက်ထားကြသည်။ ထိုအခါ ဆရာတော် ဘုရားက စစ်ကျွန်းနှင့် စိန်ပုရွာမှာ အသွားအလာ ဝေးကွာ

သည်ဖြစ်၍၊ တို့ လာနိုင်မည်မဟုတ်ဟု အမိန့်ထုတ်လေရာတွင်၊ အသင့်ရှိနေသော မင်းလှမြို့၊ ရဟန်းအမကြီး ဒေါ်ပုက၊ မင်းလှမြို့ပေါ်၌ တပည့်တော်မ၏ မြေနေရာရှိပါသည်၊ ကျောင်းဆောက်၍ ကိုးကွယ်ပါမည်ဘုရားဟု လျှောက်ထားသောအခါ၊ ဆရာတော်က၊ အေးမောင်ပဏ္ဍိတ မင်းလှမှာ သာသနာပြုရမည်ဟု အမိန့်ရှိသဖြင့် နေရာရွေးကြရာ၊ ဒေါ်ပုပိုင်မြေသည် လမ်းမတော်နောက်ပိုင်း တာနှင့်ကပ်နေသော်လည်း၊ အိမ်များနှင့် နီးကပ်၍ နေရာဌာနမကြိုက်သောကြောင့် ယခုတည်ရှိနေသော ရေကန်ကြီး၏ အနောက်ဖက် ကပ်လျက် ဆိပ်ညိမ်ရာဌာန နိမိတ်ကောင်းရ၍ ဘုမ္မိနက်သန် မွန်သော၊ မြတ်ရှင်ပရမေ လူ့ဆွေ၏ အသရေမြတ်မှန် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကဲ့သို့ အလွန်သာယာ တင့်တယ်စွာသော မင်းလှမြို့ ဝေဠုဝန်ကျောင်းတိုက်ကို ၁၂၈၇ ခုနှစ်၊ ဥတုဟေမန္တ၊ ပြာသိုလ်လ-ဆန်းပက္ခ၌ ကောင်းမြတ်သော အချိန်ကာလတွင် သံဃာတော် အရှင်မြတ်များနှင့် သိုက်မြိုက်စွာ တည်ထောင်ခဲ့လေသည်၊ ဆရာတော်ကိုယ်တိုင် စာချဆရာတော်အဖြစ် သံဃာတော်များကို ပရိယတ္တိစာပေ ပို့ချတော်မူခဲ့လေသည်။

ပဌမ ရဟန်းအမကြီး ဒေါ်ပု၏မြေနှင့် ကျောင်းတိုက်တည်သည်။ ဒုတိယ ဦးသူငယ်၏သား ဦးလှမိုး၊ ဒေါ်ဘိဘိတို့က မြေ ၂ ကေ လှူဒါန်း၍ ထပ်မံတိုးချဲ့ခဲ့သည်။

## စွယ်တော်မြတ်ကို လျှောက်ထား တောင်းဆိုခြင်း

၁၂၇၇ ခုနှစ် (ကျောင်းတည်စ) ကဆုန်လတွင်၊ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက် နမ္မနာစံကျောင်းဆရာတော်ကြီး ဦးဇိနနှင့် သီဟိုဠ်ဆရာတော် ဦးဝိနယလင်္ကာရ ဆရာတော်ကြီး နှစ်ပါး ကြွလာပြီးလျှင် တရားဟောကြသည်၊ သီဟိုဠ်ကျွန်း အနုရာဓမြို့တွင် ပိဋကတ်တော် ထားရာနှင့် မြန်မာပြည်မှ ဘုရား ဖူးများ တည်းခိုနိုင်ရန် နှစ်ထပ်တိုက်အတွက် အလှူခံတော်မူ ရာ၊ ဝေဠုဝန်ကျောင်းအမကြီး ဒေါ်ပု၊ စံကျောင်း ကျောင်း အမကြီး ဒေါ်သူဇာ၊ ဇေယျဝတီကျောင်းအမကြီး ဒေါ်မယ် ကြည်တို့၏ အလှူငွေ မတည်ပြီး၊ အလှူငွေ ၅၀၀၀ိ/ကျော်ကို ဆောင်ရွက် လှူဒါန်းလိုက်လေသည်။

သီဟိုဠ်ဆရာတော်ဘုရားထံမှ သီဟိုဠ်ဆရာတော် အမြဲ ကိုး ကွယ်လျက်ရှိသော စွယ်တော်မြတ်ကို တပည့်နှင့်တကွ မြို့ရွာ နယ်ပယ် ဒါယကာအများ ကိုးကွယ်ဆီးကပ်နိုင်ကြရန် မင်းလှသို့ ပို့ဆောင်ပါမည့် အကြောင်းကိုလည်း လျှောက်ထား တောင်း ပန်လိုက်လေသည်။

၁၂၇၈ ခုနှစ် တပေါင်းလပြည့်နေ့၌ ကြည့်မြင်တိုင် ဝေဠု ဝန် နိကာယ ဂဏာဓိပတိ သာသနာပိုင် ဝေဠုဝန် ဆရာတော် ဘုရားကြီးကိုယ်တိုင် ကြွရောက်၍၊ သိမ်သမုတ်သော်မူပြီး၊ တပည့်

ရှင်သုဝဏ္ဏအား ဥပသမ္ပဒကံဖြင့် သာသနာတွင်းသို့ သွတ်သွင်းချီးမြှင့်သည်။

၁၂၇၉ ခုနှစ်တွင် သီဟိုဠ်ဆရာတော်ကြီးသည်၊ မိမိအမြဲကိုးကွယ်ထားသော စွယ်တော်မြတ်ကို သီဟိုဠ်စွယ်တော်နှင့်ကြိမ်းဝပ်ပြီးလျှင်၊ ရဟန်းရှင်လူ အများကိုးကွယ်နိုင်ရန် ကိုယ်တိုင် ပင့်ဆောင်ခဲ့ပြီးလျှင် မင်းလှမြို့ ဝေဠုဝန်ဆရာတော်သို့ပေးအပ်လေသည်။

## သံဃသာမဂ္ဂီအဖွဲ့တွင် ပါဝင်ဆောင်ရွက်ခြင်း

ဆရာတော်သည် သီဟိုဠ်ကျွန်း စွယ်တော်မြတ် ကြွရောက်လာသည့် အချိန်မှစ၍ တဘက်တွင် စာသင်သားများအားစာပေပို့ချရင်း၊ ကျန်တဘက်တွင် စွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူရန် အတွက် စွယ်တော်တိုက် တည်ဆောက်ရန် လုံးပမ်းရပြန်သည်၊ ထိုမျှမက၊ ထိုအချိန်က၊ အမျိုးသား ဝံသာနုစိတ်ဓါတ်များ တနိုင်ငံလုံး တဟုန်ထိုးဟုန်း ကြွလျက်ရှိရာ ဝံသာနုသင်းများ၊ ကုမ္မာရီသင်းများ ဖွဲ့စည်းကြသည်၊ ထိုအတူ သံဃာတော်များဘက်မှလည်း မနေသာကြဘဲ၊ ဘာသာရေး၊ သာသနာရေးအတွက် စည်းလုံးညီညွတ်စွာ ဆောင်ရွက်နိုင်ရန် သံဃာ့သာမဂ္ဂီအဖွဲ့များ ဖွဲ့စည်းကြသည်၊ ဝေဠုဝန် ဆရာတော်ကိုယ်တိုင်လည်း မနေသာဘဲ ပါဝင်ဆောင်ရွက်ခဲ့ရသည်။

၁၂၈၁ ခုနှစ်၊ ၁၉၃၀ ခု၊ မေလတွင် ရန်ကုန်မြို့၌ ကုလား

ဗမာ အဓိကရုဏ်း အကြီးအကျယ် ဖြစ်ပွားရာ၊ မြန်မာပြည် အနှံ့ ပြန့်ပွားခဲ့လေသည်၊ ထိုအရေး၌ အဓိကရုဏ်း အမြန်ဆုံး ပြေငြိမ်းရန် မင်းလှမြို့၌ ကော်မီတီဖွဲ့၍ ဆောင်ရွက်ခဲ့ကြသည် တွင် ဝေဠုဝန်ဆရာတော်အား ကော်မီတီ ဥက္ကဋ္ဌအဖြစ် တင် မြှောက်ခဲ့ကြသည်။

## သီဟိုဠ်သို့ ဒုတိယအခေါက် ကြွရောက်ရခြင်း

ဆရာတော်သည် သီဟိုဠ်ကျွန်းသို့ ဒုတိယအခေါက် ရောက် ရပြန်သည်၊ အချိန်ကား၊ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွား စ၊ အရှေ့အာရှတိုက် အပါအဝင်၊ မြန်မာနိုင်ငံကို စစ်မီးတောက် ကြီး ကူးမည့်ဆဲဆဲ အခါပင်ဖြစ်သည်၊ သီဟိုဠ်တွင် ဝါဆိုလျက် ရှိသော တပည့်ကြီး ဦးသုဝဏ္ဏ မကျမ္မာကြောင်း စာလာသဖြင့် ကျေးဇူးများသော တပည့်ကြီးဖြစ်၍ စစ်အတွင်းပင် ဖြစ်လင့် ကစား သက်စွန့်ဆန်ဖျား အန္တရာယ် အသွယ်သွယ်တို့ ကြားမှ သွားရောက် ဆောင်ယူ ရခြင်းဖြစ်သည်။

ဦးသုဝဏ္ဏသည် ရဟန်းခံပြီး နောက်နှစ်တွင်ပင် သီဟိုဠ်သို့ ရောက်၍ ကိုလံဘိုမြို့ မြန်မာပိုင်ကျောင်းတိုက် ဆရာတော်ကြီး ဦးဝိနယလင်္ကာရထံ၌ ပညာသင်ရင်း သာသနာပြုကာ ၁၃-နှစ် ကြာမျှ နေထိုင်ခဲ့ရာတွင် ၃-နှစ်တောထွက်၍ တရားအားထုတ် ခဲ့လေသည်။ ထိုနောက် မြန်မာပြည်သို့ ပြန်လည်ကြွရောက်လာ လျက်၊ မင်းလှမြို့ ဝေဠုဝန်ကျောင်း၊ လက်ပန်တန်းမြို့ သုဓမ္မ

စာရီကျောင်း၊ အင်းစိန်မြို့ ဟောမာဂနိုင် တောရတို့တွင် နေထိုင်ပြီးနောက်၊ သီဟိုဠ်မဟာစေတီတော်ကြီး၌ စိန်ဖူးတော်တင်ရန်အတွက် သီဟိုဠ်ဆရာတော်ကြီးနှင့် အတူ ဆောင်ရွက်ပြီးလျှင်၊ သီဟိုဠ်သို့ စိန်ဖူးတော် ပင့်ဆောင်ရာ၌ ပါသွားရာ မကြာမီပင် လည်ပင်း၌ ကင်ဆာရောဂါ ဖြစ်လာသဖြင့် ပေဠုဝန်ဆရာတော်တို့ယ်တိုင် တပည့်မောင်မြင့်နှင့်အတူ သွားရောက် ဆောင်ယူရခြင်း ဖြစ်သည်။

ဆရာတော်သည် ဝေဠုဝန် မြတ်စွယ်တော်ကိုပါ၊ သီဟိုဠ်မြတ်စွယ်တော်နှင့်အတူ ကြိမ်းဝပ်ရန် ပင့်ဆောင်သွားပြီးလျှင်၊ ကန္ဒီမြို့ စွယ်တော်တိုက်တွင် တညတာ ကြိမ်းစက်လျက် ပူဇော်ကန်တော့ခဲ့လေသည်။

သီဟိုဠ်သို့ သွားရာတွင် သီဟိုဠ်သို့ တိုက် ရိုက် သွားသောသင်္ဘော မရှိသောကြောင့် မဒရပ်မှ လှည့်၍ သွားရသည်။

အပြန်အတွက် အဆက်အသွယ် အခက်အခဲ တွေ့ရသည်၊ မြန်မာပြည်သို့ ထွက်သော သီဟိုဠ်၊ မဒရပ်၊ ကလကတ္တားသင်္ဘောများ မထွက်ဘဲ ရှိသည်၊ မဒရပ်နှင့် ကလကတ္တားကြားဗိဇန်ပတန်မှ၊ ၇-ရက် တပတ် ထွက်သော သင်္ဘောရှိသည်ဟုစုံစမ်း၍ ရသောကြောင့် လဲလျောင်း၍နေမှ နေနိုင်သော လူမမာကို ကျောင်းတိုက်မှ ဘူတာကြီး၊ ၎င်းမှ ရထားပေါ်သို့တင်၍ ထွက်လာကြရာ၊ ဗိဇန်ပတန်သို့ ရောက်သောအခါ၊ စစ်

ကြောင့် သင်္ဘောအချိန်မမှန်ဘဲ သောကြာနေ့ ထွက်နေကြ သင်္ဘောသည် လမ်းတဝက်မှ ပြန်လာပြီးလျှင်၊ နောက်တနေ့ ထွက်သွားရာ ဘယ်နေ့ပြန်လာမည် မသိဟု ပြောကြားသဖြင့်၊ ဟော်တယ်တွင် ၉-ရက်ခန့်စောင့်မှ သင်္ဘောတစင်း ဆိုက်လာ၍ သင်္ဘောသို့ ဆင်းကြရသည်။

သင်္ဘောထွက်၍ ၂-ရက်မျှကြာသောအခါ အိန္ဒိယနိုင်ငံ ကာလိဂ်ရစ်မြို့ ဆိပ်ကမ်းသို့ ရောက်သည်၊ ထူးဆန်းစွာဖြစ်လာသည်မှာ ပဥ္စမ မူလ မြတ်စွယ်တော် ကြိမ်းဝပ်တော်မူသော ကာလိဂ်ရစ် ဆိပ်ကမ်းသို့ သင်္ဘောကပ်ရာတွင် ယခင်က အဆိုပါသင်္ဘောသည် သင်္ဘောဆိပ်၌ ခေတ္တခဏကုန်တင်ကုန်ချပြီး သင်္ဘောထွက်သော်လည်း ယခုအခါ တညအိပ်ပြီးမှသာ ထွက်ခွာသည်၊ ဆရာတော်နှင့် အတူပါလာသော စွယ်တော်ဘန်ခိုးဟု ယုံကြည်ရလေသည်၊ နောက်တနေ့ သင်္ဘောပေါ်တွင် လူမမာ၏ လည်ပင်းက အနာမှ သွေးဖြာ၍ ထွက်လာသဖြင့် သင်္ဘောဆရာဝန်ကြီးသည် ပြာယာခတ်လျက်၊ ဒါလောက် ဖြစ်မည် မထင်၍ သင်္ဘောတင်ခဲ့မိတာ မှားတာဘဲဟုဆိုပြီးလျှင် ဝိရိယစိုက်ခါ ကုသမှ သက်သာသွားသည်၊ ပင်လယ်ယံမှာ ငါးစာအဖြစ် ထားခဲ့ရတော့မည်ဟု အောက်မေ့မိသည်၊ သင်္ဘော သွားနေစဉ် အ တွင်း မှာ ပင်၊ စက်ာပူခံတပ်ကို ဂျပန်တို့ ဗုံးကြဲကြောင်း၊ နောက် ထားဝယ်မြို့ကို ဗုံးကြဲကြောင်း ကြားသိရသည်။ ညအခါတွင် သင်္ဘောတစင်းလုံးကို မီးမထွန်းရ၊ မှောင်ချထားသည်၊ မျှော်စင်မှ အပြဲမှန်ပြောင်းနှင့် ကြည့်နေရသည်၊ သင်္ဘော၌ လိုက်လာကြသော

ဘုရားဖူးပြီးလျှင် ဗာရဏသီ မိဂဒါဝုဏ်ဆရာတော် ဦးကိတ္တိမ၏ ကျောင်း၌ ဝါဆိုတော်မူသည်။ ဆရာတော် ဦးကိတ္တိမသည် ဗာရဏသီမြို့ မြန်မာပိုင် ကျောင်းတိုက်အမှတ် ၆၄၊ ၁၃၅၊ ဝိဒယာဝိသလမ်းတွင် ရှိသည်။ ကျောင်းတိုက်အတွင်း ကျောက်သား ဓမ္မာရုံကြီးတဆောင်ကို ရန်ကုန်မြို့ သူဌေးကြီး ဆာဦးသွင်က ဆောက်လုပ် လှူဒါန်းရာ၊ စည်ကားလှသော အုတ်မြစ်ချပွဲနှင့် ဆုံရသည်။ အုတ်မြစ်ချပွဲတွင် ဝေဠုဝန် ဆရာတော်ကိုယ်တိုင် အုတ်မြစ် ချခဲ့သည်။ ဆရာတော်သည် တန်ဆောင်မုန်းလ မိဂဒါဝုဏ်တွင် ဓါတ်တော် လှည့်ပွဲကြီး ပြီးမှ မြန်မာနိုင်ငံသို့ ပြန်ခဲ့သည်။

ဓါတ်တော်လှည့်ပွဲကြီးမှာ အလွန်ကြီးကျယ်စီကားလှသည်၊ ရှေးတက္ကသိုလ်မှ တူးဖေါ်၍ ရသော ဓါတ်တော်များကို ဆင်သုံးစီးနှင့် တင်ကာ လှည့်လည် အပူဇော်ခံခြင်းဖြစ်သည်။ ပဥ္စမဦးစွာ ဂန္ဓကုဋိတိုက်တွင်း၌ သိတင်းသုံးလျက်ရှိသော ဓမ္မစကြာပုံ ကျောက်သားထု ဘုရားကြီး၏ ပလ္လင်တွင် ထည့်သွင်း၍ထားသော၊ ဓါတ်တော်ကြုတ်ကိုတုတ်ကြသည်၊ ဆရာတော်အား လက်ဆင့်ကမ်းသည်၊ ဆရာတော်မှတဆင့် ဆင်ပေါ်သို့ တင်ရသည်၊ ထိုအခါ ဗုဒ္ဓဂုဏ်တော်နှင့် ဓါတ်တော်များကို အလွန့်အလွန် ကြည်ညိုဆပွား သဒ္ဓါများလှသဖြင့်၊ မိမိတွင် ပါလာသော ဓါတ်တော်ကိုပါ ပူဇော်လိုက်၍ ဆင်ပေါ်၌ မိုးရန် ပုသိမ်ထီးတလက်ကိုပါ လှူလိုက်လေသည်၊ မိဂဒါဝုဏ်ကျောင်းတိုက်နှင့် ဗရဏကျောင်းတိုက်ပိုင် ဆရာတော် ဦးကိတ္တိမ၊ မြန်မာ

ပြည်သို့ ကြွလာသောအခါ၊ ရွှေထီးတလက် ထပ်မံ၍ မိဂဒါဝုဏ် သို့ လှူလိုက်သည်။

## ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဆရာတော်

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း၊ သတ္တဝါ အမြောက်အများ သေကြေပျက်စီးကြရသည်၊ လူတို့၏သမာအာဇီဝ အသက်မွေး မှု လုပ်ငန်းများ ပျက်စီးကြရသည်၊ လူတို့နေထိုင်ရာ အဆောက် အဦးများ ရှေးဟောင်းအဆောက်အဦးများ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦးများ ပျက်စီးကြရသည်၊ လူတစု၏ လောဘမီး၊ ဒေါသမီး၊ မောဟမီး လောင်ကြွမ်းမှုကြောင့် စစ်ကြီးဖြစ်လာရ သည်၊ စစ်ကြီးဖြစ်လာ၍ လူများစု လူထုကြီးပါ၊ မီးသုံးပါးကို မချုပ်ထိမ်းနိုင်ဘဲ ဆက်လက်လောင်မြိုက်ကြရာ၊ ကမ္ဘာ့အနှံ့ စစ် ပွဲကြီးများ လူသတ်ပွဲကြီးများ ဖျက်ဆီးပွဲကြီးများ ဖြစ်တော့ သည်၊ ဆရာတော်သည် စစ်အတွင်း လူတို့၏ဒုက္ခအဖုံဖုံကို ကိုယ် တိုင် ကြုံရသဖြင့် ယူကြုံးမရ ဖြစ်ရသည်။ ကယ်တင်လိုလှသည် မိမိကိုယ်တိုင် အတတ်နိုင်ဆုံး ဖြစ်သော ဗုဒ္ဓ ဂုဏ်တော်များကို အချိန်ရှိသရွေ့ ပွားများခြင်း၊ မေတ္တာပို့ခြင်း၊ အမျှဝေခြင်း စသော ဘာဝနာအလုပ်များကိုသာ လုံ့လပြုရင်း သတ္တဝါများ အေးငြိမ်းရန် ဆုတောင်းရလေသည်။

ဒုတိယကမ္ဘာ့စစ်ပွဲကြီးကား နောက်ဆုံး အပြီးသတ် အေး ငြိမ်း၍ သွားပြီဖြစ်သော်လည်း၊ ကမ္ဘာ့အရပ်ရပ် ဒေသဆိုင်ရာ လွတ်လပ်ရေးတိုက်ပွဲများနှင့် စစ်အေးတိုက်ပွဲများ ဆက်လက်ဖြစ်

ပေါ်လျက်ရှိသည်၊ နိုင်ငံကြီးများသည်လည်း လက်နက် အပြိုင် အဆိုင် ထုတ်လုပ်လျက် ရှိကြသည်၊ ဒုတိယ ကမ္ဘာစစ်အတွင်းက ဂျပန်ပြည် မြို့ကြီးနှစ်မြို့တွင် အမေရိကန်တို့ ချခဲ့သော အနုမြူ ဗုံး ၂ လုံးသည် မြို့ကြီး ၂ မြို့လုံး ပြာပုံအတိ ကျဆုံးသွားရုံ မျှမက၊ မိနစ်ပိုင်းအတွင်း လူထောင်ပေါင်းများစွာ သေကြေ ပျက်စီးခဲ့ကြရသည်၊ ယခုအခါ အနုမြူ လက်နက်ကို အမေရိကန် တို့သာမက၊ ဆိုဗီယက် ရုရှားနှင့် အခြားနိုင်ငံအချို့ပါ ထုတ် လုပ်လာနိုင်ပြီဖြစ်ရာ နောက်ဘကြိမ် ကမ္ဘာစစ်ပွဲကြီးဖြစ်လျှင် အနုမြူစသော လက်နက် ဆန်းများကြောင့်၊ ကမ္ဘာတခုလုံး ကျဆုံးပျက်စီးရန် သေချာသလောက် အခြေအနေပေါ် ရှိနေသည်၊ ထို့ကြောင့် ကမ္ဘာ့ အရပ်ရပ်ရှိ စင်ဆန့်ကျင်ရေး ဝါဒီများ မနုဿ သူတော်စင်များ၊ ဘာသာရေးဆိုင်ရာ ခေါင်းဆောင်များ စစ်အန္တရာယ်ကို ကြိုတင်တားဆီးလိုကြသော လူထုခေါင်းဆောင် များက ကမ္ဘာ့ငြိမ်းချမ်းရေး အဖွဲ့များ ဖွဲ့စည်း၍ နောက်ထပ် ကမ္ဘာ့စစ်ကြီးတခု ထပ်မံ မဖြစ်ပွါးရန် ကြိုးပမ်းလျက်ရှိကြသည်။

ထိုအချိန်တွင်၊ နိုင်ငံတကာဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့ ချုပ်နှင့် ဗမာနိုင်ငံ ကမ္ဘာ့ငြိမ်းချမ်းရေး အဖွဲ့ချုပ်တို့မှ အနောက် ဥရောပတိုက်၊ ဩစကြီယားပြည်၊ ဗီယင်နာမြို့တွင် ကျင်းပမည့် ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် အစည်းအဝေးကြီးသို့ ဘာသာ ရေး ကိုယ်စားလည်တော် တဦးအဖြစ် တက်ရောက် ချီးမြှင့်ရန် ဆရာတော်ထံသို့ လျှောက်ထား တောင်းပန်စာ ရောက်ရှိလာပါ သည်၊ ဆရာတော်မှာ နဂိုကပင်၊ သတ္တဝါအများအား ကျမ်းမာ ချမ်းသာကြစေရန်၊ စေတနာကြီးမား မေတ္တာထားတော်မူ၍၊

အစဉ်မပြတ်၊ မေတ္တာဘာဝနာ ပွားများလျက်နေသူ ပုဂ္ဂိုလ်ထူး ဖြစ်သည့်အတိုင်း၊ သတ္တဝါများ၏ ငြိမ်းချမ်းရေးနှင့် အသက်ကယ်တင်ရေး အတွက်၊ ဦးမလေးဘဲ၊ ပါဝင်ဆောင်ရွက်ရန် သဘောတူခဲ့လေသည်။

ထို့ကြောင့် ၁၃၁၉ ခုနှစ်တွင် ဝေဠုဝန် ဆရာတော်နှင့် ပုသိမ်ဆရာတော်တို့ အပါအဝင် ပုဂ္ဂိုလ်ကျော် ၂၀ ပါဝင်သည့် မြန်မာနိုင်ငံ ကိုယ်စားလှယ် အဖွဲ့တခုကို ပဌမဆုံး ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် အစည်းအဝေးကြီးသို့ စေလွှတ်ခဲ့လေသည်။

ကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်မှာ သခင်ချစ်မောင် (ဝိစ္စရ)ဖြစ်၍ အတွင်းရေးမှူးမှာ ဝတ်လုံတော်ရ ဦးထွန်းတင်တို့ဖြစ်လေသည်။ အဖွဲ့ဝင်များမှာ ၁၊ ဗိုလ်မှူးလရောင်(ကွယ်လွန်) ၂၊ ဝတ်လုံတော်ရ ဦးလှကျော် ၃၊ စောမက်စီဖိုးသိန်း၊ ၄၊ ကျောင်းသားခေါင်းဆောင် ကိုလှဝင်း၊ ၅၊ ကျောင်းအုပ်ဆရာကြီး ဦးဒွေး ပဲခူး၊ ၆၊ ပန်းချီဆရာကြီး ဦးဘရင်လေး၊ ၇၊ ဝတ်လုံတော်ရ ဦးချောင်ဖိုး (ကွယ်လွန်) ၈၊ စာရေးဆရာကြီး ဇဝန၊ ၉၊ ဗိုလ်မြသွေး (ကွယ်လွန်) ၁၀၊ ဆရာကြီး ဦးဘလှအောင်၊ ၁၁၊ မွန်အမျိုးသားခေါင်းဆောင် မွန်ဦးဖိုးချို ၁၂၊ အလုပ်သမားခေါင်းဆောင် သခင်သန်း(ကွယ်လွန်) ၁၃၊ လူငယ်ခေါင်းဆောင် ကိုသန်းကြည့်မြင်တိုင်၊ ၁၄၊ အငြိမ်းစားအရေးပိုင် ဦးထွန်းဖေ၊ ၁၅၊ မြန်မာသမားတော်ကြီးဆရာငြိမ်း၊ ၁၆၊ သခင်ခင်မောင်၊ ကမာရွတ်(ကွယ်လွန်)တို့ ဖြစ်ကြသည်။

ဆရာတော်သည်၊ တရုပ်ပြည်သူ့ သမတနိုင်ငံ၊ ဆိုဗီယက်

လူမျိုးစုံတို့မှာ မိမိတို့ ဘာသာဆိုင်ရာ ဘုရားကိုသာ တ၍ နေကြရသည်၊ ၁၂၃၃-ခုနှစ်၊ ပြာသိုလဆန်း ၁၂-ရက်နေ့နံနက်၊ ရန်ကုန်ကို ဗုံးကြဲသည်။ ၎င်းနေ့ ညနေ ၄-နာရီခန့်၊ ရန်ကုန်သို့ ရောက်ခါနီးတွင် အထောက် သင်္ဘောကလေး ရောက်လာပြီး ဆိပ်ကမ်းသို့ သင်္ဘောမကပ်ရသေးဘဲ၊ ခပ်ဝေးဝေး၌ နေရမည် ဆိုသဖြင့် ရောက်ခါနီးမှ ပြန်ခုတ်ပြီးလျှင်၊ တညအိပ်နေရသည်၊ နောက်တနေ့ ညနေမှ သင်္ဘောကလေးတစင်း လာယူသည်၊ ၎င်းနေ့ ဆွမ်းမစားကြရ၊ သင်္ဘောဆိပ်သို့ ရောက်သောအခါ၊ အလုပ်သမား မရှိ၊ ယာဉ်မရှိ၊ လူမရှိသဖြင့် အခက်တွေ့နေရ သည်။ လူမမာကို ထားခဲ့၍ ဆရာတော်ကိုယ်တိုင် သင်္ဘော ဆိပ်မှ ဆူးလေဘုရား၊ ဘုရားလမ်း၊ ဘူတာအရောက် သွား၍ ရှာရာ၊ အပြန်လမ်းတွင် ကံအားလျော်စွာ ကားတစီးကို တွေ့၍ တောင်းသမျှပေးပြီး ဘူတာရုံကြီးသို့ အပို့ခိုင်းရသည်၊ ညရထား အဆင်သင့် တွေ့ရသော်လည်း ရန်ကုန်မြို့မှ ရွှေ့ပြောင်းကြသူ စစ်ပြေးများ၊ ပိန်းထပ်၊ မြောက်ထပ်၊ ပြည့်ကြပ်နေ၍ လူမမာ ကြောင့် မလိုက်နိုင်ဘဲ ကျန်ရစ်ခဲ့ကြသည်၊ မှန်ကွဲများ ပြန့်ကြဲ နေသော ပထမတန်းတည်းခိုခန်းတွင် မှန်ကွဲများကို ဖယ်ရှားပြီး ဆရာတပည့်များ တညအိပ်ကြရသည်။

နောက်တနေ့ နံနက် ၄-နာရီခန့်တွင်၊ ဆရာတော်ကိုယ်တိုင် စပ်ရာ ဒါယကာဒါယကာမများအိမ်နှင့် ဘုန်းကြီးကျောင်းများ ရှိရာသို့ သွားရောက် ရှာဖွေရာ၊ စစ်ဘေးဒဏ်ကြောင့် ပြေးကုန်ကြ သဖြင့် ဘယ်သူ့ကိုမျှမတွေ့ရတော့ပေ၊ စိတ်မကြေနပ်၍၊ နောက် ထပ်တဖန်၊ ညီတော်မောင် သခင်ဗဟန်နေထိုင်သော၊ ရေကျော်

မဟာသုခလမ်းသို့ ထွက်ခဲ့ရာ၊ အခန့်သင့်ပင်၊ သခင်ဗဟန်နှင့် တူဖြစ်သူ မောင်တင်ရွှေတို့ကို ရန်ကုန်မှ မပြောင်းသေးဘဲ၊ ကျန်နေ့ ရှိနေသည်ကို တွေ့ရသဖြင့်၊ ဘူတာကြီးသို့ လိုက်လာလျက်၊နံနက် အတွက် ဆွမ်းနှင့် မုံ့ပဲသရေစာများကို ရှာဖွေ ကပ်လှူကြပြီး၊ ရထားပေါ်သို့ တင်ပေးလိုက်ရာ ကောင်းမွန် ချမ်း သာ စွာ မင်းလှမြို့ ဝေဠုဝန်ကျောင်းသို့ ရောက်ကြရသည်။

## ဂျပန်ခေတ်အတွင်း ဆရာတော်

အင်္ဂလိပ်ပြေး၍ ဂျပန်တက်လာစ၊ စပ်ကူးမတ်ကူးကာလတွင် မြို့ရွာ မငြိမ်မသက်ရှိရာ၊ မြို့ရွာကာကွယ်ရေးနှင့် စောင့်ရှောင့်ရေး အတွက် အရေးပိုင်ဟောင်းဦးစိန်မှန်၊ အင်စပက်တော်ဦးဘသစ် စသော မြို့မိ မြို့ဖများက အဖွဲ့များ ဖွဲ့၍ စောင့် ရှောက် ကြ သကဲ့သို့၊ သံဃာတော်များဘက်မှလည်း ဝေဠုဝန်ဆရာတော် အား ဥက္ကဋ္ဌတင်၍ ဆောင်ရွက် ကြသဖြင့် မြို့သူ မြို့သား နယ်သူ နယ်သားများ အားလုံး ချမ်းသာရာ ရကြသည်။

ဝေဠုဝန် ဆရာတော်သည် ဂျပန် ဝင်လာပြီးသည့် နောက် စာ မချတော့ဘဲ၊ ရောက်လေရာ နိုင်ငံတကာမှ ရရှိလာသော ဗုဒ္ဓရုပ်ပွား ဘုရားပေါင်းများစွာ၊ ရှုပာန္တာနှင့် ဓါတ်တော်များ ကိုသာ စုဆောင်း၍ ကျောင်းကြီး၏ အောက်ထပ်၌ ထားပြီး လျှင်၊ အများဘုရားဖူးကြရန် အပူဇော်ခံထားသည်။

ကျောင်းဝင်းအတွင်းနှင့် ကျောင်းဝင်းအနီးတဝိုက်တွင် စစ်ပြေးရင်း ခိုလှုံရောက်ရှိလာသော ဒုက္ခသည်အချို့အား တတ်နိုင်သမျှ စောက်ရှောက်ရင်း၊ မိမိ ကိုယ်တိုင်မှာမူ ကမ္မဋ္ဌာန်း

ဘာဝနာများကိုသာ အထူး လုံးလစိုက် အားထုတ် တော်မူလေသည်။

## စစ်ကြီးအပြီးနှင့် ဆရာတော် ဆဋ္ဌသံဂါယနာတင်ပွဲတွင်ပါဝင်ရခြင်း။

စစ်ကြီး အပြီး၊ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးနောက်၊ မြန်မာနိုင်ငံအစိုးရသည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကို အစွမ်းကုန် ချီးမြှောက်သည့် သဘောဖြင့် ဆဋ္ဌသံဂါယနာတင်ပွဲကြီး ကျင်းပ ပူဇော်ရန် ဆုံးဖြတ်ချက် ချခဲ့ကြသည်။

ပထမအကြိမ် သံဂါယနာတင်ပွဲကို မြတ်စွာ ဘုရား သခင် ကုသိနာရုံတွင် ပရိနိဗ္ဗာန်စံယူပြီးနောက် ရက်သတ္တပါတ် အနည်းငယ်လောက်တွင် ရာဇဂြိုဟ်ပြည်၌ ရှင်မဟာကဿပမထေရ်မြတ် အမှူးပြု၍ တင်တော်မူခဲ့၏၊ ဒုတိယ သံဂါယနာကို ဘုရားရှင် ပရိနိဗ္ဗာန် စံပြီးနောက် အနှစ်တရာ ရှိသောအခါ၊ ဝေသာလီပြည်တွင် ကျင်းပခဲ့သည်။ တတိယသံဂါယနာကို နာမည်ကျော် အာသောကမင်းကြီး လက်ထက် အရှင် မောဂ္ဂလိပုတ္တ တိဿမထေရ် ကြီးမှူး၍ ပါဋ္ဌလိပုတ္တပြည်၊ (ပဋ္ဌနာမြို့တွင်)တင်ခဲ့သည်၊ အဆိုပါ၊ ပထမ၊ ဒုတိယ၊ တတိယ၊ သံဂါယနာ တင်မှုများမှာ နှုတ်ထက် အက္ခရာဖြင့်သာ ရွတ်ဆိုတင်ကြခြင်း ဖြစ်သည်။ သီဟိုဠ်ကျွန်းတွင် ဝဋ္ဋဂါမဏိမင်း လက်ထက်၊ စတုတ္ထ သံဂါယနာ တင်တော့မှသာ ပေထက်အက္ခရာဖြင့်ရင်း၊ မြန်မာနိုင်ငံတွင် မင်းတုန်းမင်းကြီး လက်ထက် ပဉ္စမသံဂါယနာ တင်သည့်အခါ၊ ကျောက်

ထက် အက္ခရာဖြင့်ရှင်း၊ တင်တော်မူ ခဲ့ကြသည်။ ယခု မြန်မာ နိုင်ငံတွင် ကျင်းပသည့်ဆဋ္ဌသံဂါယနာတင်ပွဲမှာ၊ ပုံနှိပ်အက္ခရာ တင်ပွဲဖြစ်သည်။ ဆဋ္ဌသံဂါယနာတင်ပွဲကို မြန်မာနိုင်ငံ အစိုးရ ချီးမြှင့်ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံ မဟာထေရ် သံဃာတော် အရှင်မြတ်များက ဦးစီး ရှေ့ဆောင်ပြီးလျှင် ထေရဝါဒ ငါး နိုင်ငံတွင် ပါဝင်ကြသော သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား နှင့် လာအိုနိုင်ငံတို့မှ၊ သံဃာကိုယ်စားလည် မဟာထေရ် အရှင် မြတ်များပါ ပူးပေါင်း တင်ကြမည့် အမြတ်ဆုံး ပွဲမဟာကြီး ဖြစ်ပေသည်။

ထိုပွဲကြီးတွင် ဝေဠုဝန် ဆရာတော်သည်လည်း၊ ပဋိဘာဏက အဖြစ် ပါဝင် ဆောင်ရွက်ခဲ့ရသည်၊ ဘွဲ့အမည် ဦးပဏ္ဍိတ၊ သိက္ခာ ၄၃၊ အသက် ၆၃၊ ဂုဏ်ထူး ဘာဏကနှင့် ဝိနည်းဓိုရ် ဆရာတော် မင်းလှမြို့၊ ဝေဠုဝန်တိုက် သာယာဝတီ ခရိုင်၊ သီဂိုတိကာရက မထေရ် ဥတ္တရကျောင်းတော် အခမ်း ၃၆၊ ကမ္ဘာအေးတွင် သီတင်းသုံး၍ ဆောင်ရွက်တော်မူရသည်။

## ဗာရာဏသီ မိဂဒါဝုဏ်တွင် ဝါဆိုခြင်း

ဆရာတော်သည် ဆဋ္ဌသံဂါယနာတင်ရာတွင် တာဝန်ရှိသမျှ ကြေပွန်စွာ ဆောင်ရွက်ပြီးနောက် ၁၃၁၈-ခုနှစ်တွင် မဇ္ဈိမ ဒေသ အိန္ဒိယနိုင်ငံသို့ 'တတိယ အခေါက် ဘုရားဖူးကြွရောက် ပြန်သည်၊ ဘုရားရှင် ပွင့်တော်မူရာ ဗုဒ္ဓဂါယာ၊ မဟာဗောဓိ သာဝတ္ထိ၊ ရာဇဂြိုဟ်၊ ကုသိနာရုံ၊ သင်္ကဿ၊ ဒေလီ၊ ဆံချီ အလီလီသော ဗုဒ္ဓမြတ်စွာနှင့် စပ်ရာဌာနများသို့ လှည့်လည်၍

အစိုးရ ပထမလတ်တန်း အောင်(၂)ပါး

၁။ ဦးသုစိန္တဥာဏ (ပါဠိဘာသာ)
၂။ ဦးတေဇနိယ (ပါဠိဘာသာ)

အစိုးရ ပထမငယ်တန်းအောင်(၁)ပါး

၁။ ရှင်ကောဏ္ဍည

၁၃၃၃ ခုနှစ်၊ မင်းလှမြို့နယ် ဝိနယဓမ္မာနုဂ္ဂဟစာမေးပွဲ
အောင်စာရင်း

ပထမကြီးတန်း အောင်(၂)ပါး

၁။ ဦးသုစိန္တဥာဏ(ပထမ)*
၂။ ဦးတေဇနိယ(ဒုတိယ)

ပထမငယ်တန်း အောင်(၆)ပါး

၁။ ရှင်ကောဏ္ဍည(ပထမ)*
၂။ ရှင်ဝိစ္ဆာနန္ဒ(ဒုတိယ)
၃။ ရှင်ဥတ္တမ
၄။ ရှင်ဝိလာသ
၅။ ရှင်သုမန
၆။ ရှင်အဂ္ဂဥာဏ

မူလတန်း(အထက်)အောင် (၅)ပါး

၁။ ရှင်ပဏ္ဍိတ
၂။ ရှင်ဝိဇ္ဇောဘာသ
၃။ ရှင်ပညာသာမိ
၄။ ရှင်ဓမ္မနန္ဒ
၅။ ရှင်ကောသလ

မူလတန်း(အောက်)အောင်(၁)ပါး

၁။ ရှင်အဂ္ဂောဘာသ (ဒုတိယ)

★ ★ ★

၁၃၃၄ ခု၊ ဒုတိယနှစ်တွင် ပထမ စာချဆရာတော် ဦးပဏ္ဍိစံသ(ဓမ္မာစရိယ)ဒုတိယ စာချဆရာတော် ဦးဝဇီရ(ဓမ္မာစရိယ) နှင့် ဦးဣန္ဒာဝက္က (ဓမ္မာစရိယ)တို့ ဦးစီးရှေ့ဆောင်၍၊ သံဃာတော် (၃၀)ဖြင့် သင်ကြားသည်။

## ၁၃၃၄ ခုနှစ်အစိုးရအောင်စာရင်း

အစိုးရ စာချတန်း၊ နှစ်ကျမ်းအောင် (၁)ပါး

၁။ ဦးဣန္ဒာစက္က

ပထမလတ်တန်း အောင်(၁)ပါး

၁။ ရှင်တေဇိန္ဒ

ပထမငယ်တန်း အောင်(၂)ပါး

၁။ ရှင်ဝိဇ္ဇာနန္ဒ

၂။ ရှင်ကဝိန္ဒ

## ၁၃၃၄ ခုနှစ် မင်းလှမြို့နယ်ဝိနိယဓမ္မာနုဂ္ဂဟ စာမေးပွဲအောင်စာရင်း

ပထမကြီးတန်း အောင်(၁)ပါး

၁။ ရှင်ဣန္ဒာစာရ

ပထမလတ်တန်း အောင်(၄)ပါး

၁။ ရှင်ကောဏ္ဍည(ပထမ)*

၂။ ရှင်ဝိဇ္ဇာနန္ဒ

၃။ ရှင်ဝိလာသ

၄။ ရှင်ဣဒ္ဓိဗလ

ပထမငယ်တန်းအောင်(၄)ပါး

၁။ ရှင်ဓမ္မနန္ဒ(ပထမ)*

၂။ ရှင်ကဝိန္ဒ
၃။ ရှင်ဝိဇ္ဇောဘာသ
၄။ ရှင်ကေသရ

မူလတန်း(အထက်)အောင်(၄)ပါး

၁။ ရှင်ကုန္ဒောဘာသ(ပထမ)*
၂။ ရှင်ဝိမလ
၃။ ရှင်စန္ဒာသိရိ
၄။ ရှင်သောဘန

မူလတန်း (အောက်) အောင်(၃)ပါး

၁။ ရှင်စန္ဒာဝရ(ပထမ)*
၂။ ရှင်ညာဏိန္ဒ
၃။ ရှင်စန္ဒိမာ

★ ★ ★

၁၃၃၅-ခု၊ တတိယနှစ်တွင် ပထမ စာချဆရာတော် ဦးပဏ္ဍဝံသ(ဓမ္မာစရိယ)၊ ဒုတိယ စာချဆရာတော် ဦးကုန္ဒာစက္က(ဓမ္မာစရိယ)နှင့် ဦးဝံသပါလ(ဓမ္မာစရိယ)တို့ ဦးစီး၍ သံဃာတော် ၃၀ ဖြင့် စာပေ ပို့ချ သင်ကြားသည်။

ရုရှားနိုင်ငံတို့ကို အသွားအပြန် ဖြတ်သန်းသွားရသည် ဖြစ်၍၊ လမ်းခရီးတွင် တရုပ်ပြည်မှ ဗုဒ္ဓဘာသာ ဆရာတော်များ၊ ဘာသာရေးခေါင်းဆောင်များ ရုရှပြည်မှ ဗုဒ္ဓဘာသာဆရာတော်များ၊ ဘာသာရေးခေါင်းဆောင်များနှင့် ဘာသာရေး သာသနာရေးကိစ္စများကို ဆွေးနွေးခဲ့ကြရသည်။ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်ကြီးတွင်လည်း မိမိ၏ ဆန္ဒဖြစ်သော သတ္တဝါများ ကျမ်းမာချမ်းသာစေကြောင်း၊ မေတ္တာ ဘာဝနာတော်ကို ထုတ်ဖော်ခဲ့ရလေသည်။

## စွယ်တော်တိုက်ကို အပြီးသတ် တည်ဆောက်ခြင်း

ဆရာတော်သည် ၁၂၇၉-ခုနှစ်မှစ၍ သီဟိုဠ်မှ ပင့်ဆောင်လာသော စွယ်တော်မြတ် ကြိမ်းဝပ်ရန်အတွက် စွယ်ကော်တိုက် တည်ဆောက်ရန် ကြိုးပမ်းရပြန်သည်။

စွယ်တော်တိုက်ကို မင်းလှမြို့၊ ကြို့ကုန်း ဆရာတော်ကြီး ကိုယ်တိုင် ဦးစီးဥက္ကဋ္ဌပြု၍ ဒါယကာများ ပါဝင်သော ဓါတုဝေယျာဝစ္စအသင်းကြီးက ၁၂၈၁-ခုနှစ်တွင် အုတ်မြစ်ချသည်၊ အမြင့် ၄-ပေခန့်အထိ အုတ်ခုံသာ ပြီးမြောက်သည်၊ စစ်အတွင်း ဆက်လက် မဆောင်ရွက်နိုင်ဘဲ ရပ်ထားလိုက်ရသည်။ လွတ်လပ်ရေးခေတ် ၁၃၂၀-ပြည့်နှစ်သို့ ရောက်မှသာ စွယ်တော်တိုက်ကို အပြီး တည်ဆောက်နိုင်သည်၊ စွယ်တော်တိုက်မှာ သီဟိုဠ်ကျွန်းရှိ လေးဆူဓါတ်ပုံထူပါရုံပုံတော်အတိုင်း ဇေယျာသိဒ္ဓိ သိမ်တော်ကို ငုံ၍၊ သိမ်တော်ပေါ်တွင် ပုထိုးတော်အဖြစ် ရှစ်မျက်နှာ

ဖွင့်၍ တည်ထားခြင်း ဖြစ်သည်၊ ပုထိုးတော်၏ စိန်ဖူးတော်ကို ၁၃၂၅-ခုနှစ်တွင် ကြီးကျယ် ခန်းနားစွာ ကပ်လှူလေသည် ( အပြည့်အစုံကို စွယ်တော်သမိုင်းတွင် ရှုပါ )

## ဝေ ဠု ဝန် ကျောင်းတိုက်အား လွှဲအပ်လှူဒါန်းတော်မူခြင်း

ဆရာတော်ကြီးမှာ ဝါတော် ၆၀၊ သက်တော် ၈၀-ရွယ်သို့ ရောက်သည့်တိုင် ရုံခါရုံခါ သွေးတိုးရောဂါ အနည်းငယ်မျှ ပေါ်လာတတ်သည်မှတပါး ကျန်းမာခြင်းနှင့်ပြည့်စုံလှပေသည်၊ ပဋိယတ္တိ ပဋိပတ္တိ ပိဋိဝေဓ တည်းဟူသော သာသနာသုံးရပ်တွင် ပဌမအရွယ်၌ ပိဋကတ်သုံးပုံ တည်းဟူသော ပရိယတ္တိစာပေကို ကိုယ်တိုင် သင်အံ့ကြိုးကုတ်အားထုတ်ခဲ့သည်။ ဒုတိယအရွယ်တွင် စာသင်သား ရဟန်းငယ် ရှင်ငယ်များအား ပရိယတ္တိစာပေကို ပို့ချ၍ သာသနာပြုခဲ့သည်။ ထိုသို့ သာသနာပြုရင်း တဖက်တွင် အချိန်ရသလောက် ပဋိပတ္တိ တည်းဟူသော ကမ္မဋ္ဌာန်း ဘာဝနာ အားထုတ်ခြင်းများကို ပြုတော်မူခဲ့သည်။ ဘုရားသခင်၏ ဓါတ်တော် မွေတော်များ ကိန်းဝပ်ရာ အရပ်ရပ်သို့ လှည့်လည်၍ ဘုရားဖူးခြင်း၊ ဗုဒ္ဓ သမိုင်းကို လေ့လာခြင်း၊ ကိုယ်တိုင် အမြဲ မပြတ် ဆီးကပ်ကိုးကွယ်ရန်အတွက် ဓါတ်တော် မွေတော်များ၊ ဆင်းတုတော်များ စုံဆောင်းခြင်းတို့ကို ပြုခဲ့သည်။ တတိယအရွယ်တွင် ဝါတော်မြင့်၍ သက်တော်များ ရင့်လာသည့်အခါ၊ ဒေသဆိုင်ရာ ကျောင်းထိုင်ဆရာတော်များ အဖွဲ့ ဝိနည်းဓိုရ်အဖွဲ့၊ ရွှေကျင်နိကာယ မင်းလှမြို့နယ်လုံးဆိုင်ရာ

ဥက္ကဋ္ဌ၊ ရွှေကျင်နိကာယ၊ သာသနာ၀တီခရိုင်လုံးဆိုင်ရာ၊ စာပြန်ပွဲအဖွဲ့ဥက္ကဋ္ဌ၊ ရွှေကျင်နိကာယ သရက်၊ သာသနာ၀တီ၊ ပြည်၊ သုံးခရိုင်စာပြန်ပွဲအဖွဲ့ ဥက္ကဋ္ဌ စသော သံဃာ့ဆိုင်ရာအဖွဲ့အစည်း အမျိုးမျိုးတွင် ကိုယ်တိုင် ခေါင်းဆောင်၍ ပါဝင်နေရသည်၊ အရွယ်တော်ရင့်၍ ဇရာဒုဗ္ဗလသို့ ကျရောက် လာသည့် အခါ၊ သာသနာ့ပလိဗောဓ ကြောင့်ကြမှု အရပ်ရပ်ကို သိမ်းဆည်း၍ ပဋိပတ္တိ တည်းဟူသော ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်မှုကိုသာ အချိန်ရသရွေ့ ကျင့်သုံးလိုသည်၊ ပဋိယတ္တိ ပဋိပတ္တိ ပဋိဝေဓ သာသနာသုံးရပ်ကို တထပ်တည်း ရရှိရန် ဆန္ဒ ပြင်းပြတော်မူလေသည်၊ ကိုယ်တိုင် တည်ထောင်ခဲ့သော ဝေဠုဝန် ကျောင်းမြေ၊ ကျောင်း အဆောက်အဦနှင့် ပရိဘောဂ အရပ်ရပ်ကို အမှီပြု၍ မူလချခဲ့သော ပဋိယတ္တိ အုတ် မြစ် ကို ဆက်လက် အကောင်အထည် ဖော်နိုင်မည့် သာသနာ့ အာဇာနည် ပုဂ္ဂိုလ် ထူးကို အလိုရှိတော်မူခဲ့သည်။ ရရှိပါက၊ ထိုပုဂ္ဂိုလ်အား အပြီး အပိုင်လွှဲအပ်၍ စာသင်တိုက် တည်ထောင်စေကာ မိမိကိုယ်တိုင် မှာမူ ပဋိပတ္တိနှင့် ပဋိဝေဓ ထိုနှစ်ရပ်သာ သုံးသပ် အားထုတ် တော်မူလိုသည်၊ ထိုအကြံတော်မှာ ၁၃၃၃-ခုနှစ်တွင် ထမြောက် အောင်မြင်တော် မူခဲ့လေသည်။

၁၃၃၃-ခုနှစ် တပေါင်းလတွင် မြောင်းမြမြို့၊ ပါဠိတက္ကသိုလ် ပဋ္ဌာနတာရုံတိုက်၊ ဒုတိယနာယက ဓမ္မာစရိယ ဦးကုဏ္ဍလအား လေးကောခန့်ရှိ မြေ၊ ကျောင်းအခြံအရံ၊ ဂရုဘဏ်၊ လဟုဘဏ်၊ ပစ္စည်းနှင့်တကွ၊ အာရာမိက သံဃိကအဖြစ် လှူဒါန်းသည့်

အပြင် လမ်း၏အရှေ့ဘက်မြေကို မြတ်စွာဘုရားအား ဗုဒ္ဓါရာမိက အဖြစ် လှူဒါန်းလိုက်လေသည်။

## ဝေဠုဝန် စာသင်တိုက်သစ် ဖွင့်လှစ်ခြင်း

ဝေဠုဝန်ဆရာတော်၏ဆန္ဒအတိုင်း၊ ဓမ္မာစရိယ ဆရာတော် ဦးကုဏ္ဍလသည် ကျောင်းမြေ၊ ကျောင်းအရုံ၊ ကျောင်းအဆောင် အဦးနှင့် ဂရုဘဏ်၊ လဟုဘဏ် ပစ္စည်း အရပ်ရပ်ကို လက်ခံ၍ ၁၃၃၃-ခု၊ နယုန်လမှ စ၍ စာသင်တိုက်ကို ဖွင့်လှစ်လေသည်။

★ ★ ★

၁၃၃၃-ခု၊ ပဉ္စမနှစ်တွင် ပထမစာချဆရာတော် ဦးပုဏ္ဏစံသ (ဓမ္မာစရိယ)ဒုတိယ စာချ ဆရာတော်၊ ဦးတေဇိန္ဒ(ဓမ္မာစရိယ ပါဠိပါရဂူ)၊ ဦးစီးရှေ့ဆောင်၍ သံဃာတော် ၂၀ ဖြင့် စတင် သင်ကြားသည်။

ဝါဆိုသံဃာ ၂၀၊ စာအောင် သံဃာ ၁၆ ပါး ဖြစ်သည်။

## ၁၃၃၃ ခုနှစ်၊ အစိုးရအောင်စာရင်း

အစိုးရ ဝိနယ ပါဠိပါရဂူအောင် (၁)ပါး

၁။ ဦးတေဇိန္ဒ

## ၁၃၃၅-ခုနှစ် အစိုးရ အောင်စာရင်း

အစိုးရ စာချတန်း ၃-ကျမ်းအောင်(၁)ပါး

၁။ ဦးကုန္ဒာစက္က

အစိုးရစာချတန်း ၂-ကျမ်းအောင်(၁)ပါး

၁။ ဦးဝံသပါလ

ပထမငယ်တန်း အောင်(၁)ပါး

၁။ ရှင်ဓမ္မနန္ဒ

## ၁၃၃၅ ခုနှစ် မင်းလှမြို့ ဝိနယဓမ္မာနုဂ္ဂဟ စာမေးပွဲ အောင်စာရင်း

ပထမကြီးတန်းအောင် (၃)ပါး

၁။ ဦးညာဏောဘာသ(ပထမ)*
၂။ ရှင်ကောဏ္ဍည
၃။ ရှင်ဝိဇ္ဇာနန္ဒ

ပထမလတ်တန်းအောင်(၂)ပါး

၁။ ရှင်ဓမ္မနန္ဒ(ပထမ)*
၂။ ရှင်သုမန

ပထမငယ်တန်းအောင်(၃)ပါး

၁။ ရှင်စန္ဒာသီရိ(ပထမ)*
၂။ ရှင်ပညိန္ဒ
၃။ ရှင်ပညာသာမိ

မူလတန်း(အထက်)အောင် (၂)ပါး

၁။ ရှင်ညာဏိန္ဒ(ပထမ)*
၂၊ ရှင်စန္ဒောဘာသ

မူလတန်း(အောက်)အောင် (၅)ပါး

၁။ ရှင်ဝေပုလ္လ
၂။ ရှင်ဥက္ကံသ
၃။ ရှင်ဣဿရိယ
၄။ ရှင်သောမ
၅။ ရှင်ဝိဇ္ဇာဘာသ

★ ★ ★

၁၃၃၆-ခု၊ စတုတ္ထနှစ်တွင် ကျောင်းထိုင် ပထမစာချ ဆရာတော် ဦးကုဏ္ဍလ(ဓမ္မာစရိယ)၊ ဒုတိယ ဦးဣန္ဒာစက္က(ဓမ္မာစရိယ) ဦးဝံသပါလ(ဓမ္မာစရိယ)တို့ ဦးစီးရှေ့ဆောင်၍ သံဃာ(၃၆) ပါးတို့ဖြင့် သင်ကြားသည်။

## ၁၃၃၆ ခုနှစ် အစိုးရ အောင်စာရင်း

အစိုးရ ပထမငယ်တန်း အောင်(၅)ပါး

(၁) ဦးကာဝိသာရ
(၂) ဦးပညိန္ဒစာရ
(၃) ရှင်ပညာသာမိ
(၄) ရှင်စန္ဒာသီရိ
(၅) ရှင်ညာဏိန္ဒ

## ၁၃၃၆ခုနှစ်၊ မင်းလှမြို့ ဝိနယဓမ္မာ နဂ္ဂဟာစာမေးပွဲ အောင်စာရင်း

ပထမကြီးတန်း (၁) ပါး

၁။ ရှင်ဓမ္မနန္ဒ(ပထမ)*

ပထမလတ်တန်း(၁)ပါး

၁။ ရှင်စန္ဒာသီရိ(ပထမ)*

ပထမငယ်တန်း(၂) ပါး

၁။ ရှင်ညာဏိန္ဒ (ပထမ)*
၂။ ရှင်စန္ဒောဘာသ

မူလဘာန်း(အထက်) (၇)ပါး

၁။ ဣဿရိယ
၂။ ရှင်ဝိသုဒ္ဓ
၃။ ရှင်ကာဝိဓဇ
၄။ ရှင်နန္ဒိယ
၅။ ရှင်ဝိမလ
၆။ ရှင်နန္ဒာသိရိ
၇။ ရှင်သုဇာဘ

မူလဘာန်း(အောက်)(၂)ပါး

၁။ ရှင်ဝါယမ
၂။ ရှင်ပညာစက္က

မှတ်ချက်။ ။

* ဤအမှတ်များသည် သက်ဆိုင်ရာအတန်းများတွင် ပထမ ရကြ၍ ပဓာနပင် အထူးဆုများ ချီးမြှင့် လှူဒါန်းခြင်း ခံကြရသည်။

## ဆရာတော်ကြီး၏ ကျေးဇူးဂုဏ် အရပ်ရပ်နှင့် ဆရာတော်ကြီး၏ဆန္ဒ

ဆရာတော်ကြီးသည် ငယ်ရွယ်စဉ် ရဟန်းပျိဘဝမှ ယနေ့တိုင် သတ္တဝါများကို အစဉ်သနား၍ မေတ္တာ ဘာဝနာများ နေ့ည

မပြတ် ပွါးများလျက်ရှိသည်၊ ဝါတွင်း သုံးလတိုင်း၊ သုံးလတိုင်း သက်သတ်လွတ် ဆွမ်း ဘုဉ်းပေးသည်၊ ကုန်းသတ္တဝါ အသားကို သီဟိုဠ် နေစဉ် ၆-ဝါကပင် လုံးဝ ရှောင်ရှားခဲ့သည်၊ ရန်ဖန် ရန်ခါ တောထွက်၍ တရားအားထုတ်ခြင်း၊ ကျောင်းအရံတွင်း တွင်ပင် ရက် လ ကန့်သတ်၍ မည်သူ့အားမျှ စကားမပြောဘဲ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော ကံသုံးပါး လုံခြုံ အောင် စောင့်ထိန်း၍ ကမ္မဋ္ဌာန်း တရားအားထုတ်ခြင်းတို့ဖြင့် ပဋိပတ္တိနှင့် ပဋိဝေဓ အရသာကို ခံယူခဲ့သည်၊ ခမည်းတော် မယ်တော်နှင့် ရဟန်းအမ မယ်တော်ကြီးတို့၏ကျေးဇူးကို လောကုတ္တရာ နည်းလမ်းမျိုးစုံဖြင့် ကွယ်လွန် အနိစ္စ ရောက်ကြကုန် သည်အထိ ဆပ်ခဲ့သည်။ ဆွေမျိုး ညာတကာ တပည့် တပန်း များစွာနှင့် ဒါယိကာ ဒါယကာမများ၏ အကျိုးတို့ကိုလည်း၊ ဝိနည်းတော်နှင့် မဆန့်ကျင်စေဘဲ သာသနာ့ဘောင် အတွင်းမှ ဆောင်ကျဉ်း အားပေးတော်မူခဲ့သည်။

ယခုနောက်ဆုံးအရွယ်ရောက်သည့်တိုင် ဗုဒ္ဓမြတ်စွာ သာသနာ တော်ကြီး အဓွန့် ရှည်စွာ ကမ္ဘာ တည်စေရန် ကြီးစွာသော ရည်ရွယ်ချက်ဖြင့် သာသနာ့ အရင်းအမြစ် အခြေခံ လုပ်ငန်း ဖြစ်သော၊ ပဋိယတ္တိ သင်ကြားမှုနှင့် သံဃာအဖွဲ့အစည်း၊ သံဃာ အဖွဲ့ အစည်းနှင့် ပဋိယတ္တိ၊ နှစ်ထွေနှစ်ရပ်ကို တွဲစပ်ကာ၊ စာသင် တိုက် မပြစ်မနေ ထပ်မံ တည်ဆောက်ခဲ့လေသည်။

ဆရာတော်ကြီးသည် ဝန်လေးလှသော ခန္ဓာနာမ်ရုပ် မချုပ် သိမ်းသေးမီ၊ မိမိ၏ ခန္ဓာနာမ်ရုပ် ပေါ်ပါးရေးထက်၊ ကျန်ရစ်

သူ မိမိအား ကြည်ညိုသူ တပည့်တပန်း ဒါယကာ ဒါယကာမ များအား ၄ ချက်ထောက်ညွှန်ကာ။

(၁) ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ တည်းဟူသော ရတနာသုံးပါး ဂုဏ်ကို ယုံယုံကြည်ကြည်နှင့် အမြဲတန်း ကိုးကွယ်ဆီးကပ်ကြရန်။

(၂) ရွှေတောင်မြို့၊ ကျီးသဲလေးထပ် ဆရာတော်၏ ပကိဏ္ဏက၊ နမက္ကာရ၊ အစိန္တေယျကြီးတွင် ပါသော အစိန္တေယျ အပ္ပမေယျ၊ သေဋ္ဌ၊ ဇေဋ္ဌ၊အတုလ ပရမံ၊ အရဟံ ဘဂဝါ၊ သမ္မာသမ္ဗုဒ္ဓ အနုတ္တရ ပါရဇိ တိလောကန္တဂူ သယမ္ဘူ ဘဝိဿရ၊ ဣဿိုစသား၊ အသင်္ချေယျ နာမတံဆိပ် ဂုဏ်ဝိသိဋ္ဌဖြင့်၊ ဇမ္ဗူဒိပ်မှ တက်၍ ဘဝဂ်တိုင် ကျော်ငြာလျက်၊ ကာမရူပ၊ အရူပဟူသြကာသ သုံးရပ် လောကဓါတ်၌၊ အမြတ်ထက် အမြတ်၊ သမိုက်အပ်သော လူနတ်ဗြဟ္မာ မဟာကဝိန်၊ သုခမိန်တို့သည်၊ ပညိန္ဒြေ ရှိတိုင်းဖြင့် ခြားပိုင်း တွက်ကျုး၍၊ မဆုံးမကုန်နိုင်၊ မကြုံစည်နိုင် မအံ့သြနိုင်၊ ပြည့်လှိုင် ထွေပြား၊ များပြား ကျယ်ဝန်းသော ကျေးဇူးတော်အပုံ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော် မူထသော ဘုရားသခင်၏ ဂုဏ်တော်မြတ်တို့ကို အာရုံပြု ဦးခိုက်၍၊ ဆရာတော်ကြီး စုဆောင်း၍ အမြဲအစဉ် ကိုးကွယ်ဆည်းကပ်ခဲ့သော စွယ်တော်မြတ်နှင့်တကွ၊ ဓါတ်တော် မွေတော်များ၊ ဘုရားသခင်၏ ကိုယ်စား ရုပ်ပွားတော်များ၊ ဘုရားသခင်၏ သားတော် ရဟန္တာ အရှင်မြတ်တို့၏ဓါတ်တော်များ အပါအဝင်ကိန်းဝပ်ရာ ဂန္ဓကုဋီမြတ် စွယ်တော်တိုက် အောင်စကြာ စေတီတော်ကိုပါ ပြုစု ယုယ ထိန်းသိမ်း ကြ၍၊ အမြဲမပြတ် ဆီးကပ် ကိုးကွယ်ကြရန်။

(၃) ဘုရားရှင်၏ သာသနာ့အခြေခံ ဆရာတော် စိုက်ထူခဲ့

သော ဝေဠုဝန် ပဋိယတ္တိ စာသင်တိုက်ကြီးကို တနေ့တခြား၊ ဆပွားတက်ထိုး၊ဖွင့်ဖြိုး ခိုင်မာစေ၍၊သာသနာ့ဝန်ဆောင်၊ သံဃာတော် အရှင်ကောင်း အရှင်မြတ်များ ပေါက်ဖွား ပေါ်ပေါက်လာစေရန်အတွက် ဝေယျာဝစ္စကို မမေ့မလျော့ အားပေးချီးမြှောက်ကြရန်။

(၄) ဒါန၊ သီလ၊ ဘာဝနာတွင်၊ ဝဋ္ဋဒါန၊ ဝဋ္ဋသီလ၊ ဝဋ္ဋဘာဝနာမှ၊ ဝိဝဋ္ဋဒါန၊ ဝိဝဋ္ဋသီလ၊ ဝိဝဋ္ဋဘာဝနာသို့ ရောက်အောင် ကျင့်ကြံအားထုတ်ကြရန် သီလ၊ သမာဓိ၊ ပညာ စခမ်းတွင် အဓိသီလ၊ အဓိသမာဓိ၊ အဓိပညာ တက်၍၊ မဂ္ဂင်ရှစ်ပါး သစ္စာလေးပါး မြတ်တရားကို၊ သိပယ်ဆိုက်ပွား အာရုံထား၍ သံသရာဝဋ်မှ လွတ်မြောက်အောင် အားထုတ်ကြရန်။

(၅) ဆရာတော် ပြန်လွန်တော်မူပါက၊ တပည့် တကာ၊ တကာမများက၊ ဆရာတော်၏ ခန္ဓာ ရုပ်အလောင်းကို ဘာမျှဇာခြွဲ၍မလုပ်ရ၊ ယနေ့ ပြန်တော်မူ၊ ယနေ့ မီးသဂြိုဟ်ကြရန်၊ အကြိမ်ကြိမ်သတိပေး မှာကြားတော်မူသည်။

တပည့်ဒါယကာ၊ ဒါယကာမများကလည်း ဆရာတော်၏ ဆန္ဒ ဆရာတော်၏ မိန့်မှာတော်မူချက်များအတိုင်း၊ ဆရာတော် အရှင်သူမြတ်၏ ထားရှိရင်း၊ စေတနာ၊ မေတ္တာ၊ ဂရုဏာ၊ ဂုဏ်ခြင်းရာများကို၊ လေးစားကြည်ညိုစွာဖြင့်-

"ဘုရားရှင်နှင့် ဝေဠုဝန်ဆရာတော်ဘုရားကြီးတို့၏ သဘောတော်ကျ အလိုဆန္ဒများနှင့် ညီညွတ်ရလေအောင် လိုက်နာ ဆောင်ရွက်မည် ဖြစ်ပါကြောင်း" ဂထိကောင်း ဂတိမြတ်ကို ပေးအပ်ပူဇော်ကြပါစေသတည်း။ ။

# နိဂုံး ဆု တောင်း

ဤကျမ်းပြုညား၊ ကုသိုလ်အားကြောင့်၊ တိဟိတ် ဥက္ကဋ်၊ ယောကျ်ားမြတ် စင်စစ်၊ ဆက်တိုင်းဖြစ်လျက်၊ လေးချက်၊ ပဋိ သမ္ဘိဒါဉာဏ်၊ ခြောက်တန်အဘိဉာဏ်၊ ရှစ်ခွင်၊ သမာပတ်၊ ပြည့် စုံလတ်၍၊ ပိဋကတ်သုံးပုံ၊ ကျမ်းလုံးစုံကို၊ အာဂုံဆောင်ခါ၊ ခိပ္ပါဘိညာ၊ ပကတိ-သာဝက. အဖြစ်မျိုး၊ မုချကေန်၊ အမှန် ရောက်ရပါလို၏။ ။